# မြဝတီ နေ့စဉ်

အချိန်မီဖြန့်ချိ သတင်းစုံသည် မြဝတီ

www.myawady.net.mm
E-mail:mwddailynewspapergroup@gmail.com

အတွဲ(၁၅)၊ အမှတ်(၁၈)

၁၃၈၇ ခုနှစ်၊ ကဆုန်လဆန်း ၁၀ ရက်
၂၀၂၅ ခုနှစ်၊ မေ ၆ ရက်၊ အင်္ဂါနေ့


**မြတ်ဗုဒ္ဓ၏အဆုံးအမတရား**

တစ်ခဲနက်ဖြစ်သော ကျောက်တောင်သည် အရပ်လေးမျက်နှာမှ လာသောလေကြောင့် မတုန်မလှုပ်သကဲ့သို့ ပညာရှိတို့သည် ကဲ့ရဲ့ခြင်း၊ ချီးမွမ်းခြင်းတို့ကြောင့် မတုန်လှုပ်ကုန်။

ဓမ္မပဒ

**ဒို့တာဝန်အရေးသုံးပါး**

- ♦ ပြည်ထောင်စုမပြိုကွဲရေး။
- ♦ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- ♦ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များတည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့်ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေးဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ရုရှားဖက်ဒရေးရှင်းနိုင်ငံသမ္မတ မစ္စတာ ဗလာဒီမာပူတင်၏ ဖိတ်ကြားချက်အရ ရုရှားဖက်ဒရေးရှင်းနိုင်ငံသို့ ချစ်ကြည်ရေးခရီးသွားရောက်မည်

**နေပြည်တော် မေ ၅**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် ရုရှားဖက်ဒရေးရှင်းနိုင်ငံသမ္မတ မစ္စတာ ဗလာဒီမာပူတင်၏ ဖိတ်ကြားချက်အရ ရုရှားဖက်ဒရေးရှင်းနိုင်ငံ၊ မော်စကိုမြို့တွင်ကျင်းပပြုလုပ်မည့် ၁၉၄၁-၁၉၄၅ မဟာမျိုးချစ်စစ်ပွဲကြီးအောင်ပွဲ နှစ်(၈၀)ပြည့် အထိမ်းအမှတ်အခမ်းအနားသို့ တက်ရောက်ရန်အတွက် မကြာမီရက်ပိုင်းအတွင်း ရုရှားဖက်ဒရေးရှင်းနိုင်ငံသို့ ချစ်ကြည်ရေးခရီးသွားရောက်မည်ဖြစ်သည်။

ခရီးစဉ်အတွင်း နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်သည် ၁၉၄၁-၁၉၄၅ မဟာမျိုးချစ်စစ်ပွဲကြီးအောင်ပွဲ နှစ်(၈၀)ပြည့်အထိမ်းအမှတ်အခမ်းအနားနှင့် ဆက်စပ်အခမ်းအနားများသို့တက်ရောက်ခြင်း၊ အခမ်းအနားသို့တက်ရောက်လာကြသည့်နိုင်ငံ့ခေါင်းဆောင်များနှင့် သီးခြားတွေ့ဆုံဆွေးနွေးခြင်းများကို ဆောင်ရွက်သွားမည်ဖြစ်ပြီး ချစ်ကြည်ရေးခရီးစဉ်အတွင်း နှစ်နိုင်ငံအစိုးရနှင့်ပြည်သူများအကြား ချစ်ကြည်ရေး၊ စီးပွားရေး၊ လုံခြုံရေးဆိုင်ရာများနှင့် ကဏ္ဍပေါင်းစုံတွင် မဟာဗျူဟာမြောက် ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာကိစ္စရပ်များ ပိုမိုတိုးတက်ခိုင်မာအောင် ဆောင်ရွက်သွားမည်ဖြစ်သည်။

အလားတူ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ဇနီး ဒေါ်ကြူကြူလှ သည်လည်း ရုရှားဖက်ဒရေးရှင်းနိုင်ငံဖက်ဒရယ်ကောင်စီ လွှတ်တော်ဥက္ကဋ္ဌ Mrs. Valentina Matvienko ၏ဖိတ်ကြားချက်အရ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အတူ တစ်ပါတည်းသွားရောက်မည်ဖြစ်ပြီး ခရီးစဉ်အတွင်း ဖက်ဒရယ်ကောင်စီလွှတ်တော်ဥက္ကဋ္ဌနှင့် တွေ့ဆုံဆွေးနွေးမှုဆောင်ရွက်သွားမည်ဖြစ်သည်။

အဆိုပါချစ်ကြည်ရေးခရီးစဉ်တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များ၊ အစိုးရအဖွဲ့ဝင်ဝန်ကြီးများနှင့် အဆင့်မြင့်အရာရှိကြီးများ လိုက်ပါသွားမည်ဖြစ်ကြောင်းသိရှိရသည်။ (၁၀၀)

## မြန်မာနိုင်ငံသင်္ဘောများမှတ်ပုံတင်ခြင်းအက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေ (၂၀၂၅)ပြဋ္ဌာန်း

စာ - ၃ သို့

# နိုင်ငံတော်ကာကွယ်ရေးနှင့်လုံခြုံရေး တာဝန်များကို စွမ်းစွမ်းတမံတာဝန် ထမ်းဆောင်ကြမည့် နိုင်ငံ့သားကောင်းများ၏ ပြည်သူ့စစ်မှုထမ်းသင်တန်း အမှတ်စဉ်(၁၀) သင်တန်းဆင်းပွဲများကျင်းပပြုလုပ်


**နေပြည်တော် မေ ၅**

နိုင်ငံသားတိုင်းသည် ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေးနှင့် အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးဟူသည့် ဒို့တာဝန်အရေးသုံးပါးကို စောင့်ထိန်းရန်တာဝန်ရှိသဖြင့် ယင်းတာဝန်များကိုထမ်းဆောင်နိုင်ရန်အတွက် နိုင်ငံသားတိုင်း စစ်ပညာသင်ကြားရန်နှင့်

စာမျက်နှာ ၁၆ ကော်လံ ၁ ❐



တြိဂံဒေသတိုင်းစစ်ဌာနချုပ် နယ်မြေခံသင်တန်းကျောင်းတွင် ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ် (၁၀) သင်တန်းဆင်းပွဲကျင်းပစဉ်။

## အယ်ဒီတာ့အာဘော်

(၂၀၂၅ ခုနှစ်၊ မေ ၆ ရက်)

# လုပ်သားတန်ဖိုးချစ်မြတ်နိုး၍ နိုင်ငံ့အကျိုးပိုမိုသယ်ပိုး

မြန်မာနိုင်ငံသည် ဖွံ့ဖြိုးဆဲနိုင်ငံအဖြစ်မှ ရှေ့သို့တက်လှမ်းနိုင်ရေးအတွက် လူ့သားအရင်းအမြစ်များကို စနစ်တကျပြုစုပျိုးထောင်လျက်ရှိသည်။ ပညာသင်ကြားရမည့်အရွယ်တွင် ကျောင်းသား၊ ကျောင်းသူများအား ဘက်စုံပညာရေးစနစ်ကျင့်သုံးကာ ဗလငါးတန်ပြည့်ဝသောလူငယ်များဖြစ်လာစေရေးကို ဆောင်ရွက်ပေးလျက်ရှိသည်။ ထို့အတူ ကျောင်းသား၊ ကျောင်းသူအရွယ်လွန်မြောက်၍ လုပ်ငန်းခွင်အသီးသီးဝင်ရောက်သည့်အရွယ်များအတွက် အရည်အချင်းပြည့်ဝသောအလုပ်သမားများဖြစ်ပေါ်လာစေရေးကို ဦးတည်ဆောင်ရွက်လျက်ရှိသည်။ နိုင်ငံတော်ကအားကိုးရသောလုပ်သားကောင်းများပေါ်ထွန်းအောင် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

အလုပ်သမားဝန်ကြီးဌာနအနေဖြင့် အရည်အချင်းပြည့်ဝသော လုပ်သားအင်အားထုဖွံ့ဖြိုးတိုးတက်လာစေရေးနှင့် အလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုဖန်တီးပေးနိုင်ရေးတို့အတွက် အစိုးရ၊ အလုပ်ရှင်၊ အလုပ်သမား သုံးပွင့်ဆိုင် ဆက်ဆံရေးကောင်းမွန်ခြင်းဖြင့် တည်ငြိမ်အေးချမ်းသည့် လုပ်ငန်းခွင်များဖြစ်ပေါ်စေရေး၊ အလုပ်သမားဥပဒေပါအကျိုးခံစားခွင့်များရရှိစေရန် စည်းကြပ်ဆောင်ရွက်ရေး၊ လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေး၊ လုပ်ငန်းခွင်မတော်တဆထိခိုက်မှုနှင့် လုပ်ငန်းခွင်ရောဂါရရှိခံစားမှုလျော့နည်းကျဆင်းရေး၊ ပြည်တွင်း၊ ပြည်ပတို့၌ သင့်လျော်ကောင်းမွန်သည့် အလုပ်အကိုင်ရရှိစေရေးနှင့် ဘေးကင်းသည့် ရွှေ့ပြောင်းသွားလာမှုဖြစ်ပေါ်စေရေး၊ လုပ်သားထု၏ ယှဉ်ပြိုင်နိုင်စွမ်းကိုမြှင့်တင်ပေးရန် လုပ်ငန်းခွင်ကျွမ်းကျင်မှုလေ့ကျင့်သင်ကြားပေးရေး၊ လူမှုဖူလုံရေးစီမံကိန်းကို အကောင်အထည်ဖော်ဆောင်ရွက်ရေးတို့ကို အလေးထားဆောင်ရွက်ပေးလျက်ရှိသည်။

ထို့ပြင် အလုပ်သမားရေးရာအငြင်းပွားမှုများကို သက်ဆိုင်ရာဥပဒေနှင့်အညီ ညှိနှိုင်းဖျန်ဖြေဆောင်ရွက်ပေးရေး၊ အလုပ်သမားရေးရာသုတေသနလုပ်ငန်းများဆောင်ရွက်ရေးနှင့် အလုပ်သမားဈေးကွက်ဆိုင်ရာသတင်းအချက်အလက်များစုဆောင်းပြုစုရေး၊ အပြည်ပြည်ဆိုင်ရာနှင့်ဒေသဆိုင်ရာအလုပ်သမားရေးရာကိစ္စရပ်များတွင် ပူးပေါင်းဆောင်ရွက်ရေးနှင့် အလုပ်လုပ်နိုင်သော အသက်အရွယ်အပိုင်းအခြားအတွင်းရှိသူများကို ၎င်းတို့၏အရည်အချင်းကျွမ်းကျင်မှုတို့နှင့်အညီ အလုပ်ရှင်၏လိုအပ်ချက်နှင့် သင့်လျော်သည့်အလုပ်အကိုင်များရရှိစေရေးအတွက် အလေးထားဆောင်ရွက်လျက်ရှိသည်။

ထိုသို့ဆောင်ရွက်ချက်များအား ပြည်သူများပိုမိုသိရှိနားလည်စေရန်အတွက် အလုပ်အကိုင်အခွင့်အလမ်းပြပွဲများကိုကျင်းပလျက်ရှိသည်။ ထိုသို့ဆောင်ရွက်ပေးခြင်းဖြင့် အလုပ်ရှာဖွေသူများနှင့်အလုပ်ရှင်များကို တစ်နေရာတည်း၌တွေ့ဆုံနိုင်သည်။ အချိန်ကုန်၊ ငွေကုန်သက်သာစွာနှင့် One Stop Service ဖြင့် အလုပ်အကိုင်များရရှိရေးကိုသိရှိနိုင်သည်။ အဆိုပါပြပွဲတွင် စက်ရုံ၊ အလုပ်ရုံနှင့် ကုမ္ပဏီများ၊ ပြည်တွင်းအလုပ်အကိုင်ရှာဖွေရေး အကျိုးဆောင်လိုင်စင်ရအေဂျင်စီများမှာလည်း မိမိတို့နှင့်သက်ဆိုင်ရာကဏ္ဍအလိုက်ပါဝင်ပြသနိုင်ကြသည်။

အစိုးရ၊ အလုပ်ရှင်နှင့်အလုပ်သမား သုံးပွင့်ဆိုင်ပူးပေါင်းဆောင်ရွက်ရာတွင် အလုပ်သမားများ၏ အခန်းကဏ္ဍပိုမိုအားကောင်းလာစေရေးအတွက် ၂၀၁၁ ခုနှစ် အလုပ်သမားအဖွဲ့အစည်း ဥပဒေနှင့်အညီ အလုပ်ရှင်၊ အလုပ်သမားအဖွဲ့အစည်းများကို လွတ်လပ်စွာဖွဲ့စည်းခွင့်ပြုထားသည်။ နိုင်ငံအတွက် ကုန်ထုတ်လုပ်မှုတိုးတက်ကာ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်မှုနှင့် အလုပ်သမားများ၏အခွင့်အရေးကို တစ်ဖက်တစ်လမ်းမှ အထောက်အကူပေးလျက်ရှိသည်။ စက်ရုံ၊ အလုပ်ရုံနှင့် အလုပ်ဌာနများတွင် အလုပ်သမားဥပဒေပါ အကျိုးခံစားခွင့်များရရှိရေး၊ လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးအတွက် အလုပ်သမားရေးရာစည်းကြပ်ခြင်းများဆောင်ရွက်လျက်ရှိပြီး အာမခံအလုပ်သမားများအတွက် ကျန်းမာရေးဝန်ဆောင်မှုများကိုဆောင်ရွက်ပေးထားသည်။

နိုင်ငံတော်အစိုးရသည် ပြည်တွင်းအလုပ်အကိုင်အခွင့်အလမ်းများပေါများစေရေး၊ အလုပ်လက်မဲ့နှုန်းကျဆင်းစေရေး၊ ပြည်တွင်းကုန်ထုတ်လုပ်မှုမြှင့်တင်ရေးနှင့် ပြည်ပသွင်းကုန်အစားထိုးရေး၊ ပြည်တွင်းမှ ပိုလျှံသည်တို့ကို ပြည်ပသို့တင်ပို့နိုင်ရေးတို့အတွက် MSME လုပ်ငန်းများကို အားပေးမြှင့်တင်ဆောင်ရွက်လျက်ရှိပါသည်။ လုပ်ငန်းများပိုမိုတွင်ကျယ်အောင်မြင်ရေးအတွက် အလုပ်သမားများကျွမ်းကျင်နေရမည်ဖြစ်သည်။ ထိုသို့ဖြစ်စေရေးအတွက် အလုပ်အကိုင်ဆိုင်ရာ ကျွမ်းကျင်မှုလေ့ကျင့်ရေးသင်တန်းကျောင်းများကို အဆင့်မြှင့်တင်ရေး၊ တိုးမြှင့်တည်ထောင်နိုင်ရေး၊ အလုပ်အကိုင်အခွင့်အလမ်းများသော ကျွမ်းကျင်မှုသင်တန်းများဖွင့်လှစ်နိုင်ရေးနှင့် ပြည်တွင်းသာမက ပြည်ပနိုင်ငံများနှင့်ပါယှဉ်ပြိုင်နိုင်စွမ်းရှိသော ကျွမ်းကျင်လုပ်သားများမွေးထုတ်ပေးနိုင်ရေးတို့ကို ဆက်လက်ဆောင်ရွက်ပေးလျက်ရှိသည်။

နိုင်ငံတော်အတွက် ကျွမ်းကျင်လုပ်သားများမွေးထုတ်ပေးနေခြင်းနှင့်အတူ ပြည်ပသို့ မြန်မာအလုပ်သမားများစေလွှတ်ရာတွင်လည်း လစာဝင်ငွေနှင့် အကျိုးခံစားခွင့်ကောင်းသောနိုင်ငံများသို့ ဦးစားပေးစေလွှတ်ခြင်း၊ သတ်မှတ်ကာလပြည့်မြောက်၍ မိမိနိုင်ငံသို့ပြန်လည်ရောက်ရှိလာသောအရေအတွက်နှင့် စေလွှတ်ပေးရမည့်အရေအတွက်တို့အား နှိုင်းယှဉ်တွက်ဆခြင်းတို့ဖြင့် ပြည်တွင်း၌ အလုပ်အကိုင်အခွင့်အလမ်းများရရှိနိုင်ရန်နှင့် ပြည်ပတွင်အလုပ်လုပ်ကိုင်နိုင်ရန် ဖန်တီးဖော်ဆောင်ပေးလျက်ရှိသည်။ မည်သို့ပင်ဖြစ်စေ မြန်မာလုပ်သားမှန်သမျှသည် မိမိနိုင်ငံ၊ မိမိလူမျိုးကောင်းကျိုးကို သယ်ပိုးလိုသည့်စိတ်ဓာတ်များမွေးမြူကာ လုပ်ကိုင်ဆောင်ရွက်ကြရန်ဖြစ်ပါကြောင်း။ ။

# အခြေခံပညာကျောင်းအသီးသီးမှ မွန်တိုင်းရင်းသားများအား အခြေခံမွန်စာပေသင်တန်းဖွင့်လှစ်သင်ကြားလျက်ရှိ

ကျိုက်မရော မေ ၅

မွန်ပြည်နယ် ကျိုက်မရောမြို့ ဘုရားကြီးကျောင်းတိုက်ရှိ ဓမ္မာရုံ၌ နွေရာသီကျောင်းပိတ်ရက်ရှည်အတွင်း ကျောင်းသား၊ ကျောင်းသူများအား အချိန်ကို အကျိုးရှိစွာအသုံးချတတ်စေရန်နှင့် ငယ်စဉ်ကလေးဘဝမှအစပြု၍ တိုင်းရင်းသားစာပေဖြစ်သည့် မွန်စာပေ၊ မွန်ဘာသာစကားတို့ကို ကျွမ်းကျင်စွာ ပြောတတ်စေရန်နှင့် အခြေခံမွန်စာပေကို ရေးတတ်ဖတ်တတ်စေရန်ရည်ရွယ်၍ အခြေခံမွန်စာပေသင်တန်းကို ဖွင့်လှစ်သင်ကြားလျက်ရှိကြောင်းသိရသည်။

အဆိုပါ မွန်စာပေသင်တန်းကို ကျိုက်မရောမြို့ ဦးလေးကျေးရွာ မွန်စာပေနှင့် ယဉ်ကျေးမှုကြီးကြပ်ရေးကော်မတီဥက္ကဋ္ဌ ဦးလေးကျောင်းတိုက်ဆရာတော်မှ ဦးဆောင်၍ မြို့နယ်ပညာရေးဌာနနှင့် ပူးပေါင်းကာ ဖွင့်လှစ်ပေးခြင်းဖြစ်သည်။

သင်တန်းသို့ အခြေခံပညာ ကျောင်းအသီးသီးမှ မွန်တိုင်းရင်းသားများ စုစုပေါင်း ၁၂၀ ဦး တက်ရောက်သင်ယူလျက်ရှိပြီး သင်တန်းတွင် မွန်စာပေယဉ်ကျေးမှုကော်မတီမှ သင်တန်းနည်းပြ ဆရာ၊ ဆရာမ သုံးဦးတို့က နေ့စဉ်နံနက် ၈ နာရီမှ ညနေ ၃ နာရီအထိ တစ်လကြာ သင်ကြားပေးသွားမည်ဖြစ်ကြောင်း သိရသည်။ (၄၀၆)

# ဆောင်းသီးနှံစိုက်ပျိုးရာသီကစိုက်ပျိုးခဲ့သည့် မြေပဲစိုက်ကေများ ရာနှုန်းပြည့် နုတ်သိမ်းပြီးစီး

ကလေး မေ ၅

စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့နယ်၌ ဆောင်းသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သည့်မြေပဲ ရာနှုန်းပြည့် နုတ်သိမ်းပြီးစီးနေပြီဖြစ်ကြောင်း ကလေးမြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ စာရင်းများအရ သိရသည်။

ကလေးမြို့နယ်၌ ဆောင်းသီးနှံစိုက်ပျိုးချိန်တွင် မြေပဲ ၁၉၂၉၂ ဧကအထိ စိုက်ပျိုးနိုင်ခဲ့ပြီး စိုက်ပျိုးထားသောမြေပဲစိုက်ခင်းများကို ယခုနှစ် ဇန်နဝါရီလမှ စတင်၍ နုတ်သိမ်းခဲ့ကြရာ မေလ ၅ ရက်အထိ ရာနှုန်းပြည့် နုတ်သိမ်းပြီးစီးနေပြီး တစ်ဧကလျှင် ၈၁ ဒသမ ၃၂ တင်းထွက်ရှိသည်။

“ကလေးမြို့နယ် ဆောင်းသီးနှံစိုက်ပျိုးချိန်မှာ မြေပဲသီးနှံဧက ၁၉၂၉၂ ဧကအထိ စိုက်ပျိုးထားပါတယ်။ အဲဒီစိုက်ပျိုးထားတဲ့ မြေပဲခင်းတွေ အခုလက်ရှိအချိန်မှာတော့ ဧကအားလုံးရာနှုန်းပြည့် နုတ်သိမ်းပြီးစီးနေပြီဖြစ်ပါတယ်။ မြေပဲစိုက်ပျိုးမှုအနေနဲ့ လျာထားဧကထက်တိုးစိုက်နိုင်တယ်။ မြေပဲစိုက်ပျိုးမှုအနေနဲ့ အောင်မြင်ဖြစ်ထွန်းလျက်ရှိကြပါတယ်။ ဆီထွက်သီးနှံအနေနဲ့ကတော့ အောင်မြင်တဲ့အနေအထားမှာရှိတယ်။ မြေပဲစိုက်ပျိုးမှုအနေနဲ့ တစ်နှစ်နဲ့တစ်နှစ်တိုးတက်လာပါတယ်”ဟု ကလေးမြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူးကပြောသည်။

မြေပဲစိုက်ခင်းများအောင်မြင်ဖြစ်ထွန်းနိုင်ရေး၊ ပိုးမွှားရောဂါကျရောက်မှုမရှိစေရေး၊ ပေါင်းမြက်ကင်းစင်စေရေးအတွက် စိုက်ခင်းများအတွင်း ကွင်းဆင်းစစ်ဆေးပြီး ကင်းထောက်မှတ်တမ်းများယူခြင်းတို့ကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ ဝန်ထမ်းများက ကွင်းဆင်း၍ ဆောင်ရွက်ပေးသည်။

စိုက်ပျိုးမြေများ၌ တစ်သီးစားကိုသာစိုက်ပျိုးခြင်းထက် သီးထပ်၊ သီးညှပ်စိုက်ပျိုးနိုင်ရေး ကြိုးပမ်းဆောင်ရွက်ကာ စိုက်ပျိုးရေးအခြေခံလိုအပ်ချက်ဖြစ်သည့် မျိုး၊ မြေ၊ ရေနှင့် စိုက်ပျိုးရေးနည်းစနစ်ကို မှန်ကန်စွာအသုံးချခြင်းဖြင့် တောင်သူများ စိုက်ပျိုးရေးဝင်ငွေတိုးပွားပြီး လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း သိရသည်။ (၄၀၉)

## သဇင်(FM)အသံလွှင့်အစီအစဉ်

၆-၅-၂၀၂၅(အင်္ဂါနေ့)

၁။ ၀၈:၀၀ နှလုံးသားဝယ်ဘုရားတည်

၂။ ၁၁:၅၀ လှပကျန်းမာ

၃။ ၁၄:၅၀ Speech On Air

၄။ ၁၆:၀၀ တပ်မတော်စာတိုက်ခန်း

၅။ ၁၇:၀၀ ထင်ရှားကျော်ကြားပုဂ္ဂိုလ်များ

၆။ ၂၁:၂၀ Memory Box

မြဝတီ နေ့စဉ် the Myawady Daily

စာတည်းမှူးချုပ် - ဦးမျိုးဝင်းရှိန်
စာတည်းမှူး(မြန်မာ) - ဦးရာဇာအောင်
စာတည်းမှူး(အင်္ဂလိပ်) - ဦးရဲမင်းတင်
စာတည်း(ကျွမ်းကျင်)အင်္ဂလိပ် - ဦးတင်မောင်သန်း

စာတည်းအဖွဲ့(မြန်မာ) - ဦးနေမင်းဦး၊ ဦးထွန်းထွန်းနိုင်၊ ဒေါ်နီလာအောင်၊ ဒေါ်ဖြူဖြူမောင်
စာတည်းအဖွဲ့(အင်္ဂလိပ်) - ဦးထက်မြတ်၊ ဒေါ်သီရိမွန်
သတင်းအဖွဲ့(နေပြည်တော်) - ဦးဇော်မင်းပိုင်၊ ဒေါ်ခိုင်ဝါဝါကျော်
သတင်းအဖွဲ့(ရန်ကုန်) - ဦးစံမင်းသူ

နေပြည်တော်
စာတည်းအဖွဲ့ ၀၃၁-၇၃၉၉၈၊ ဖက်စ် ၀၃၁-၇၃၉၉၉/၀၃၂-၃၀၂၆၂၊
ဖြန့်ချီရေး/ကြော်ငြာ ၀၃၁-၇၄၀၀၆၊ ၀၃၁-၇၄၀၀၈၊
ဘုရင့်နောင်ရပ်ကွက်၊ ပုဗ္ဗသီရိမြို့နယ်၊ နေပြည်တော်။

ရန်ကုန်(ရုံးခွဲ)
စာတည်းအဖွဲ့ ၀၃၁-၇၄၀၂၁၊ ဖြန့်ချီရေး ၀၁၈-၄၀၀၆၉၇၊
ကြော်ငြာ ၀၃၁-၇၄၀၂၂၊ အမှတ်(၁၅)၊ မိုးကောင်းလမ်း၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့။

မန္တလေး(ရုံးခွဲ)
တာဝန်ခံ ၀၉-၆၈၈၈၈၃၅၅၈၊ ၈၄ လမ်း၊
၂၉x၃၀ လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။

ကျိုင်းတုံ(ရုံးခွဲ)
တာဝန်ခံ ၀၉-၂၅၀၅၅၆၆၃၈၊ ၀၃၄-၇၃၆၀၁
လွိုင်မွေလမ်း၊ အမှတ်(၂)ရပ်ကွက်၊ ကျိုင်းတုံမြို့။

ပုံနှိပ်ခြင်း/ထုတ်ဝေခြင်းအမှတ် - ၀၀၃၇၈/၀၀၄၉၄
စတင်ထုတ်ဝေသည့်ရက် - ၂၀၁၁ ခုနှစ် ဧပြီလ ၁ ရက်
E-mail: mwddailynewspapergroup @ gmail.com
Website - www.myawady.net.mm

# မြန်မာနိုင်ငံသင်္ဘောများမှတ်ပုံတင်ခြင်းအက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေ(၂၀၂၅)ပြဋ္ဌာန်း

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**
**မြန်မာနိုင်ငံသင်္ဘောများမှတ်ပုံတင်ခြင်းအက်ဥပဒေကို**
**ပြင်ဆင်သည့်ဥပဒေ (၂၀၂၅)**
**(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**
**ဥပဒေအမှတ် ၃၇ / ၂၀၂၅)**
၁၃၈၇ ခုနှစ်၊ ကဆုန်လဆန်း ၉ ရက်
( ၂၀၂၅ ခုနှစ်၊ မေလ ၅ ရက် )

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို **မြန်မာနိုင်ငံသင်္ဘောများမှတ်ပုံတင်ခြင်းအက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေ** ဟု ခေါ်တွင်စေရမည်။

၂။ မြန်မာနိုင်ငံသင်္ဘောများမှတ်ပုံတင်ခြင်းအက်ဥပဒေတွင် ပါရှိသော "Ministry of Transport" ဆိုသည့် စကားရပ်ကို "Ministry" ဆိုသည့် စကားရပ်ဖြင့် လည်းကောင်း၊ "Magistrate" နှင့် "Magistrate of the first class" ဆိုသည့် စကားရပ်များကို "Court" ဆိုသည့် စကားရပ်ဖြင့် လည်းကောင်း၊ "Department of Marine Administration" ဆိုသည့်စကားရပ်ကို "Department" ဆိုသည့်စကားရပ်ဖြင့်လည်းကောင်း အသီးသီးအစားထိုးရမည်။

၃။ မြန်မာနိုင်ငံသင်္ဘောများမှတ်ပုံတင်ခြင်းအက်ဥပဒေပုဒ်မ ၁ ကို အောက်ပါအတိုင်းအစားထိုးရမည်–

1. Unless otherwise expressly provided, the following expressions contained in this Act shall have the meanings given hereunder:
   (a) **Government** means the Union Government of the Republic of the Union of Myanmar;
   (b) **Ministry** means the Ministry of Transport and Communications of the Union Government;
   (c) **Department** means the Department of Marine Administration of the Ministry of Transport and Communications;
   (d) **Myanmar ship** means any ship registered under this Act; and
   (e) **Court** means any appropriate court having jurisdiction in the matter relating to this Act.

၄။ မြန်မာနိုင်ငံသင်္ဘောများမှတ်ပုံတင်ခြင်းအက်ဥပဒေတွင် ပယ်ဖျက်ထားသော ပုဒ်မ ၁-က ကို အောက်ပါအတိုင်း ဖြည့်စွက်ရမည်–

1A. (a) No ship shall be deemed a registered ship unless it has been registered by the registering–officer of any port in Myanmar and holding a valid Certificate of Registry as required by any provisions of this Act.
   (b) Forms of Certificates of Registry, their validity and fees to be paid shall be such as may be prescribed by the Ministry.

၅။ မြန်မာနိုင်ငံသင်္ဘောများမှတ်ပုံတင်ခြင်းအက်ဥပဒေ ပုဒ်မ ၂၊ ၃၊ ၄၊ ၇ နှင့် ၈ တို့တွင် ပါရှိသော "President of the Union" ဆိုသည့် စကားရပ်ကို "Ministry" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၆။ မြန်မာနိုင်ငံသင်္ဘောများမှတ်ပုံတင်ခြင်းအက်ဥပဒေ ပုဒ်မ ၅ ကို အောက်ပါအတိုင်းအစားထိုးရမည်–

5. (a) No registry shall be made or no certificate shall be granted until the declaration, in which the following stated particulars are true and to the best of his knowledge and belief, shall be made or subscribed before the registering–officer by the owner or major part of the owners of ship required to be registered:
   (1) name of the ship and its tonnages;
   (2) a statement of the date when and the place where the ship was built, or if the date and place of building are not known, a statement that the declarant does not know the date and place of the building of the ship;
   (3) a statement as to the owner of the ship and the citizenship of such owner, and if the ship is owned by more than one person, the number of shares each is entitled to;
   (4) a statement of the name of the master of the ship and his citizenship;
   (5) a statement that no other person (other than those declared) is entitled as owner to any legal or beneficial interest in the ship or any share thereof;
   (6) a statement of the name and citizenship of the operator who operates the ship other than owner mentioned under clause (3); and
   (7) such other particulars as may be prescribed.
   (b) The registrar may demand proof of ownership to his satisfaction before proceeding with the registry of a ship.

၇။ မြန်မာနိုင်ငံသင်္ဘောများမှတ်ပုံတင်ခြင်းအက်ဥပဒေ ပုဒ်မ ၅-က တွင်ပါရှိသော "section 1" ဆိုသည့် စကားရပ်ကို "section 1A" ဆိုသည့်စကားရပ်ဖြင့် အစားထိုးရမည်။

၈။ မြန်မာနိုင်ငံသင်္ဘောများမှတ်ပုံတင်ခြင်းအက်ဥပဒေ ပုဒ်မ ၅-က ၏ နောက်တွင် ပုဒ်မ ၅-ခ နှင့် ၅-ဂ တို့ကိုအောက်ပါအတိုင်း ဖြည့်စွက်ရမည်–

5B. (a) No person shall be qualified to own a Myanmar ship unless such person shall be any of the followings:
   (1) a citizen of Myanmar;
   (2) a company or a body established in Myanmar which satisfies the following requirements:
      (i) the company or a body is incorporated in Myanmar;
      (ii) the principal office of the company or a body is in Myanmar;
      (iii) the management of the company or a body is undertaken in Myanmar;
      (iv) the majority of the shareholding, or the percentage of such shareholding as may be determined by the Ministry under sub–section (b), including the voting share, of the company or a body is held by Myanmar citizens independent of any influence by any person other than Myanmar citizens; and
      (v) the majority, or the percentage of the shareholding as may be determined by the Ministry under sub–section (b), of the directors of the company or a body are Myanmar citizens.
   (b) The Ministry may, by notification, determine:
      (1) the percentage of the shareholding, including voting share; and
      (2) the percentage of the directors of the company or a body required to be Myanmar citizens.
   (c) In addition to the requirements prescribed in sub–section (a), other requirements may be prescribed by the Ministry.
   (d) Documents pertaining to shareholding shall be developed by the company or the body as may be required by the registrar of ships.

5C. (a) The Department shall take administrative action against any person who fails, without reasonable cause, to register as per the requirements shall be liable to pay a fine not exceeding ten percent of the value of the ship to the Department.
   (b) Any person who fails to comply with sub–section (a) shall, on conviction before a Court, be punished with imprisonment for a term not exceeding twelve months and the subject ship may be confiscated.
   (c) If it is failed to discover or determine ownership of the ship, it may be seized as the property of the Government by the Ministry.

၉။ မြန်မာနိုင်ငံသင်္ဘောများမှတ်ပုံတင်ခြင်း အက်ဥပဒေပုဒ်မ ၈ ၏ နောက်တွင် ပုဒ်မ ၈-က ကို အောက်ပါအတိုင်းဖြည့်စွက်ရမည်–

8A. The Ministry may delegate its duties and powers conferred in section 3, 4, 7 and 8 to the Department.

၁၀။ မြန်မာနိုင်ငံသင်္ဘောများမှတ်ပုံတင်ခြင်းအက်ဥပဒေ ပုဒ်မ ၂၀ တွင် ပါရှိသော "before him" ဆိုသည့် စကားရပ်ကို "before it" ဆိုသည့် စကားရပ်ဖြင့်အစားထိုးရမည်။

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ ကျွန်ုပ်လက်မှတ်ရေးထိုးသည်။

**(ပုံ) မင်းအောင်လှိုင်**
**ဗိုလ်ချုပ်မှူးကြီး**
**ဥက္ကဋ္ဌ**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

# မန္တလေးလျှော်ကြီးဘေးသင့်သူများအတွက် အလှူငွေ ကျပ်သိန်း ၂၀၀ ပေးအပ်လှူဒါန်း

နေပြည်တော် မေ ၅

အင်အားပြင်း မန္တလေးငလျင်ဘေးသင့်သူများအတွက် လိုအပ်သည့် ထောက်ပံ့မှုများနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန် မုန်းဝန်းဗမာတိုင်းရင်းသား ယဉ်ကျေးမှုအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးသီဟလွင် ဦးဆောင်သည့်အဖွဲ့ဝင်များက ငွေကျပ်သိန်း ၂၀၀ ကို ယနေ့ ညနေပိုင်းတွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနသို့ လာရောက်ပေးအပ်လှူဒါန်းရာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်းက လက်ခံရယူပြီး ကျေးဇူးတင်စကားပြောကြားကာ ဂုဏ်ပြုမှတ်တမ်းလွှာပြန်လည်ပေးအပ်ခဲ့ကြောင်း သိရသည်။ **မြဝတီ**

# မိုးတိမ်တောင်ဖြစ်ပေါ်မှုအခြေအနေ

နေပြည်တော် မေ ၅

တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် ရှမ်းပြည်နယ်(မြောက်ပိုင်း)တို့တွင် မိုးတိမ်တောင်များဖြစ်ထွန်းလျက်ရှိပြီး အဆိုပါမိုးတိမ်တောင်များရွေ့လျားရာနေရာတစ်လျှောက်တွင် မိုးရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်းနှင့် မိုးသီးကြွေခြင်းစသည့်မိုးလေဝသဖြစ်စဉ်များဖြစ်ပေါ်နိုင်ပါသဖြင့် ကြိုတင်သတိပြုနိုင်ပါရန် အကြံပြုအပ်ပါသည်။ **(မိုး/ဇလ)**

# တစ်သက်တာမှတ်တမ်းနှင့် အတွေးအခေါ်များ

ရွှေဥဒေါင်း

**ယမန်နေ့မှအဆက်**

### ဘီလိယက်ရှုံးကြပုံ

ကိုကွန်းနှင့် ကစားရခြင်း၌ စိတ်ပါပုံ ဖော်ပြခဲ့ပြီးနောက် ကိုခင်မောင်တင့်နှင့် ကစား၍ စိတ်ပါခြင်းအကြောင်းကို ဖော်ပြရပါဦးမည်။ လွန်ခဲ့သော ၁၅ နှစ်လောက်က ကျွန်ုပ်အား ဘီလိယက်သင်ပေးသူမှာ ကိုခင်မောင်တင့်ဖြစ်လေရာ ကျွန်ုပ်တတ်ခါစအချိန်တွင် ကိုခင်မောင်တင့်က ကျွန်ုပ်အား "ခင်ဗျား ဘယ်တော့မှ ကျုပ်နဲ့ လယ်ဗယ် (တန်းတူ) ကစားနိုင်တဲ့ လက်မျိုးမရောက်နိုင်ဘူး" ဟု ပြောဖူး၏။ ကိုခင်မောင်တင့်မှာ ဘီလိယက်သမား ၁၀ ယောက်တွင်မှ တစ်ယောက်လောက်သာ တွေ့ရသောလက်မျိုးဖြစ်၍ လန်ဒန်မှာ တုန်းက ၈၉ ဘရိတ်ရဖူးသူတစ်ယောက် ဖြစ်လေသည်။ ဤသို့ပြောစဉ်က ကျွန်ုပ်မှာ အတော်ကလေးထိုးတတ်ရုံမျှရှိသေးသော်လည်း ထိုကဲ့သို့ အညွန့်တုံးစကားမျိုး ပြောခြင်းကို မခံချင်သည်နှင့် တစ်နေ့တွင် သူ့လက်မျိုးရောက်စေရမည်ဟု စိတ်ထဲ၌ သန္နိဋ္ဌာန်ချမိပါသည်။ ရှေးယခင်ကမူ သူနှင့်ကျွန်ုပ်မှာ ပွိုင့် ၁၅၀-၁၀၀ ကစားခဲ့ကြရာ ၁၉၂၇ ခုနှစ်မှုကား ၂၂၅-၂၀၀ မျှသာ အကျော့ပေးနိုင်လေတော့သည်။ သူက ၂၂၅ ပွိုင့်ကစား၍ ကျွန်ုပ်က ၂၀၀ ပွိုင့် ကစားခြင်းဟူသည်မှာ လက်ချင်းအတော်နီးကပ်လာခြင်းကို ဖော်ပြသည်။ ၁၂ နာရီလောက်တွင် ကျွန်ုပ်တို့သည် ခေတ္တနား၍ နံနက်စာစားပြီးနောက် ၁ နာရီလောက်တွင် ပြန်၍ကစားကြ၏။ အများအားဖြင့် သူတစ်ပြန်၊ ကိုယ်တစ်ပြန်နိုင်ကြပေရာ လောင်းကြေးမပါ ရှုံးသူက ခုံခပေးရုံမျှ တာဝန်ယူရ၏။ ညနေစောင်းလတ်သော် ဘီယာတစ်လုံး လောင်းတမ်းကစားကြ၍ ရှစ်နာရီလောက်တွင် ညစာအတွက် လောင်းကြပြန်၏။ ညစာစားပြီးနောက်လည်း သဲသဲမဲမဲကစားကြသေး၏။ ခြေညောင်းသည်၊ လက်ပန်းကျသည်ဟုမရှိချေ။

ဂရိတ်တီရီယန်းဟိုတယ်၏ ထုံးစံမှာ (ဟိုတယ်များ၏ စည်းကမ်းအတိုင်း) ည ၁၁ နာရီ၌ ပိတ်သော်လည်း ကစားလက်စ ဖြစ်သောပွဲပြီးအောင် လက်စသိမ်းနိုင်ခွင့်ရှိ၏။ အဓိပ္ပာယ်မှာ ၁၁ နာရီတွင် ပိတ်သည်ဆိုသော်လည်း ထိုးလက်စပွဲမပြီးဆုံးလျှင် အချိန်လွန်ချင်လွန်စေ လက်စသတ်နိုင်ခွင့်ရှိ၏။ ကိုခင်မောင်တင့်နှင့် ကျွန်ုပ်တို့သည် မည်သို့ပြုလုပ်သည်ထင်ကြသနည်း။ ၁၁ နာရီထိုးခါနီး ၁၀ မိနစ်လောက်တွင် ထိုးလက်စပွဲကိုဖျက်သိမ်းပြီး ပွဲသစ်တစ်ခု အစပြုကြပြန်လေ၏။ မာကာကုလားသည် ကျွန်ုပ်တို့၏အကြံကိုရိပ်မိ၍ ထိုးလက်စပွဲကို ဖျက်သိမ်းသောအခါ၌ "ဆပ် ဆပ် ဆပ်" ဟူ၍ ကန့်ကွက်သော်လည်း ကျွန်ုပ်တို့က ဘီယာကလေး ခပ်ထိုင်းထိုင်းနှင့် "ယူဂိုးတူဟဲလ်" ဟု သံပြိုင်ရွတ်လိုက်ကြလေသည်။ ဤနည်းဖြင့် ၁၁ နာရီခွဲခါနီးလောက်တွင်မှ ပွဲပြီး၍ ဟိုတယ်မှ ထွက်လာကြသောအခါ ကျွန်ုပ်၏အိတ်ထဲ၌ ထည့်ခဲ့သော ငွေ ၅၀ ကျပ်အနက်မှ ၂၀ ကျပ်၊ ၂၅ ကျပ်မျှသာ ကျန်တော့ပေရာ ကိုခင်မောင်တင့်၏အိတ်မှလည်း အလားတူလောက်ပင် လျော့သွားခဲ့လေပြီ။ ကိုခင်မောင်တင့်မှာ ကုန်သည်လမ်းတွင် နေသူဖြစ်၍ တော်ပါသေး၏။ ကျွန်ုပ်မှုကား နောက်ဆုံး (၁၂ နာရီ) ရထားကိုမီအောင် လန်ချားကလေးနှင့်ပြေးရ၏။ တစ်ခါတစ်ရံ မီးရထားမမီလိုက်ဘဲရှိရာတွင် စမ်းချောင်းသို့ လန်ချားနှင့်ပင်ပြန်ရ၏။ နောက်ကျမည်ဟု အတပ်သိသောအခါများတွင် ကိုခင်မောင်တင့်ကိုယ်တိုင်လည်း လိုက်လာ၍ ကျွန်ုပ်၏အိမ်၌ အိပ်သွား၏။ ၄ မိုင်ဝေးသော ခရီးဖြစ်သော်လည်း သန်းခေါင်ကျော်အချိန်၌ပင် ထိုစဉ်က လန်ချားခ ၁၂ ပဲမျှသာပေးရသည်။ တစ်ခါတစ်ရံတွင် လန်ချားကုလားလည်း မပြန်ဝံ့ဆိုသောကြောင့် အိပ်ဖို့နေရာ ပေးရပါသေးသည်။ ဤအဖြစ်မျိုးမှာ တစ်လ လေးကြိမ်လောက်ဖြစ်တတ်၍ ညဦးလောက်သာ ကစားသောနေ့များလည်း တစ်လလျှင် ၁၀ ရက်ထက် မနည်းရှိပါသေးသည်။

> "ဤမျှလောက် ဘီလိယက်ရှုံးကြသော လူနှစ်ယောက် အဖို့ရာ၌ လစဉ်ဝင်ငွေသုံးလေးရာမျှသည် အဘယ်မှာ စုဆောင်းစရာရှိပါအံ့နည်း။ ဘီလိယက်၏ဖျက်ဆီးခြင်းကို ကျွန်ုပ်သည် ကိုယ်တိုင်လည်းခံရ၏။ သူတစ်ပါး ပျက်စီးခြင်းကိုလည်း မြင်ရဖူးလှလေပြီ။ လခတော်တော် ကောင်းသည့်စာရေးများလည်း အကြွေးဝိုင်းဝိုင်းလည် လျက်ရှိခြင်းကိုတွေ့ရ၏ . . . "

### ဘီလိယက်ကြောင့်ကုန်ငွေ

ဤမျှလောက် ဘီလိယက်ရှုံးကြသော လူနှစ်ယောက်အဖို့ရာ၌ လစဉ်ဝင်ငွေ သုံးလေးရာမျှသည် အဘယ်မှာ စုဆောင်းစရာရှိပါအံ့နည်း။ ဘီလိယက်၏ ဖျက်ဆီးခြင်းကို ကျွန်ုပ်သည် ကိုယ်တိုင်လည်းခံရ၏။ သူတစ်ပါးပျက်စီးခြင်းကိုလည်း မြင်ရဖူးလှလေပြီ။ လခတော်တော်ကောင်းသည့် စာရေးများလည်း အကြွေးဝိုင်းဝိုင်းလည် လျက်ရှိခြင်းကိုတွေ့ရ၏။ ကောလိပ်ကျောင်းသားလေးများလည်း ဘီလိယက်ခုံသို့ လာတတ်ကြရာ(များတော့မများလှ) စာမကျက်နိုင်သဖြင့် စာမေးပွဲ၌ တရှုံးတည်း ရှုံးလျက်ရှိခြင်းကိုမြင်ရ၏။ ကျွန်ုပ်သည် ၁၉၁၂ ခုနှစ်မှစ၍ ဘီလိယက်ထိုးတတ်ခဲ့ရာ ပြတ်တောင်းပြတ်တောင်းနှင့် စုစုပေါင်း နှစ် ၃၀ ခန့် ကစားခဲ့၏။ ထိုနှစ်ပေါင်း ၃၀ အတွင်း၌ (လောင်းကြေးမပါဘဲ) ခုံခပေးရသောငွေမှာ သောင်းကျော်မည်ဖြစ်၍ ရှေးငွေဖြင့် ဘီလိယက်ခုံ နှစ်ခုံ၊ သုံးခုံ ဝယ်နိုင်လောက်ပေပြီ။ ၁၉၄၈ ခုနှစ်လောက်ကမှ ဘီလိယက်ကစားခြင်း ပြတ်သွားပါတော့သည်။ ဤသည်မှာလည်း တခြားအကြောင်းကြောင့်မဟုတ်၊ တရားအားထုတ်သည့်ဘက်သို့ စိတ်လှည့်လာပြန်သောကြောင့်ဖြစ်သည်။

### အညာတစ်ခွင်သို့

၁၉၂၈ ခုနှစ်၌ ကျွန်ုပ်သည် ကိုခင်မောင်တင့်နှင့် ပျော်ပျော်နေသော အနေအထိုင်မျိုးကို အီလာသည်တစ်ကြောင်း၊ မိဘများကို ခဏခဏသတိရ၍ သူတို့မတိမ်းပါးမီ အတူတကွနေထိုင်ချင်သောစိတ်ဖြစ်ပေါ်လာသည်တစ်ကြောင်း၊ နေမည်ဆိုက နေနိုင်လောက်သောအခြေအနေရှိလာသည် တစ်ကြောင်းကြောင့် ရန်ကုန်မှစွန့်ခွာဖို့ အကြံဖြစ်ပေါ်လာလေ၏။ အခြေအနေရှိသည်ဆိုခြင်းမှာ အထုပ်အထည်ရှိလာသောကြောင့်မဟုတ်။ မဂ္ဂဇင်းများ၊ ဂျာနယ်များနှင့် အဆက်အသွယ်ပြုလုပ်ထားပြီး၍ အဝေးမှရေးပို့လျှင်လည်း ဖြစ်နိုင်သောကြောင့် ဖြစ်လေသည်။

(ထိုစဉ်ကမူ ဝတ္ထုစာအုပ်ရေးခြင်းသက်သက်ဖြင့် စားလောက်သည်မဟုတ်။ ပီမိုးနင်းလည်း ဂျာနယ်နှင့်မဂ္ဂဇင်းဖက်ပါမှ စားလောက်ပါသည်။)

ကျွန်ုပ်သည် အဆက်အသွယ်လုပ်ထားသည့် မဂ္ဂဇင်းများနှင့် ဂျာနယ်များမှ လစဉ်ဝင်ငွေကိုတွက်ကြည့်ရာ ၁၀၀ ကျပ်၊ ၁၅၀ ကျပ်ခန့်ရှိ၏။ မန်ကျည်းတုံရွာ၌ မိဘများနှင့် အတူနေရလျှင် ဤငွေသည် လှလှကြီး စားလောက်၍ ဤတစ်ဝက်နှင့်လည်း လုံလောက်၏။ သို့ဖြစ်၍ ယင်းနှစ် ဩဂုတ်လတွင် အလုပ်အတွက် အစီအစဉ်ပြုလုပ်ပြီးနောက် ကျွန်ုပ်တို့ ဇနီးမောင်နှံသည် ရန်ကုန်မှထွက်ခွာ၍ မိဘများရှိရာ မန်ကျည်းတုံရွာသို့ ပြောင်းရွှေ့လာခဲ့ကြလေ၏။ မန်ကျည်းတုံရွာတွင် တစ်လခန့် နေကြပြီးနောက် မြတောင်သို့ အလည် သွားကြပြန်သည်။ ဤကဲ့သို့ နေချင်ရာ နေ၍ သွားချင်ရာသွားပြီး စိတ်ကြည်ရွှင်သော အခိုက်အတန့်ကလေးများ၌ စာထိုင်ရေးခြင်းဖြင့် ထမင်းကလေးတစ်လုတ်တစ်ဆုပ်စားရခြင်းသည်ပင် စာရေးဆရာ၏အရသာကြီးတစ်ခုဟူ၍ ကျွန်ုပ်မှတ်ထင်နိုင်ပါသည်။

### တွေ့အောင်လိုက်ခြင်း

မြတောင်သို့ ရောက်ကြသောအခါ မစိုးကို သူ့အိမ်တွင်ထားခဲ့၍ ကိုသိန်းဖေရှိသော အင်းရွာသို့ အပြေးအလွှားသွားပါတော့သည်။ ကျွန်ုပ်မှာ တချို့လူများကဲ့သို့ မိတ်ဆွေသင်္ဂဟ များများကြီးမရှိ။ နှစ်ယောက်၊ သုံးယောက်မျှသာရှိပါသည်။ သို့ရာတွင် ထိုနှစ်ယောက်၊ သုံးယောက်နှင့် ကျွန်ုပ်မှာ သမီးရည်းစားတမျှ လွမ်းဆွတ်တတ်၍ တွေ့နိုင်ခွင့်ရှိပါက မတွေ့ရဘဲ မနေနိုင်အောင် အူယားဖားယား ဖြစ်တတ်ကြပါသည်။ ကျွန်ုပ်သည် တခြားလူများ သူငယ်ချင်းအချင်းချင်းတွေ့ဆုံကြခြင်းကို မြင်ရသည့်အခါ အမှတ်မဲ့မနေဘဲ သတိထားပြီးကြည့်လေ့ရှိ၏။ ၎င်းတို့၏ တွေ့ဆုံကြပုံများမှာ ကိုသိန်းဖေနှင့် ကျွန်ုပ်တို့ တွေ့ဆုံခြင်းကဲ့သို့ လှိုက်လှိုက်လှဲလှဲရှိကြပုံမရပါ။ ကိုသိန်းဖေနှင့် ကျွန်ုပ်မှာ ငယ်ပေါင်းမဟုတ်ဘဲ အသက် ၃၀ ပြည့်မှ တွေ့ကြရခြင်းဖြစ်သော်လည်း ကွဲကွာပြီး ပြန်တွေ့ကြရသောအခါများတွင် ကျောင်းမှထွက်ခါစ လူပျိုကလေးများအရွယ်ပြန်ဖြစ်ပြီး ခုန်ချင်ပေါက်ချင်ဖြစ်လာကြပါသည်။ သို့သော် တကယ်ခုန်ပေါက်ကြသည်တော့မဟုတ်ပါ။ ကျွန်ုပ်သည် ကိုသိန်းဖေတို့၏အိမ်သို့ရောက်သွား၍ ကိုသိန်းဖေမှာ ရွှေလီချောင်းရိုးတစ်လျှောက်သို့ တောတက်သွားကြောင်း ကြားသိရသည်တွင် ချက်ချင်းလိုက်ဖို့စီမံတော့၏။ နောက်တစ်နေ့တွင် ကျွန်ုပ်သည် ရွှေလီအထက်ပိုင်းသို့ လှေတစ်တန်၊ လှည်းတစ်တန်၊ မြင်းတစ်တန်ဖြင့် လိုက်သွားရာ နောက်တစ်နေ့မှ ရောက်သွား၏။ ကျွန်ုပ်သွားရသောလမ်းများမှာ ယခင်က ရောက်ဖူးသည်လည်းမဟုတ်။ 'ငှက်တော ခွေးတော' ဟု လူအများခေါ်ကြသောနယ်ဖြစ်၏။

**ဆက်လက်ဖော်ပြပါမည်။**

---

## မင်းလှမြို့နယ်၌ မွေးကင်းစမှ အသက်တစ်နှစ်ခွဲအောက်ကလေးငယ်များနှင့် ကိုယ်ဝန်ဆောင်အမျိုးသမီးများအား ပုံမှန်ကာကွယ်ဆေးထိုးနှံပေး

မင်းလှ မေ ၅

မကွေးတိုင်းဒေသကြီး သရက်ခရိုင် မင်းလှမြို့နယ်၌ မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ မွေးကင်းစမှ အသက်တစ်နှစ်ခွဲအောက် ကလေးငယ်များကို ပုံမှန်ကာကွယ်ဆေးထိုးနှံပေးခြင်းနှင့် ကိုယ်ဝန်ဆောင်အမျိုးသမီးများအား ကာကွယ်ဆေးထိုးနှံပေးခြင်းကို မေလ ၅ ရက်တွင် အဆိုပါဌာန၌ ဆောင်ရွက်သည်။

အဆိုပါကာကွယ်ဆေးထိုးနှံပေးရာတွင် မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ကျန်းမာရေးဆရာမ ဒေါ်ဇင်မာဝင်းနှင့် ကျန်းမာရေးဝန်ထမ်းများက မြို့နယ်အတွင်းရှိ မွေးကင်းစမှအသက်တစ်နှစ်ခွဲအောက်ကလေးငယ်များအား အသက်အရွယ်အလိုက် ဘီစီဂျီ၊ ဆုံဆို့၊ ကြက်ညှာ၊ မေးခိုင်၊ အသည်းရောင်အသားဝါ(ဘီ)၊ ဦးနှောက်အမြှေးရောင်ငါးမျိုးစပ်ကာကွယ်ဆေး၊ ဝက်သက်၊ ဂျိုက်သိုးရောဂါကာကွယ်ဆေးများ ထိုးနှံခြင်းနှင့် ပိုလီယိုရောဂါကာကွယ်ဆေးတိုက်ကျွေးခဲ့ကာ ကိုယ်ဝန်ဆောင်များအား ကာကွယ်ဆေးထိုးနှံပေးခဲ့သည်။

မင်းလှမြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနအနေဖြင့် မြို့နယ်အတွင်းရှိပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ၊ ကျန်းမာရေးအသိပညာပေးလုပ်ငန်းများ၊ ကလေးငယ်များအား ပုံမှန်ကာကွယ်ဆေးထိုးနှံပေးခြင်းတို့ကို ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ဇာဇာ(အထက်မင်းလှ)



# လျှော်ဒဏ်သင့်ဝန်ထမ်းမိသားစုများ ဘာရာအဆောက်အအုံအတွင်း ယာယီပြောင်းရွှေ့နေထိုင်နေမှုနှင့် နိုင်ငံတော်မှပေးအပ်မည့် Container House များရရှိပါက တည်ဆောက်ထားရှိရန် ရွေးချယ်ထားသည့်နေရာများကို ကြည့်ရှုစစ်ဆေး



နေပြည်တော် မေ ၅

တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန ရုံးမြေဧရိယာအတွင်း၌ မန္တလေးငလျင်ဒဏ်ကြောင့် ပြည်ထောင်စုဝန်ကြီးရုံး ဦးစီးဌာနများမှ ဝန်ထမ်းများနှင့် ဝန်ထမ်းမိသားစုများ ဆောက်လုပ်ပြီးစီးခဲ့သည့် ဘာရာအဆောက်အအုံသို့ ပြောင်းရွှေ့နေထိုင်နေမှုများကို တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ခွန်သန့်ဇော်ထူးနှင့် ဒုတိယဝန်ကြီး ဦးဇော်အေးမောင်တို့သည် ယနေ့နံနက်ပိုင်းတွင် သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန ရုံးမြေဧရိယာအတွင်းရှိ ခြောက်ခန်းတွဲဝန်ထမ်းအိမ်ရာဝန်းကျင်၌ ကိုယ်စီဆောက်လုပ်ပေးထားသော ဘာရာအဆောက်အအုံများတွင် ဝန်ထမ်းများ မိသားစုအလိုက် နေထိုင်မှု၊ လျှပ်စစ်မီးသွယ်တန်းထားရှိမှု၊ သုံးရေသွယ်တန်းထားရှိမှု၊ ရေချိုးခန်းနှင့်သန့်စင်ခန်း တည်ဆောက်ထားမှုများကို ကြည့်ရှုစစ်ဆေးပြီး ဝန်ထမ်းမိသားစုများကို အားပေးစကားပြောကြားကာ လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် နိုင်ငံတော်မှ ပေးအပ်မည့် Container House များရရှိပါက တည်ဆောက်ထားရှိရန် ရွေးချယ်ထားသည့် နေရာများကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များကို ကြိုတင်ပြင်ဆင်ထားရှိကြရန် မှာကြားသည်။

ညနေပိုင်းတွင် နေပြည်တော် အားကစားလေ့ကျင့်ရေးစခန်း (Gold Camp)၌ တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန ဝန်ထမ်းမိသားစုများ ယာယီပြောင်းရွှေ့နေထိုင်မှုများကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး ဝန်ထမ်းများနှင့် တွေ့ဆုံအားပေးစကားပြောကြားကာ လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

မြဝတီ

# နေပြည်တော်တိုင်းစစ်ဌာနချုပ်၌ ဗုဒ္ဓဘာသာယဉ်ကျေးလိမ္မာသင်တန်းနှင့် အင်္ဂလိပ်စာအခြေခံသင်တန်းများဖွင့်လှစ်



နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်စိုးမင်း ဗုဒ္ဓဘာသာယဉ်ကျေးလိမ္မာသင်တန်းနှင့် အင်္ဂလိပ်စာအခြေခံသင်တန်းဖွင့်ပွဲတွင် အမှာစကားပြောကြားစဉ်။

နေပြည်တော် မေ ၅

နေပြည်တော် တိုင်းစစ်ဌာနချုပ် ရှိ တပ်မတော်သားမိသားစုဝင် ကျောင်းသား/ကျောင်းသူများ နွေရာသီတွင် အချိန်ကို အကျိုးရှိစွာအသုံးချတတ်စေရန်နှင့် ဗလ (၅) တန်နှင့်ပြည့်စုံပြီး လူတော်လူကောင်းများ ဖြစ်လာစေရန်ရည်ရွယ်၍ ဖွင့်လှစ်သည့် ဗုဒ္ဓဘာသာယဉ်ကျေးလိမ္မာသင်တန်းနှင့် အင်္ဂလိပ်စာအခြေခံသင်တန်းဖွင့်ပွဲကို ယနေ့ မွန်းလွဲပိုင်းတွင် တိုင်းစစ်ဌာနချုပ် အောင်ငြိမ်းအေးခန်းမ၌ ပြုလုပ်ရာ တိုင်းမှူး ဗိုလ်ချုပ် စိုးမင်းနှင့် အရာရှိ စစ်သည်၊ မိသားစုဝင်များ၊ ကျောင်းသား/ကျောင်းသူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးက အဖွင့်အမှာစကားပြောကြားပြီး ကျောင်းသား/ကျောင်းသူများ အတွက် စာရေးကိရိယာများ ပေးအပ်သည်။ ထို့နောက် တိုင်းမှူးနှင့်တာဝန်ရှိသူများက ကျောင်းသား/ကျောင်းသူများအား ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်ကြသည်။


အဆိုပါယဉ်ကျေးလိမ္မာသင်တန်းကို သင်တန်းသား/သင်တန်းသူ ၉၀၀ ဦး ဖြင့်လည်းကောင်း၊ အင်္ဂလိပ်စာအခြေခံသင်တန်းကို သင်တန်းသား/သင်တန်းသူ ၆၁၈ ဦးဖြင့်လည်းကောင်း မေလ ၁၆ ရက်အထိ ဖွင့်လှစ်သင်ကြားပေးသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ (၁၀၀)

# ဘင်္ဂလားပင်လယ်အော်အခြေအနေ

နေပြည်တော် မေ ၅

ကပ္ပလီပင်လယ်ပြင်၊ ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းနှင့် အနောက်အလယ်ပိုင်းတို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် တိမ်အနည်းငယ်ဖြစ်ထွန်းနေသည်။

(မိုး/ဇလ)




## ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ်မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၆-၅-၂၀၂၅ ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | ကျိုင်းတုံ | ဟားခါး |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၂၈၈၅ | ၂၉၉၅ | ၂၉၆၅ | ၂၉၀၀ | ၃၀၀၅ | ၃၀၂၀ | ၃၀၃၅ | ၂၉၅၅ | ၄၅၀၅ | ၃၂၅၀ | ၂၉၇၀ | ၂၉၇၅ | ၃၀၄၅ | ၃၀၁၀ | ၃၀၃၀ | ၃၂၈၅ |
| 95 Ron | ၂၉၄၀ | ၃၀၅၅ | ၃၀၂၀ | ၂၉၅၅ | ၃၀၆၀ | ၃၀၇၅ | ၃၀၉၀ | ၃၀၁၀ | ၄၅၆၀ | ၃၃၀၅ | ၃၀၃၀ | ၃၀၃၀ | ၃၁၀၀ | ၃၀၆၅ | ၃၀၈၅ | ၃၃၄၅ |
| HSD (500 ppm) | ၂၄၇၀ | ၂၅၈၅ | ၂၅၅၀ | ၂၄၈၅ | ၂၅၉၀ | ၂၆၀၅ | ၂၆၂၅ | ၂၅၄၀ | - | ၂၈၃၅ | ၂၅၆၀ | ၂၅၆၀ | ၂၆၃၀ | ၂၅၉၅ | ၂၆၂၀ | ၂၈၇၅ |
| HSD (50 ppm) | ၃၀၅၅ | ၃၁၆၅ | ၃၁၃၀ | ၃၀၆၅ | ၃၁၇၀ | ၃၁၉၀ | ၃၂၀၅ | ၃၁၂၅ | ၄၈၃၀ | ၃၄၁၅ | ၃၁၄၀ | ၃၁၄၀ | ၃၂၁၀ | ၃၁၇၅ | ၃၂၀၀ | ၃၄၅၅ |
| HSD (10 ppm) | ၃၀၅၅ | ၃၁၆၅ | ၃၁၃၀ | ၃၀၆၅ | ၃၁၇၀ | ၃၁၉၀ | ၃၂၀၅ | ၃၁၂၅ | - | ၃၄၁၅ | ၃၁၄၀ | ၃၁၄၀ | ၃၂၁၀ | ၃၁၇၅ | ၃၂၀၀ | ၃၄၅၅ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၂၇၁၈ | ၂၈၀၆ |
| 95 Ron | ၂၇၇၃ | ၂၈၆၂ |
| HSD (500 ppm) | ၂၃၁၈ | ၂၃၉၄ |
| HSD (50 ppm) | ၂၈၈၂ | ၂၉၆၉ |
| HSD (10 ppm) | ၂၈၈၂ | ၂၉၆၉ |

**မှတ်ချက်။** (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇-၄၁၁၃၇၃၊ ၀၉-၂၅၄၆၂၅၄၇၇

၀၆၇-၄၁၁၂၈၂၊ ၀၉-၇၇၅၂၉၃၆၃၂

**စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်း လုပ်ငန်းကြီးကြပ်ရေးကော်မတီ**

# (၇၉)နှစ်မြောက် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နေ့ အခမ်းအနားသို့ ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးထွန်းထွန်းနောင် တက်ရောက်

## ပြည်သူများအနေဖြင့် မီးဘေးနှင့် သဘာဝဘေးအန္တရာယ်များအတွက် မဖြစ်မနေလိုက်နာဆောင်ရွက်ရမည့်အချက်များအား နားလည်သဘောပေါက်အောင် အသိပညာပေးစည်းရုံးဆောင်ရွက်သွားရန်လို

**ရန်ကုန် မေ ၅**

၂၀၂၅ ခုနှစ် မေလ ၅ ရက်တွင်ကျရောက်သည့် (၇၉)နှစ်မြောက် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နေ့အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့ဌာနချုပ် သီတာခန်းမဥ္ဇကျင်းပရာ ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးထွန်းထွန်းနောင် တက်ရောက်၍ ဂုဏ်ပြုအမှာစကားပြောကြားသည်။









အဆိုပါအခမ်းအနားသို့ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်ဦးစိုးသိန်း၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ပြည့်စုံလင်း၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ ပြည်ထဲရေးဝန်ကြီးဌာနကွပ်ကဲမှုအောက်ရှိ တပ်ဖွဲ့/ ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ၊ မီးသတ်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမြတ်သူနှင့် မီးသတ်တပ်ဖွဲ့ဝင်များ၊ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိအရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများမှ တာဝန်ရှိသူများ၊ မီးသတ်ဝန်ထမ်းဟောင်းများ၊ အလှူရှင်များနှင့်ဖိတ်ကြားထားသော ဧည့်သည်တော်များ တက်ရောက်ကြသည်။

အခမ်းအနားတွင် ၂၀၂၅ ခုနှစ် မတ်လ ၂၈ ရက် မြန်မာစံတော်ချိန် ၁၂ နာရီ ၅၁ မိနစ် ဝ၂ စက္ကန့်တွင် အလွန်ပြင်းထန်သည့် မန္တလေးငလျင်ကြီးလှုပ်ခတ်ခဲ့မှုကြောင့် သေဆုံးသွားသူများအား ဝမ်းနည်းခြင်း အထိမ်းအမှတ် တစ်မိနစ်ငြိမ်သက်၍ ဆုတောင်းမေတ္တာပို့သပြီး (၇၉)နှစ်မြောက် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နေ့ အထိမ်းအမှတ် မှတ်တမ်းတင်ဗီဒီယိုအားပြသသည်။

ထို့နောက်ပြည်ထောင်စုဝန်ကြီးကဂုဏ်ပြုအမှာစကားပြောကြားရာတွင် “မီးသတ်တပ်ဖွဲ့အနေဖြင့် ပြည်ထဲရေးဝန်ကြီးဌာန၏ ဦးဆောင်လမ်းညွှန်မှုများနှင့်အညီ ရည်မှန်းချက်တာဝန်ကြီး (၄)ရပ်ကို ချမှတ်ဆောင်ရွက်လျက်ရှိကြောင်း၊ ပြည်သူများအနေဖြင့် မီးဘေးနှင့် သဘာဝဘေးအန္တရာယ်များအတွက် မဖြစ်မနေလိုက်နာဆောင်ရွက်ရမည့်အချက်များအား နားလည်သဘောပေါက်အောင်အသိပညာပေးစည်းရုံးဆောင်ရွက်သွားရန်လိုအပ်သကဲ့သို့ မီးသတ်တပ်ဖွဲ့ဝင်များအနေဖြင့်လည်း မိမိတပ်ဖွဲ့၏ရပ်တည်ချက်များ၊ ရည်မှန်းချက်တာဝန်များနှင့် ဥပဒေပါပြဋ္ဌာန်းချက်များအား ကောင်းမွန်စွာ သိရှိနားလည်ပြီး လုပ်ငန်းတာဝန်များကို ကျေပွန်စွာထမ်းဆောင်နိုင်ရန် အထူးလိုအပ်ကြောင်း၊ ၂၀၂၅ ခုနှစ် မတ်လ ၂၈ ရက်က လှုပ်ခတ်ခဲ့သည့် အင်အားပြင်းမန္တလေးငလျင်ဖြစ်စဉ်ကြောင့် ထိခိုက်ပျက်စီးဆုံးရှုံးမှုဖြစ်ပွားခဲ့သည့်ဒေသများတွင် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ၏ လမ်းညွှန်မှုများနှင့်အညီ မီးသတ်ဦးစီးဌာနမှ ရှာဖွေကယ်ဆယ်ရေးတပ်ဖွဲ့ဝင်များအနေဖြင့် သက်ဆိုင်ရာဒေသအလိုက် မိတ်ဖက်အဖွဲ့အစည်းများနှင့် ပူးပေါင်း၍ အရေးပေါ်တုံ့ပြန်ဆောင်ရွက်ခဲ့ရာ အသက်ရှင်သူ ၆၅၃ ဦးနှင့် သေဆုံးသူ ၇၈၉ ဦးတို့အား ရှာဖွေကယ်ဆယ်ထုတ်ယူနိုင်ခဲ့ခြင်းအပေါ် နိုင်ငံတကာရှာဖွေကယ်ဆယ်ရေးအဖွဲ့များက မီးသတ်ဦးစီးဌာနအပေါ် လေးစားချီးကျူးရသည်အထိ နိုင်ငံတကာအဆင့်မီစွမ်းဆောင်နိုင်ခဲ့ကြသည့်အတွက် ဝမ်းမြောက်ဂုဏ်ယူကြောင်း၊ မီးဘေးနှင့် သဘာဝဘေးအန္တရာယ်များရင်ဆိုင်ဖြေရှင်းရန် လက်ရှိအခြေအနေနှင့်နောင်အနာဂတ်တွင် ပေါ်ပေါက်လာနိုင်သော စိန်ခေါ်မှုများကိုမျှော်မှန်းပြီး မီးသတ်တပ်ဖွဲ့အနေဖြင့် အသွင်သဏ္ဌာန်ရော အနှစ်သာရပိုင်းပါ ပြုပြင်ပြောင်းလဲနိုင်ရန်အတွက် Man Power၊ Equipment Power နှင့် Technological Power တို့ကို ဟန်ချက်ညီညီတည်ဆောက်သွားရမှာဖြစ်ကြောင်း၊ သဘာဝဘေးအန္တရာယ်ဆိုင်ရာစိန်ခေါ်မှုအသစ်များအား ရင်ဆိုင်နိုင်ရေးအတွက် အဆင့်မြင့်ရှာဖွေကယ်ဆယ်ရေး နည်းပညာများအသုံးပြုဆောင်ရွက်နိုင်သည့် ရှာဖွေကယ်ဆယ်ရေးအဖွဲ့ (Search and Rescue Team)များကို ဒေသအလိုက် စုဖွဲ့လေ့ကျင့်ပြီး အသင့်ပြင်ဆင်ဆောင်ရွက်ထားကြရန် လိုအပ်ကြောင်းဖြင့် ပြောကြားခဲ့သည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးထွန်းထွန်းနောင်က ပြည်သူလူထု မီးဘေးအန္တရာယ်ဆိုင်ရာ အသိပညာပေးသီချင်းဖြစ်သည့် “မီးသတိပြု” သီချင်းအား သီဆိုခဲ့သူ အဆိုတော် ဦးထွန်းရွှေ မီးသတ်လုပ်ငန်းတာဝန်များကို ကျေပွန်စွာထမ်းဆောင်ခဲ့ကြသည့် အသက် ၉၀ နှင့်အထက် သန္ဓေ/ အရန်မီးသတ်တပ်ဖွဲ့ဝင်နှစ်ဦး၊ ရဲသူရတံဆိပ်ရရှိသူ သန္ဓေတပ်ဖွဲ့ဝင်နှစ်ဦးတို့အား ဆုများပေးအပ်ချီးမြှင့်သည်။

ယင်းနောက် ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်းက ရဲဗလတံဆိပ်ရရှိသူနှစ်ဦး၊ နိုင်ငံ့ဝန်ထမ်းတက္ကသိုလ်၌ စံပြဆုရရှိသူတစ်ဦး၊ နိုင်ငံတကာစွမ်းရည်ပြိုင်ပွဲတွင် အဖွဲ့လိုက်ဆုရရှိသူများနှင့် လူမှုထူးချွန်(ပထမအဆင့်)ရရှိသူတို့အား ဆုများပေးအပ်ချီးမြှင့်သည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် ဧည့်သည်တော်များသည်မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့၏ မီးသတ်စွမ်းရည်သရုပ်ပြခြင်း အစီအစဉ်များအား ကြည့်ရှုအားပေး၍ ဂုဏ်ပြုချီးမြှင့်ငွေများပေးအပ်ခဲ့ပြီး မီးသတ်ပစ္စည်းကိရိယာပြခန်းနှင့် လေ့ကျင့်ရေးကွင်းအတွင်း ခင်းကျင်းပြသထားသည့် ရှေးဟောင်းနှင့်ခေတ်မီ မီးသတ်ယာဉ်/ စက်၊ ပစ္စည်းကိရိယာများနှင့် မီးဘေးလုံခြုံရေးဆိုင်ရာပစ္စည်းကိရိယာအား လိုက်လံကြည့်ရှုခဲ့ကြသည်။

ယင်းနောက် ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်နှင့် ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်းတို့သည်တက်ရောက်လာကြသည့် ဧည့်သည်တော်ကြီးများနှင့် မိသားစုဝင်များအား ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်ခဲ့ကြပြီး (၇၉)နှစ်မြောက် မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့နေ့အခမ်းအနားကို အောင်မြင်စွာရုပ်သိမ်းခဲ့ကြောင်း သတင်းရရှိသည်။

သမိုင်းကြောင်းအရ ၁၉၄၆ ခုနှစ် မေလ ၅ ရက် တနင်္ဂနွေနေ့တွင် မြန်မာတစ်နိုင်ငံလုံးရှိ ၁၉ ခရိုင်မှ ခရိုင်၊ မြို့နယ်အဆင့် မီးသတ်အစည်းအရုံးခွဲများမှ စေတနာ့ဝန်ထမ်း မီးသတ်တပ်ဖွဲ့ကိုယ်စားလှယ် ၁၉၇ ဦးအား စုစည်းပြီး ပထမဆုံးအကြိမ် “ဗမာနိုင်ငံလုံးဆိုင်ရာ မီးသတ်အစည်းအရုံးညီလာခံကြီး”ကို ရန်ကုန်မြို့ ကန်တော်လေးတွင်ကျင်းပခဲ့ရာ ထိုညီလာခံသို့ အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းကိုယ်တိုင် တက်ရောက်မိန့်ခွန်းပြောကြားခဲ့ကြောင်း၊ ထိုနေ့ကို အစွဲပြုကာ နှစ်စဉ် မီးသတ်တပ်ဖွဲ့နေ့အဖြစ် သတ်မှတ်ကျင်းပလာခဲ့ကြောင်း၊ ခေတ်အဆက်ဆက်မီးဘေးနှင့် သဘာဝဘေးအန္တရာယ်တို့တွင် အစဉ်တစိုက် စွမ်းစွမ်းတမံဆောင်ရွက်ခဲ့ကြသော မီးသတ်တပ်ဖွဲ့ဝင်များအား ယနေ့ကျင်းပသည့် (၇၉)နှစ်မြောက် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နေ့ အခမ်းအနားဖြင့် ဂုဏ်ပြုခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

မြဝတီ

# မွေးမြူသူတောင်သူများဝင်ငွေတိုးစေဖို့ မြန်မာတိုင်းရင်းနွားများကို မျိုးမြှင့်တင်ကြစို့

**ပန်းလှိုင်(မွေးသု)**

**❖ မြန်မာတိုင်းရင်းနွားများကို သေချာပြုစုစောင့်ရှောက်ပေးမည်ဆိုလျှင် တစ်နှစ်တစ်သားမွေးမြူနိုင်သောကြောင့် စီးပွားရေးအရ ပိုမိုဝင်ငွေရရှိနိုင် . . .**

**❖ မြန်မာတိုင်းရင်းနွားများကို အခြေခံကျန်းမာရေးစောင့်ရှောက်မှုအနေဖြင့် ခွာနာလျှာနာရောဂါကာကွယ်ဆေး၊ ထောင့်သန်းရောဂါကာကွယ်ဆေးနှင့် ပေါင်ပုပ်လက်ပုပ်ရောဂါကာကွယ်ဆေးများကိုလည်း ပုံမှန်ထိုးနှံပေးသင့် . . .**

ဖွံ့ဖြိုးဆဲနိုင်ငံတစ်နိုင်ငံဖြစ်သော မြန်မာနိုင်ငံ၏ စီးပွားရေးသည် စိုက်ပျိုးရေးနှင့် မွေးမြူရေး ထုတ်ကုန်များပေါ်တွင် အဓိကအခြေခံလျက်ရှိသည်။ ၂၀၁၇ ခုနှစ် ကမ္ဘာ့စားနပ်ရိက္ခာအဖွဲ့၏ ဖော်ပြချက်များအရ မွေးမြူရေးဆိုင်ရာ ထုတ်လုပ်မှုနည်းစနစ်များသည် လူမှုရေး၊ စီးပွားရေးတိုးတက်မှုကိုသာမက ထိုလူမှုအသိုင်းအဝိုင်းအတွက် စားနပ်ရိက္ခာဖူလုံမှုကိုပါ မြှင့်တင်ပေးနိုင်သည်ဟုဆိုသည်။ ကမ္ဘာ့လူဦးရေအနက် ခန့်မှန်းခြေလူဦးရေ တစ်ဘီလီယံခန့်သည် အသေးစားမွေးမြူရေးလုပ်ငန်းများအပေါ်တွင် မှီခိုနေရသည်။ မြန်မာနိုင်ငံသည် စားနပ်ရိက္ခာဖူလုံရေးနှင့် ဝင်ငွေရရှိရန်အတွက် မွေးမြူထုတ်လုပ်မှုကို တိုးမြှင့်ရန်လိုအပ်သည်။ ၂၀၂၃ ခုနှစ် တိရစ္ဆာန်ကောင်ရေစာရင်းအရ နွားကောင်ရေစုစုပေါင်း ကိုးသန်းခန့်ရှိပြီး အမဲသားထုတ်လုပ်မှုမှာ မက်ထရစ်တန် စုစုပေါင်း တစ်သိန်းကျော်ရှိကြောင်း သိရှိရသည်။ အမဲသားထုတ်လုပ်မှုကို ဒေသနွားမွေးမြူရေးမှ အဓိကထုတ်လုပ်လျက်ရှိသည်။ ထို့ကြောင့် မြန်မာ့ဒေသနွားမွေးမြူရေးကို အသားစားနွားမျိုးများဖြင့် သားစပ်မျိုးမြှင့်တင်ပြီး မွေးမြူနိုင်ပါက အသားကဏ္ဍတိုးတက်လာမည်ဖြစ်သည်။ ထို့ပြင်တိုင်းဒေသကြီး/ပြည်နယ်များအလိုက် အသားကဏ္ဍအစားအစာဖူလုံပြီး ရေရှည်တည်တံ့ခိုင်မြဲသော မွေးမြူရေးစနစ်ထွန်းကားလာကာ မိသားစုဝင်ငွေလည်း တိုးတက်လာမည်ဖြစ်သည်။ ထိုသို့မြန်မာ့တိုင်းရင်းနွားများကို မျိုးမြှင့်ထုတ်လုပ်နိုင်ရန်အတွက် သင့်လျော်သောနွားမျိုးများကို ရွေးချယ်ရန် လိုအပ်လာသည်။

မြန်မာ့ဒေသနွားအမျိုးအစားမှာ Asian Zebu (Bos indicus) နွားမျိုးများဖြစ်ကြပြီး ခိုင်းနွားအဖြစ် အများဆုံးမွေးမြူကြသည်။ မြန်မာနွားများသည် နေရာဒေသနှင့် အမွေးအရောင်ပေါ် မူတည်၍ အခေါ်အဝေါ်ကွဲပြားသွားကြခြင်းဖြစ်သည်။ မြန်မာ့နွားမျိုးများကို နွားနီအုပ်စု၊ နွားပြာအုပ်စု၊ နွားနက်အုပ်စုနှင့်နွားဖြူအုပ်စုဟူ၍ခေါ်ဆိုကြကြောင်းကိုလည်း စာအုပ်အကိုးအကားများအရသိရှိရသည်။ ထို့ပြင် နေရာဒေသပေါ်မူတည်ပြီး နွားနီအုပ်စုတွင် နွားနီ၊ နွားရွှေနီ၊ နွားကျစ်နီ၊ နွားနီထိပ်ကွက်၊ နွားဝါနီဟူ၍လည်းကောင်း၊ နွားပြာအုပ်စုတွင် နွားပြာစိမ်း၊ နွားပြာခြောက်၊ နွားပြာဝါ၊ နွားပြာဖြူဟူ၍လည်းကောင်း၊ နွားနက်အုပ်စုတွင် နွားနက်၊ သံရောင်ချိပ်၊ နွားနက်ထိပ်ကွက်၊ နွားညိုသံရောင်ဟူ၍လည်းကောင်း၊ နွားဖြူအုပ်စုတွင် စာဥ၊ စံပယ်ဖြူ၊ စံပယ်၊ စာဥဝါ၊ စာဥဝါကျား၊ စာဥထိပ်ကွက်၊ စာဥပြာ၊ စာဥအုန်းခွံဟူ၍လည်းကောင်း ဒေသအလိုက် ခေါ်ဝေါ်ကြသည်ကိုတွေ့ရသည်။ မြန်မာတိုင်းရင်းနွားမျိုးများစွာထဲမှ ရွှေနီနွားမျိုးနှင့် ပြာစိမ်းနွားမျိုးတို့ကို အဓိကမွေးမြူကြသည်။ ပြာစိမ်းနွားမျိုးများသည် အိန္ဒိယနွားမျိုးနှင့် တိုင်းရင်းနွားမျိုးများ သားစပ်ခြင်းဖြင့် ရရှိလာသည့် နွားမျိုးဖြစ်ပြီး ရွှေနီနွားမျိုးသည် တိုင်းရင်းနွားမျိုးစစ်စစ်ဖြစ်ကြောင်း စာတမ်းများအရသိရှိရသည်။ မြန်မာ့တိုင်းရင်းနွားမျိုးများသည် မြန်မာနိုင်ငံဒေသတော်တော်များများ၏ ကြမ်းတမ်းသောရာသီဥတုဒဏ်ကို ခံနိုင်ရည်ရှိသကဲ့သို့ ရောဂါပိုးမွှားဒဏ်ကိုလည်း ခုခံနိုင်စွမ်းရှိကြသည်။ မြန်မာနိုင်ငံတွင် တိုင်းရင်းနွားများကို လယ်ယာများထွန်ယက်ရန်၊ ပစ္စည်းများသယ်ယူပို့ဆောင်ပေးရန်နှင့် အသားနှင့်နို့အတွက်သာမက နွားချေးများကိုလည်း သဘာဝမြေဩဇာအဖြစ် အသုံးပြုရန်မွေးမြူကြသည်။

ထိုသို့ ဒေသနွားမျိုးများကို အလုပ်ကြမ်းခိုင်းရန်အတွက် အဓိကမွေးမြူကြသောကြောင့် စားသုံးသူများအတွက် လိုအပ်သောအသားပမာဏနှင့် အရည်အသွေးကောင်းမွန်သော အသားကို လုံလောက်စွာ ထုတ်လုပ်ပေးနိုင်ခြင်းမရှိပေ။ ထို့ကြောင့် ထုတ်လုပ်မှုကောင်းမွန်ပြီး အသားအရည်အသွေးကောင်းမွန်သော နွားမျိုးများကို ထုတ်လုပ်နိုင်ရန်အတွက် မျိုးမြှင့်တင်ပြီး မွေးမြူရန်လိုအပ်သည်။ မွေးမြူရေးသုတေသနဦးစီးဌာနအနေဖြင့်လည်း မြန်မာ့တိုင်းရင်းနွားမျိုးကောင်းမျိုးသန့်များရွေးချယ်ပြီး အသားစားနွားမျိုးများအဖြစ် မျိုးမြှင့်တင်ဆောင်ရွက်ရန် လုပ်ဆောင်လျက်ရှိသည်။ ပထမဦးဆုံးအဆင့်အနေဖြင့် မြန်မာတိုင်းရင်းနွားများကို မျိုးမြှင့်တင်ဆောင်ရွက်နိုင်ရန်အတွက် ကြီးထွားနှုန်းကောင်းမွန်သော မျိုးကောင်းမျိုးသန့်နွားများရွေးချယ်ခြင်းသုတေသနကို ဆောင်ရွက်ခဲ့သည်။ ထိုသုတေသနတွင် ရွှေနီနှင့် ပြာစိမ်းတို့၏ Phenotypic လက္ခဏာများကို လေ့လာပြီး ထုတ်လုပ်မှုကောင်းမွန်သော နွားမျိုးကိုရွေးချယ်ရန်အတွက်ဖြစ်သည်။ ထို့ပြင် Phenotypic သွင်ပြင်လက္ခဏာများကို လေ့လာခြင်းသည် ဒေသတွင်းသာမက နိုင်ငံတကာအဆင့် မျိုးရိုးဗီဇဆိုင်ရာ စီမံခန့်ခွဲမှုများအတွက်ပါ မရှိမဖြစ်လိုအပ်သော အခြေခံလေ့လာမှုတစ်ခုဖြစ်လာနေသည်ကို တွေ့ရသည်။ မျိုးရိုးဗီဇဆိုင်ရာ စီမံခန့်ခွဲမှုများကို ကျွမ်းကျင်စွာလုပ်ကိုင်နိုင်မှသာ မွေးမြူရေးကဏ္ဍဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သည်။ Phenotypic လက္ခဏာနှစ်မျိုးရှိပြီး အရည်အသွေးဆိုင်ရာလက္ခဏာများနှင့် အရေအတွက်ဆိုင်ရာလက္ခဏာများပင်ဖြစ်သည်။ အရည်အသွေးဆိုင်ရာလက္ခဏာဆိုသည်မှာ တိရစ္ဆာန်၏ပုံသဏ္ဍာန်၊ အရောင်နှင့်အသွင်အပြင် (ဥပမာ-အမွေးအရောင်၊ အမွေးအမျိုးအစား၊ ဦးချိုပုံသဏ္ဍာန်နှင့် နားရွက်အရှည်) တို့ဖြစ်သည်။ အရေအတွက်ဆိုင်ရာ လက္ခဏာဆိုသည်မှာ အရည်အသွေးဆိုင်ရာ လက္ခဏာများထက် မွေးမြူထုတ်လုပ်ရေးနှင့် တိုက်ရိုက်ဆက်စပ်နေသည့် တိရစ္ဆာန်၏ခန္ဓာကိုယ် သို့မဟုတ် ခန္ဓာကိုယ်အစိတ်အပိုင်းများ၏ အရွယ်အစားနှင့် အတိုင်းအတာများပင်ဖြစ်သည်။



သုတေသနပြုလုပ်ရာတွင် နေပြည်တော်ကောင်စီနယ်မြေမှ ပြာစိမ်းနွားမျိုးနှင့် မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ်မှ ရွှေနီနွားမျိုးတို့၏ အရည်အသွေးဆိုင်ရာ လက္ခဏာ၊ အရေအတွက်ဆိုင်ရာလက္ခဏာများနှင့်ပတ်သက်၍ အချက်အလက်များကောက်ယူခဲ့သည်။ ဤသုတေသနကိုပြုလုပ်ခြင်းအားဖြင့် ပွင့်ဖြူမြို့နယ်ရှိ ရွှေနီနွားမျိုးများသည် နေပြည်တော်ကောင်စီနယ်မြေရှိ ပြာစိမ်းနွားမျိုးများထက်ပိုကြီးပြီး ခန္ဓာကိုယ်အသားများသည်လည်း ပိုပြီးကျစ်လျစ်သန်မာကြောင်း လေ့လာသိရှိရသည်။ ထို့ကြောင့် မြန်မာတိုင်းရင်းနွားမျိုးများကို အသားစားနွားအဖြစ် မျိုးမြှင့်တင်ပြီး မွေးမြူမည်ဆိုလျှင် ရွှေနီနွားမျိုးများကို အသုံးပြုသင့်ကြောင်း လေ့လာသိရှိခဲ့ရသည်။ ထို့ပြင် မြန်မာ့တိုင်းရင်းနွား မျိုးကောင်းမျိုးသန့်များရွေးချယ်ပြီး အသားစားနွားမျိုးများအဖြစ် မျိုးမြှင့်တင်ထုတ်လုပ်နိုင်ရန် ပြင်ပသွင်ပြင်လက္ခဏာများကို လေ့လာခြင်းအပြင် မြန်မာ့တိုင်းရင်းနွားများ၏ ခန္ဓာကိုယ်ကြီးထွားမှုနှင့် သက်ဆိုင်သော မျိုးရိုးဗီဇလက္ခဏာများကိုလည်း လေ့လာရန်လိုအပ်သည်။ ခန္ဓာကိုယ်ကြီးထွားမှုနှင့် သက်ဆိုင်သော မျိုးရိုးဗီဇလက္ခဏာများကို သိရှိနိုင်ရန်အတွက် ခန္ဓာကိုယ်ကြီးထွားမှုနှင့်သက်ဆိုင်သော မျိုးဗီဇပါဝင်မှုရှိ/မရှိကိုလည်း မွေးမြူရေးသုတေသနဦးစီးဌာနတွင် ရှာဖွေဖော်ထုတ်ခြင်းကို သုတေသနပြုလုပ်ခဲ့သည်။ ထိုသို့သုတေသနပြုလုပ်ရာတွင် မြန်မာ့တိုင်းရင်းနွားမျိုးများတွင် ခန္ဓာကိုယ်ကြီးထွားမှုနှင့် သက်ဆိုင်သောမျိုးဗီဇပါဝင်မှုရှိသည်ကို တွေ့ရှိခဲ့ရသည်။


ထို့ပြင် မြန်မာတိုင်းရင်းနွားမျိုးများသည် ရာသီဥတုကြမ်းတမ်းမှုဒဏ်ကို ခံနိုင်သလို အစားအစာကြမ်းတမ်းမှုဒဏ်ကိုလည်း ခံနိုင်ရည်ရှိကြသည်။ မြန်မာတိုင်းရင်းနွားများသည် လူတို့မစားသော စိုက်ပျိုးရေးဘေးထွက်ပစ္စည်းများဖြစ်သည့်ကောက်ရိုးနှင့် မြက်များကိုစားသုံးပြီး ရှင်သန်ကြီးထွားနိုင်ကြသည်။ ဖြည့်စွက်စာအဖြစ် ရာသီအလိုက်ပေါ်သော ပဲဖတ်၊ နှမ်းဖတ်၊ နေကြာဖတ်၊ မြေပဲဖတ်နှင့် ပြောင်းရိုးတို့ကိုကျွေးကြသည်။ အစာရှားပါးသောဒေသများတွင် ထန်းသီးများကျွေးကြသလို ကောက်ရိုးချဉ်ဖတ်၊ မြက်ချဉ်ဖတ်နှင့် နှံစားပြောင်းချဉ်ဖတ်တို့ကို ကျွေး၍ မွေးမြူကြသည်။ မြန်မာတိုင်းရင်းနွားများကို သေချာပြုစုစောင့်ရှောက်ပေးမည်ဆိုလျှင် တစ်နှစ်တစ်သားမွေးမြူနိုင်သောကြောင့် စီးပွားရေးအရ ပိုမိုဝင်ငွေရရှိနိုင်သည်။ မြန်မာတိုင်းရင်းနွားများကို အခြေခံကျန်းမာရေးစောင့်ရှောက်မှုအနေဖြင့် ခွာနာလျှာနာရောဂါကာကွယ်ဆေး၊ ထောင့်သန်းရောဂါကာကွယ်ဆေးနှင့် ပေါင်ပုပ်လက်ပုပ်ရောဂါကာကွယ်ဆေးများကိုလည်း ပုံမှန်ထိုးနှံပေးသင့်သည်။ မြန်မာတိုင်းရင်းနွားမျိုးများကို မျိုးမြှင့်တင်သားစပ်မည်ဆိုလျှင်နိုင်ငံခြားနွားမျိုးများဖြစ်သည့်ဘရာမန်(Brahman) နှင့် အင်ဒိုဘရာဇီး (Indobrazil) နွားမျိုးများကို အသုံးပြုနိုင်သည်။

နိဂုံးချုပ်အနေဖြင့် မြန်မာ့တိုင်းရင်းနွားများတွင် ခန္ဓာကိုယ်ကြီးထွားမှုနှင့် သက်ဆိုင်သော မျိုးဗီဇများပါဝင်ပါကြောင်းနှင့် မြန်မာတိုင်းရင်းနွားမျိုးများကို အသားစားနွားများအဖြစ် မျိုးမြှင့်တင်ပြီးမွေးမြူမည်ဆိုလျှင် ရွှေနီနွားမျိုးများသည် ခန္ဓာကိုယ်ကျစ်လျစ်ပြီး အသားများသောကြောင့် အသားစားနွားအဖြစ်ထုတ်လုပ်ရန် ပိုမိုသင့်လျော်ကာ မွေးမြူသူတောင်သူများအတွက်လည်း ဝင်ငွေများပိုမိုရရှိလာနိုင်မည်ဖြစ်ကြောင်း တင်ပြလိုက်ရပါသည်။ ။

# လူ့စွမ်းအားရင်းမြစ်အညွန့်အဖူးများ လန်းဆန်းရှင်သန်ကြပါစေ

**ဦးကျော်ညွန့်(ရေနံချောင်း)**

တက္ကသိုလ်ဝင်စာမေးပွဲသည် နိုင်ငံတော်ကကြီးမှူးကျင်းပစစ်ဆေးပေးသည့် နိုင်ငံတော်အဆင့်စာမေးပွဲဖြစ်သည်။ ထိုစာမေးပွဲအောင်မြင်သည့် ရမှတ်အပေါ်မူတည်ပြီး အသက်မွေးဝမ်းကျောင်းတက္ကသိုလ်များနှင့် အခြားသောတက္ကသိုလ်များသို့ ဆက်လက်သင်ယူကြရသည်။ တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုကြသူများသည် ရည်မှန်းချက်အမျိုးမျိုးရှိသည်။ ရည်မှန်းချက်ပြည့်မြောက်အောင်သင်ယူလေ့လာဆည်းပူးကြသည်။ ကြိုးစားပမ်းစားအားထုတ်ကြသည်။ ဖြေဆိုမည့် တက္ကသိုလ်ဝင်စာမေးပွဲအတွက် ကြိုတင်ကြိုးစားပြင်ဆင်လျက်ရှိကြသည်။ တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုကြမည့်သူများအားလုံးသည် တက္ကသိုလ်ဝင်စာမေးပွဲကို အောင်မြင်လိုကြသူများချည်းသာ ဖြစ်သည်။



၂၀၂၅ ခုနှစ် မတ်လ ၂၈ ရက်တွင် ရုတ်တရက်အင်အားပြင်းငလျင်လှုပ်ခတ်သည့်အချိန်တိုအတွင်း တစ်ခဏချင်းမှာပင် ငလျင်ဘေးဒဏ်သင့်နေရာအသီးသီး၌ လမ်းများ၊ တံတားများ၊ လူနေအဆောက်အအုံများ၊ ဘာသာရေးအဆောက်အအုံများ၊ ရှေးဟောင်းသမိုင်းဝင်ယဉ်ကျေးမှုအမွေအနှစ်များ၊ ဆေးရုံဆေးခန်းများ၊ စာသင်ကျောင်းများ၊ စက်ရုံ၊ အလုပ်ရုံများ စသည့်အဆောက်အအုံများ ထိခိုက်ပျက်စီးခြင်းနှင့်အတူ ဆက်သွယ်ရေးလမ်းကြောင်းများ၊ လျှပ်စစ်မီးများပါထိခိုက်ပျက်စီးခဲ့ရသည်။ အဆောက်အအုံအသီးသီးပြိုလဲပျက်စီးမှုများကြောင့် ထိခိုက်ဒဏ်ရာရရှိခဲ့ကြသည်။ အချို့သေဆုံးခဲ့ကြရသည်။ စိတ်မသက်သာစရာအနိဋ္ဌာရုံများက တစ်မုဟုတ်ချင်းဖြစ်ပေါ်လာသည်။

ငလျင်ဒဏ်ကြောင့် မန္တလေးတက္ကသိုလ်ပင်မဆောင်သည် ပြိုကျပျက်စီးမှုများဖြစ်ပေါ်ခဲ့သည့်အပြင် မီးလောင်မှုပါဖြစ်ပေါ်ခဲ့ရသည်။ ထိုမီးလောင်မှုကြောင့် မန္တလေးတက္ကသိုလ်ပင်မဆောင်သို့ရောက်ရှိလျက်ရှိသည့် ၂၀၂၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲအဖြေလွှာစာအုပ်များ မီးလောင်ပျက်စီးဆုံးရှုံးခဲ့ရသည်။ ထိုအဖြေလွှာစာအုပ်များမှာ မန္တလေးတိုင်းဒေသကြီးမှ ဖြေဆိုသူဦးရေ ၄၆၉၄၄ ဦး၏အဖြေလွှာအုပ်ရေ ၂၈၀၉၄၀ အုပ်၊ စစ်ကိုင်းတိုင်းဒေသကြီးမှ ဖြေဆိုသူဦးရေ ၇၃၁၁ ဦး၏ အဖြေလွှာအုပ်ရေ ၄၃၈၂၇ အုပ်၊ ကချင်ပြည်နယ်မှ ဖြေဆိုသူဦးရေ ၈၆၉၉ ဦး၏အဖြေလွှာအုပ်ရေ ၅၂၁၈၉ အုပ်တို့ဖြစ်ကြောင်း ကြားသိရသည်။ ထိုဒေသများရှိ ၂၀၂၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုထားကြသော ကျောင်းသား၊ ကျောင်းသူလေးများအရေး စိတ်မအေးဖြစ်ရသည်။ စိတ်ပူမိသည်။

စာမေးပွဲစစ်ဆေးခြင်းသည် တတ်မြောက်ကျွမ်းကျင်မှုအရည်အချင်းကိုစစ်ဆေးခြင်းဖြစ်သည်။ စာမေးပွဲဖြေဆိုကြမည့်သူတိုင်း အောင်လိုစိတ်ချင်းတူညီကြသည်။ အောင်လိုစိတ်ချင်းတူညီနေလင့်ကစား တစ်ဦးနှင့်တစ်ဦး၏ ရည်မှန်းချက်ချင်းတူသည်လည်းရှိမည်၊ မတူသည်လည်းရှိသည်။ ကြိုးစားအားထုတ်ဝါယမစိုက်ထုတ်ပုံချင်း တူသည်လည်းရှိမည်၊ မတူသည်လည်းရှိသည်။ ဉာဏ်ရည်ဉာဏ်သွေး၊ ကိုယ်ရည်ကိုယ်သွေးထက်မြက်ပုံချင်းတူသည်လည်းရှိမည်၊ မတူသည်လည်းရှိသည်။ တစ်ဦးနှင့်တစ်ဦးကား အလုံးစုံမတူညီနိုင်ပေ။ ထိုမတူညီသောအခြေအနေအရပ်ရပ်အပေါ်တည်မှီပြီး အချို့စာမေးပွဲအောင်ကြသည်၊ အချို့စာမေးပွဲကျရှုံးကြသည်။ ရိုးရိုးသာမန်အောင်ကြသူများလည်းရှိသည်၊ ထူးချွန်စွာအောင်ကြသူများလည်းရှိပေသည်။ ကြိုးစားအားထုတ်ဝါယမစိုက်မှုအပေါ်မူတည်ပြီး အောင်မြင်မှုအဆင့်ချင်းကွဲပြားခြားနားရခြင်းဖြစ်ပေသည်။

အင်အားပြင်းငလျင်လှုပ်ခတ်မှုကြောင့် မန္တလေးတက္ကသိုလ်ပင်မဆောင်မီးလောင်မှုဖြစ်ပွားရာ၌ လောင်ကျွမ်းပျက်စီးသွားသောအဖြေလွှာများထဲတွင် ကျရှုံးမည့်အဖြေလွှာများ၊ အမှတ်အနည်းအများအလိုက်အောင်မြင်မည့်အဖြေလွှာများ၊ ထူးချွန်စွာအောင်မြင်မည့်အဖြေလွှာများ ပါဝင်နေမည်မှာသေချာသည်။ လက်လွတ်စပယ် မစဉ်းစားမချင့်ချိန်ဘဲ လျစ်လျူရှုမထားသင့်သောကိစ္စဖြစ်သည်။ အချို့က လတ်တလောဖြစ်ပေါ်ခဲ့သည့်ငလျင်ဒဏ်ကြောင့် မီးလောင်ပျက်စီးသွားသည့် အဖြေလွှာစာအုပ်များကိစ္စအတွက် ရေရှည်မစဉ်းစားဘဲ လတ်တလောစိတ်ခံစားမှုကို ရှေ့တန်းတင်လာကြသည်။ ဖြစ်စဉ်ပါ ဖြေဆိုခဲ့သည့်ကျောင်းသား၊ ကျောင်းသူတို့၏ရေရှည်အကျိုးကိုမျှော်မှန်းပြီး အများစုက ပြန်လည်စစ်ဆေးဖြေဆိုစေချင်ကြသည်။ ရေရှည်ကောင်းကျိုးကိုမစဉ်းစားဘဲ လတ်တလောစိတ်ခံစားချက်ကို ရှေ့တန်းတင်သည့်လူအနည်းစုက ပြန်လည်စစ်ဆေးဖြေဆိုခြင်းမပြုဘဲ ဖြစ်စဉ်ပါ ဖြေဆိုသူအားလုံးကို သနားကရုဏာသက်ကာ အအောင်ပေးစေချင်ကြသည်။ သနားကရုဏာသက်ကာ အအောင်ပေးချင်သူများအနေဖြင့် တက္ကသိုလ်ဝင်စာမေးပွဲဟူသည် အခြေခံပညာမှအဆင့်မြင့်ပညာသို့ကူးပြောင်းရာ လမ်းခွဲလမ်းဆုံဖြစ်သည်ကို သတိမူကြရမည်ဖြစ်သည်။

သတိမူမိရာမှ သတိရလာပြန်သည်။ ဖ.ဆ.ပ.လအစိုးရလက်ထက်တွင် အလယ်တန်းအဆင့်ခုနစ်တန်းကို နိုင်ငံတော်အဆင့်စာမေးပွဲဖြင့်စစ်ဆေးသည်။ အများစုက ထိုသို့စစ်ဆေးသောစာမေးပွဲကို အစိုးရစစ်စာမေးပွဲဟုခေါ်ဆိုကြသည်။ ဖ.ဆ.ပ.လအစိုးရလက်ထက် အာဏာရအစိုးရသည် ၁၉၅၆ ခုနှစ် ခုနစ်တန်းအစိုးရစစ်စာမေးပွဲဖြေဆိုဆဲကာလအတွင်း အကြောင်းအမျိုးမျိုးကြောင့်ဖြေဆိုမှုကိုရပ်ဆိုင်းပစ်လိုက်သည်။ ထို့ပြင် ဖြေဆိုသူအားလုံးကို အအောင်ပေးပစ်လိုက်သည်။ ခုနစ်တန်းအစိုးရစစ်စာမေးပွဲသို့ ဝင်ရောက်ဖြေဆိုသူအားလုံးသည် ခုနစ်တန်းအစိုးရစစ်စာမေးပွဲအောင်လက်မှတ်ရရှိကြသည်။

ထိုစဉ်က အစိုးရစစ်ခုနစ်တန်းစာမေးပွဲကို ဖြေဆိုအောင်မြင်ကြောင်းအောင်လက်မှတ်ရရှိထားကြသူများသည် အသက်မွေးဝမ်းကျောင်းသင်တန်းအချို့သို့တက်ရောက်ခွင့်ရှိသည်။ သင်တန်းကာလပြီးဆုံးပါကသက်ဆိုင်ရာဌာနများတွင် ဝင်ရောက်အမှုထမ်းခွင့်ရသည်။ အချို့သောဌာနဆိုင်ရာများတွင် အမှုထမ်းခွင့်ရရှိသည်။ ထိုခေတ်က သတ္တမတန်းအစိုးရစစ်စာမေးပွဲကိုအောင်မြင်ကြောင်းထုတ်ပေးသည့်အောင်လက်မှတ်သည်တန်ဖိုးရှိလှပေသည်။ သတ္တမတန်းအစိုးရစစ်စာမေးပွဲသည် ဘဝအတွက်အရေးကြီးသောစာမေးပွဲဖြစ်သည်။ ထို့ကြောင့်သတ္တမတန်းအစိုးရစစ်စာမေးပွဲကိုဖြေဆိုအောင်မြင်ရန် အသည်းအသန်ကြိုးစားကြရပေသည်။

ဖ.ဆ.ပ.လ အစိုးရလက်ထက်က သတ္တမတန်းအစိုးရစစ်စာမေးပွဲအောင်လက်မှတ်သည်တန်ဖိုးရှိလှ၏။ သို့ပေမယ့် ဖ.ဆ.ပ.လအစိုးရလက်ထက်မှာပင် ၁၉၅၆ ခုနှစ် သတ္တမတန်းအစိုးရစစ်စာမေးပွဲအောင်လက်မှတ်သည် တန်ဖိုးမရှိဘဲ တန်ဖိုးမဲ့သွားသည်။ အကြောင်းမှာ သတ္တမတန်းအစိုးရစစ်စာမေးပွဲဖြေဆိုရန်စာရင်းသွင်းထားသူအားလုံးကို စာမေးပွဲမစစ်ဆေးဘဲ အအောင်ပေးလိုက်သောကြောင့်ဖြစ်သည်။ ၁၉၅၆ ခုနှစ် သတ္တမတန်းအစိုးရစစ်စာမေးပွဲအောင်လက်မှတ်ကို အရည်အသွေးမပြည့်မီသောအောင်လက်မှတ်များအဖြစ် သတ်မှတ်ကြသည်။ အသက်မွေးဝမ်းကျောင်းသင်တန်းများသို့တက်ရောက်ရန် အခွင့်အလမ်းမရရှိသကဲ့သို့ ဌာနဆိုင်ရာများတွင် ဝန်ထမ်းလုပ်ကိုင်ရန် အခွင့်အလမ်းလည်း မရရှိနိုင်တော့ပေ။ ၁၉၅၆ ခုနှစ် သတ္တမတန်းအစိုးရစစ်စာမေးပွဲအောင်လက်မှတ်ကို ပိုက်ထားကြရသူများခမျာ မျက်နှာငယ်နေကြရရှာသည်။ ထိုသို့မဖြေဆိုရဘဲ ရရှိလာသောအောင်လက်မှတ်ကြောင့် ရည်မှန်းချက်များပျောက်ကွယ်သွားကြရသည်။ ကြိုးစားအားထုတ်ရသည်များက အရာမထင်အလဟဿဖြစ်သွားရသည်။ ဉာဏ်ရည်ဉာဏ်သွေးအညွန့်အဖူးများ နွမ်းရိညှိုးခွေသွားသည်။ စာမေးပွဲမဖြေဆိုရဘဲ အောင်ခဲ့ရသောကြောင့်ရရှိခဲ့ရသည့်ဆိုးကျိုးများဖြစ်သည်။

ထိုကာလက ခုနစ်တန်းအစိုးရစစ်စာမေးပွဲထက် ယခုတက္ကသိုလ်ဝင်စာမေးပွဲက ပိုပြီးအရေးကြီးလှသည်။ ယခုတက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်သူများသည် ကြိုးစားအားထုတ်ဝါယမစိုက်ခဲ့မှုနှင့်အညီ ရရှိခဲ့သော အမှတ်ပေါင်းကိုအခြေပြုပြီး အဆင့်မြင့်တက္ကသိုလ်အသီးသီးသို့ တက်ရောက်သင်ယူနိုင်သည့်အခွင့်အလမ်းရှိသည်။ တက္ကသိုလ်ဝင်စာမေးပွဲဟူ၍ခေါ်ဆိုသည့်အတိုင်း အဆင့်မြင့်တက္ကသိုလ်များသို့တက်ရောက်သင်ယူနိုင်ရန် အရည်အချင်းပြည့်မီသူများကို ရွေးချယ်ပေးသည့်စာမေးပွဲဖြစ်သည်။ သို့မှလည်း ဖြေဆိုသူတစ်ဦးချင်းစီ၏အရည်အချင်းအစစ်အမှန်ပေါ်လာမည်ဖြစ်သည်။ အင်အားပြင်းငလျင်ဘေးဒဏ်သင့်သဖြင့် ပျက်စီးခဲ့ရသော ကချင်ပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီးနှင့် နေပြည်တော်ကောင်စီနယ်မြေတို့မှ ၂၀၂၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ အဖြေလွှာများပိုင်ရှင် ဖြေဆိုသူများအားလုံးကိုသက်ညှာကာ အအောင်ပေးလိုက်မည်ဆိုပါက ကျန်ပြည်တွင်းစာစစ်ဌာနများနှင့် နိုင်ငံခြားစာစစ်ဌာနများအသီးသီးတို့တွင်ဖြေဆိုခဲ့ကြသူများထဲမှ ကျရှုံးသူများ၏မျက်နှာကို မထောက်ထားမငဲ့ညှာရာဖြစ်ချေမည်။ ရည်မှန်းချက်ကြီးကြီးနှင့်ကြိုးစားအားထုတ်ဝါယမစိုက်ခဲ့သူများနှင့်ထူးချွန်ထက်မြက်သူများကိုလျစ်လျူရှုရာဖြစ်ချေမည်။ မိဘတို့၏ရင်သွေး၊ နိုင်ငံတော်၏ရင်သွေးဖြစ်သော မျိုးဆက်သစ်လူ့စွမ်းအားရင်းမြစ်အညွန့်အဖူးတို့ကိုချိုးနှိမ်ပစ်ရာဖြစ်ချေမည်။

နိုင်ငံတော်အစိုးရနှင့် ပညာရေးဝန်ကြီးဌာနတို့သည် ရှုထောင့်ပေါင်းစုံကကြည့်ပြီး အစစအရာရာဆင်ခြင်သုံးသပ်ချင့်ချိန်ကာ အင်အားပြင်းငလျင်ဘေးဒဏ်ကြောင့် ၂၀၂၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲအဖြေလွှာများပျက်စီးခဲ့ရသည့် ကချင်ပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ နေပြည်တော်ကောင်စီနယ်မြေနှင့် မန္တလေးတိုင်းဒေသကြီးတို့မှ၂၀၂၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုမည့်သူများကို ပြန်လည်ဖြေဆိုနိုင်ရန်အတွက်အမြော်အမြင်ကြီးကြီးနှင့် စီစဉ်ဆောင်ရွက်ပေးနေပြီဖြစ်သည်။ သတ်မှတ်ဒေသအသီးသီးရှိစာဖြေဌာနအသီးသီးသို့ ဝင်ရောက်ဖြေဆိုကြမည့်ကျောင်းသား၊ ကျောင်းသူများကို စိတ်ဓာတ်ခွန်အားမြှင့်တင်ပေးခြင်း၊ ကျန်းမာရေးစောင့်ရှောက်မှုပေးခြင်း၊ တက္ကသိုလ်အသီးသီးမှဘာသာရပ်အလိုက် ဆရာ၊ ဆရာမများက စခန်းသွင်းသင်ကြားလေ့ကျင့်ပေးခြင်း၊ လိုအပ်သည့်လိုအပ်ချက်များကိုကူညီဖြည့်ဆည်းပံ့ပိုးပေးခြင်းစသည်ဖြင့် ဘက်ပေါင်းစုံအောင်အားပေးလျက်ရှိသည်။ ထိုသို့စီမံဆောင်ရွက်ပေးနေခြင်းသည် မိဘတို့၏ရင်သွေးရတနာများဖြစ်ကြသော နိုင်ငံတော်၏ရင်သွေးရတနာများဖြစ်ကြသည့် လူ့စွမ်းအားရင်းမြစ်အညွန့်အဖူးများကိုမညှိုးမနွမ်း၊ မခြောက်မသွေ့ဘဲ လန်းဆန်းရှင်သန်နေအောင် ပြုစုစောင့်ရှောက်မြေတောင်မြှောက်ပေးနေခြင်းပင်ဖြစ်သည်။

ယခုအချိန်အခါသည် အင်အားပြင်းငလျင်ဒဏ်ကြောင့် အမျိုးမျိုးအဖုံဖုံအနိဋ္ဌာရုံများဖြစ်အောင် ပြိုလဲပျက်စီးသွားသည်များကိုကြည့်ပြီး ကြေကွဲဝမ်းနည်းနေရမည့် အချိန်အခါမဟုတ်တော့ပေ။ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ၊ ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများ၊ သတ်မှတ်ဒေသများရှိစာဖြေဌာနအသီးသီးတွင်၂၀၂၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲပြန်လည်ဖြေဆိုရေးလုပ်ငန်းများစသည့် လုပ်ငန်းစဉ်များကို နိုင်ငံသူ၊ နိုင်ငံသားအားလုံးက တက်ညီလက်ညီ၊ အင်တိုက်အားတိုက်၊ အားတက်သရောပူးပေါင်းပါဝင်ကာ အမျိုးသားရေးတာဝန်များအဖြစ် လေးလေးနက်နက်ခံယူပြီး အမျိုးသားရေးအမြင်ဖြင့် ဆောင်ရွက်ကြရမည့်အချိန်အခါပင်မဟုတ်ပါလော။ ။

# တောင်ကြီးမြို့၌ (၇၉)နှစ်မြောက် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နေ့ အခမ်းအနားကျင်းပ



**တောင်ကြီး မေ ၅**

ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးမြို့ ကံကြီးရပ်ကွက် တောင်ကြီး-ဟိုပုံးလမ်းရှိ တောင်ကြီးခရိုင်မီးသတ်ဦးစီးဌာနရုံး၌ မေလ ၅ ရက် နံနက် ၉ နာရီတွင် (၇၉) နှစ်မြောက် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နေ့ အခမ်းအနားကျင်းပသည်။

ရှေးဦးစွာ တက်ရောက်လာကြသူများက နိုင်ငံတော်အလံအား အလေးပြုခြင်း၊ ကျဆုံးလေပြီးသော တပ်ဖွဲ့ဝင်များအား အလေးပြုခြင်း၊ သစ္စာအဓိဋ္ဌာန်လေးချက် ရွတ်ဆိုခြင်းနှင့် ငလျင်လှုပ်ခတ်မှုကြောင့် အသက်ဆုံးရှုံးသူများနှင့် ပျက်စီးဆုံးရှုံးခဲ့ရမှုများအတွက် ဝမ်းနည်းသည့်အထိမ်းအမှတ်အဖြစ် မတ်တတ်ရပ်၍ တစ်မိနစ်ငြိမ်သက်ခြင်းများပြုလုပ်ကြသည်။

ဆက်လက်၍ ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးအောင်အောင်က ပြည်သူများအနေဖြင့် မဖြစ်မနေ လိုက်နာဆောင်ရွက်ရမည့် အချက်များကို နားလည်သဘောပေါက်အောင် အသိပညာပေးစည်းရုံးဆောင်ရွက်သွားရန်လိုကြောင်း၊ မီးသတ်တပ်ဖွဲ့ဝင်များအနေဖြင့် မိမိတပ်ဖွဲ့၏ရပ်တည်ချက်များ၊ ရည်မှန်းချက်တာဝန်များနှင့် ဥပဒေပါ ပြဋ္ဌာန်းချက်များကို ကောင်းမွန်စွာသိရှိနားလည်ပြီး လုပ်ငန်းတာဝန်များကိုကျေပွန်စွာထမ်းဆောင်နိုင်ရန်လည်း လိုအပ်ကြောင်းပြောကြားသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်အောင်က စံပြမီးသတ်စခန်းဆုရရှိသော လင်းခေးမြို့နယ်မီးသတ်စခန်းနှင့် သင်တန်းတွင် ထူးချွန်ဆုရရှိသူများကို ဆုများပေးအပ်သည်။

ယင်းနောက် မီးသတ်တပ်ဖွဲ့ဝင်များက ရှာဖွေကယ်ဆယ်ရေးနှင့် မီးငြိမ်းသတ်ရေးစွမ်းရည်အမျိုးမျိုးတို့ကို သရုပ်ပြသကြရာ ပြည်နယ်ဝန်ကြီးချုပ်နှင့် တတ်ရောက်လာကြသူများက ကြည့်ရှုအားပေးကြပြီး ခင်းကျင်းပြသထားသော မီးငြိမ်းသတ်ရေးနှင့် ရှာဖွေကယ်ဆယ်ရေးပစ္စည်းကိရိယာများကို ကြည့်ရှုလေ့လာကြောင်းသိရသည်။

(၄၀၅)

# လျှော်ကြေးများ: none

# ငလျင်ဘေးသင့်ဒေသပြည်သူများသို့ ငွေနှင့်အလှူပစ္စည်းများ ထောက်ပံ့ပေးလျက်ရှိ

နေပြည်တော် မေ ၅

မြန်မာနိုင်ငံတွင် မတ်လ ၂၈ ရက်က လှုပ်ခတ်ခဲ့သော အင်အားအလွန်ပြင်းထန်သည့်ငလျင်ဒဏ်ကို ပြင်းထန်စွာခံစားခဲ့ရသော တိုင်းဒေသကြီး/ပြည်နယ် ခြောက်ခုတို့တွင် ယနေ့အထိ သေဆုံးသူ ၃၇၈၇ ဦး၊ ထိခိုက်ဒဏ်ရာရရှိသူ ၅၁၀၆ ဦးနှင့် ပျောက်ဆုံးသူ ၈၈ ဦး ရှိသည်။

မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နှင့် ပြည်တွင်းပြည်ပမှရှာဖွေကယ်ဆယ်ရေးအဖွဲ့ဝင်များသည် လိုအပ်သည့်ဒေသများသို့ အချိန်နှင့်တစ်ပြေးညီ ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိပြီး အဆောက်အအုံများအတွင်းပိတ်မိနေသူများကို ရှာဖွေကယ်ဆယ်ခဲ့ရာ ယနေ့အထိအသက်ရှင်သူ ၆၅၃ ဦးကို ရှာဖွေကယ်ဆယ်ပေးနိုင်ခဲ့ပြီး သေဆုံးသူ ၇၉၂ ဦးကို ရှာဖွေပေးနိုင်ခဲ့သည်။

ငလျင်ဘေးသင့်ပြည်သူများသို့ ပြည်တွင်းစေတနာရှင်အလှူရှင်များက ငွေနှင့်အလှူပစ္စည်းများ ထောက်ပံ့လှူဒါန်းလျက်ရှိသကဲ့သို့ ပြည်ပနိုင်ငံများ၊ အဖွဲ့အစည်းများ၊ စေတနာရှင်အလှူရှင်များက ငွေနှင့်အလှူပစ္စည်းများ ထောက်ပံ့လှူဒါန်းပေးလျက်ရှိရာ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ မေလ ၄ ရက် ညနေ ၅ နာရီမှ မေလ ၅ ရက် ညနေ ၅ နာရီအတွင်း မြန်မာနိုင်ငံကြက်ခြေနီအသင်းမှတစ်ဆင့် japanese Red Cross Society က လှူဒါန်းသည့် ဆေးနှင့်ဆက်စပ်ပစ္စည်းများ ၂ ဒသမ ၆၂၅ တန် ရောက်ရှိခဲ့သည်။

ထောက်ပံ့ရေးပစ္စည်းများကိုလည်း ဘေးသင့်ပြည်သူများလက်ဝယ်အရောက် အမြန်ဆုံးခွဲဝေထောက်ပံ့လျက်ရှိကြောင်း သိရသည်။

မြဝတီ

# နွေစပါးစိုက်ပျိုးထားသော သမဝါယမအသင်းများသို့ ကွင်းဆင်းကြည့်ရှုစစ်ဆေး

**ညောင်ရွှေ မေ ၅**

ရှမ်းပြည်နယ်(တောင်ပိုင်း) ညောင်ရွှေမြို့နယ်ရှိ နွေစပါးစိုက်ပျိုးထားသောသမဝါယမအသင်းများသို့ ပြည်နယ်သမဝါယမဦးစီးဌာန ဦးစီးမှူး ဦးကျော်မိုးတင့်နှင့်တာဝန်ရှိသူများက မေလ ၅ ရက် နံနက်ပိုင်းတွင် ကွင်းဆင်းကြည့်ရှုကြကြောင်းသိရသည်။

ထိုသို့ကြည့်ရှုရာတွင် ညောင်ရွှေမြို့နယ် အင်းပေါခုံကျေးရွာရှိ ခိုင်စံပယ်လယ်ယာနှင့် အထွေထွေစီးပွားရေးသမဝါယမအသင်းနှင့် သလဲဦးကျေးရွာရှိ ရောင်နီဦးစိုက်ပျိုးထုတ်လုပ်ရေးသမဝါယမအသင်းများမှ နွေစပါးစိုက်ပျိုးထားရှိမှုအခြေအနေများအား စစ်ဆေးပြီး သွင်းအားစုများရရှိနိုင်ရေးအတွက် ချိတ်ဆက်ဆောင်ရွက်ပေးသည်။

ဆက်လက်၍ညောင်ရွှေမြို့နယ် သလဲဦးကျေးရွာရှိ ဘုန်းတော်ကြီးကျောင်းတွင် ငလျင်ဘေးသင့်ခဲ့သော သမဝါယမအသင်းသား ပြည်သူများအား အဝတ်အထည်များ ပေးအပ်ကြောင်းသိရသည်။

ဇော်မျိုး(မြဝတီ)

## မီးသတ်ဂုဏ်ရည် ကောင်းမြတ်သည်

❖ မီးဘေးအစဉ် ကာကွယ်ရေး
ရှေးရှုတွေး ရပ်တည်ကာ။
မီးသတ်သမားတို့စိတ်ထား
လေးစားဖွယ်ပါ။
မီးသတ်သမားတို့ ဂုဏ်အဖြာဖြာ
တွေးဆကာ မြင်ယောင်ကြည့်။
မီးလျှံကြားက ပန်းအလှဟု
စာသဖွယ်အလှတရား
ပိုင်စားသည်တည့်။

❖ သုံးရာသီ ချိန်ခါမလပ်
ရပ်ရွာတစ်ခွင် စောင့်ကြပ်ကာ။
မီးဘေးမကြုံစေရေး
လေးစားလိုက်နာ။
မီးသတိပြုကြစေရာ
ပညာပေးသည်သာမက။
လူ ရေ ယာဉ် အသင့်ပြင်ကာ
မီးလောင်ရာအမြန်ပြေး
ငြိမ်းသတ်ပေးရန် အားထုတ်မှုလည်း
ပြုကြသည်ပ။

❖ နိုင်ငံတော် အရန်အင်အား
ပီသပြောင်းစွာ မီးဘေးအပြင်။
သဘာဝ ဘေးအဝဝ
ကြုံရပါလျှင်။
တက်ကြွစွာ မငြိုမငြင်
ပါဝင်ဖေးကူ စွမ်းဆောင်အား။
ပြည်သူအတွက် အစဉ်သာ
ဝါသနာ စေတနာပေါင်းစပ်၍
ကောင်းမြတ်သူများ။ ။

**အင်ကြင်းသူ(နေပြည်တော်)**

## မြဝတီရုပ်မြင်သံကြားအစီအစဉ်

၆-၅-၂၀၂၅ (အင်္ဂါနေ့)

| | |
|---|---|
| ၁။ ၀၆:၀၀ နိုင်ငံတော်သီချင်း | ၉။ ၁၅:၀၀ တစ်ချိန်ကသူတို့အကြောင်း |
| ၂။ ၀၈:၀၀ မျိုးချစ်တပ်မတော် | ၁၀။ ၁၆:၀၀ ကိုယ်လက်လှုပ်ရှားအားကစား |
| ၃။ ၀၉:၀၀ ရင်မှာစွဲလမ်းတော်ဝင်ပန်း | ၁၁။ ၁၇:၀၀ သာယာသီကြွေးခေတ်ဆန်းတေး |
| ၄။ ၁၀:၀၀ နိုင်ငံတကာသတင်း | ၁၂။ ၁၈:၀၀ နုပျိုလှပကျန်းမာဖို့လမ်းလျှောက်ကြပါစို့ |
| ၅။ ၁၁:၀၀ မြဝတီရုပ်မြင်သံကြားသတင်း | ၁၃။ ၁၈:၃၀ ထုတ်လွှင့်ပြန်ကြားသတင်းမှန်များ |
| ၆။ ၁၂:၀၀ ရှေးမြန်မာမင်းများ၏ခေါင်းဆောင်မှု | ၁၄။ ၁၈:၄၀ မွေးမြူသုတ |
| ၇။ ၁၃:၀၀ အမှတ်တရနေ့ရက်များ | |
| ၈။ ၁၄:၀၀ ဝေမျှဆွေးနွေးလူငယ့်အရေး | |

# လျှော်ဒဏ်ကြောင့် ထိခိုက်ခံစားခဲ့ရသည့်ပြည်သူများအား စိတ်ခွန်အားပေးနိုင်ရန် အနုပညာရှင်များအနေဖြင့် ကြိုးပမ်းပေးရမည်ဖြစ်

ရန်ကုန်  မေ ၅

မန္တလေးငလျင်ကြီး ဘေးဒဏ်သင့်ဒေသများ ပြန်လည်ထူထောင်ရေး ရုပ်ရှင်၊ သဘင်၊ ဂီတ ရန်ပုံငွေပဒေသာကပွဲ အောင်မြင်စွာကျင်းပနိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့ မွန်းလွဲ ၂ နာရီက ရန်ကုန်တိုင်းဒေသကြီး ဗဟန်းမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ရုပ်ရှင်မြှင့်တင်ရေးဌာနခွဲ အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဦးစွာ မြန်မာနိုင်ငံ ငလျင်သမိုင်းကြောင်းနှင့် မန္တလေးငလျင်ကြီးလှုပ်ခတ်ပြီး ကူညီကယ်ဆယ်ရေး လုပ်ငန်းများ ဆောင်ရွက်ခဲ့မှုမှတ်တမ်း Video Clip ကို ပြသသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက အဖွင့်အမှာစကားပြောကြားရာတွင် ယနေ့အချိန်သည် ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးမှုများကို ရှင်းလင်းရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများအား လုပ်ဆောင်နေသည့်အချိန်ဖြစ်ပြီး ငလျင်ဒဏ်ကြောင့် ထိခိုက်ခံစားခဲ့ရသည့် ပြည်သူများအား စိတ်ခွန်အားပေးနိုင်ရန် အနုပညာရှင်များအနေဖြင့် ကြိုးပမ်းပေးရမည်ဖြစ်ကြောင်း၊ နောင်တွင် ငလျင်ဒဏ်ခံနိုင်သည့် အဆောက်အအုံများဆောက်လုပ်ရမည်ဟု နိုင်ငံတော်အကြီးအကဲက ညွှန်ကြားထားသည့်အတွက် ယခုကဲ့သို့ ငလျင်ဒဏ်ကြောင့် အဖြစ်ဆိုးများ နောင်တွင်မကြုံတွေ့နိုင်ရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း၊ အနုပညာရှင်များအနေဖြင့် နိုင်ငံတော်တွင် သဘာဝဘေးအန္တရာယ်များ ကြုံတွေ့ရသည့် အခါတိုင်း မိမိတို့တတ်ကျွမ်းသည့် အနုပညာစွမ်းအားဖြင့် ရန်ပုံငွေရှာဖွေပါဝင်ကူညီခဲ့ကြသည်ကိုလည်း တွေ့မြင်ရမည်ဖြစ်ကြောင်း။

မေလ ၁၀၊ ၁၁၊ ၁၂ ရက်တို့တွင် အမျိုးသားကဇာတ်ရုံ(ရန်ကုန်)တို့၌ ရုပ်ရှင်၊ ဂီတ၊ သဘင် အနုပညာရှင်များစုပေါင်း၍ ရန်ပုံငွေပဒေသာကပွဲ ကျင်းပရန် စီစဉ်ထားပြီးဖြစ်၍ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းကြစေလိုကြောင်း၊ ယခုပဒေသာကပွဲသည် ရန်ပုံငွေရရှိရေးသက်သက်သာ မဟုတ်ဘဲ ရုပ်ရှင်၊ ဂီတ၊ သဘင်အနုပညာရှင်များ ပေါင်းစည်းမှု၊ စည်းလုံးညီညွတ်မှုကို ပြသသည့်ပွဲလည်းဖြစ်သဖြင့် အောင်မြင်စွာကျင်းပနိုင်ရေး ပူးပေါင်းဆောင်ရွက်ပေးကြစေလိုကြောင်း ပြောကြားသည်။

အဆိုပါမန္တလေးငလျင်ကြီး ဘေးသင့်ဒေသများ ပြန်လည်ထူထောင်ရေး ရုပ်ရှင်၊ သဘင်၊ ဂီတ ရန်ပုံငွေပဒေသာကပွဲကို ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့နယ် မြို့မကျောင်းလမ်းရှိ အမျိုးသားကဇာတ်ရုံတွင် မေလ ၁၀ ရက်မှ ၁၂ ရက်အထိ သုံးရက်တိုင်တိုင် ညနေ ၅ နာရီခွဲမှ ည ၁၀ နာရီအထိ ဖျော်ဖြေတင်ဆက်သွားမည်ဖြစ်သည်။


ယင်းနောက် ရန်ကုန်တိုင်းဒေသကြီး လူမှုရေးရာဝန်ကြီး ဦးဌေးအောင်၊ မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးဥက္ကဋ္ဌ ဦးကြည်စိုးထွန်း၊ မြန်မာနိုင်ငံဂီတအစည်းအရုံး(ဗဟို)ဥက္ကဋ္ဌ ဦးလွင်မြင့်၊ မြန်မာနိုင်ငံသဘင်အစည်းအရုံး(ဗဟို)ဥက္ကဋ္ဌဦးချစ်မျိုးထိုက်၊ မန္တလေးငလျင်ကြီးဘေးသင့်ဒေသများ ပြန်လည်ထူထောင်ရေး ရုပ်ရှင်၊ သဘင်၊ ဂီတ ရန်ပုံငွေပဒေသာကပွဲကျင်းပရေး လုပ်ငန်းကော်မတီအတွင်းရေးမှူး ဦးချမ်းသာကြည်စိုးနှင့်တက်ရောက်လာကြသူများက မန္တလေးငလျင်ကြီးဘေးသင့်ဒေသများ ပြန်လည်ထူထောင်ရေးရုပ်ရှင်၊ သဘင်၊ ဂီတရန်ပုံငွေပဒေသာကပွဲ အောင်မြင်စွာကျင်းပနိုင်ရေးအတွက် ဆွေးနွေးတင်ပြကြရာပြည်ထောင်စုဝန်ကြီးက ဆွေးနွေးတင်ပြချက်များအပေါ် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

အစည်းအဝေးသို့ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း၊ ရန်ကုန်တိုင်းဒေသကြီး လူမှုရေးရာဝန်ကြီး ဦးဌေးအောင်၊ မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးဥက္ကဋ္ဌ၊ မြန်မာနိုင်ငံဂီတအစည်းအရုံး(ဗဟို)ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံသဘင်အစည်းအရုံး(ဗဟို) ဥက္ကဋ္ဌ၊ ရုပ်ရှင်၊ ဂီတ၊ သဘင်အစည်းအရုံးတို့မှ တာဝန်ရှိသူများနှင့် ဖိတ်ကြားထားသောဧည့်သည်တော်များ တက်ရောက်ကြကြောင်းသိရသည်။

မြဝတီ

# သင်ကြားရေးမွမ်းမံသင်တန်းတက်ရောက်နေသော ဆရာ၊ ဆရာမများနှင့် ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်တွေ့ဆုံ



နေပြည်တော် မေ ၅

အခြေခံပညာနှင့် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေးအထက်တန်းကျောင်းများတွင် Grade-10, Grade-11, Grade-12 သင်ကြားမည့် သင်ကြားရေးမွမ်းမံသင်တန်းတက်ရောက်နေသော ဆရာ၊ ဆရာမများနှင့် တွေ့ဆုံပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းက နေပြည်တော် ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်၌ ကျင်းပသည်။

အခမ်းအနားသို့ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်၊ ညွှန်ကြားရေးမှူးချုပ်များ၊ ပါမောက္ခချုပ်များ၊ ပါမောက္ခဌာနမှူးများ၊ ညွှန်ကြားရေးမှူးများ၊ သင်တန်းပို့ချမည့် ဆရာ၊ ဆရာမများ၊ တိုင်းဒေသကြီး/ပြည်နယ်အသီးသီးမှ သင်တန်းသား သင်တန်းသူ ဆရာ၊ ဆရာမများ တက်ရောက်ကြပြီး ပြည်ထောင်စုဝန်ကြီးက အခြေခံစိုက်ပျိုးမွေးမြူရေးပညာရပ်များတတ်မြောက်သူများအဖြစ် ပြုစုပျိုးထောင်ပေးရမည့် သင်ကြားလေ့ကျင့်ပေးသူ ဆရာ၊ ဆရာမများအနေဖြင့် ကိုယ်တိုင်စေတနာ၊ ဝါသနာကိုအခြေခံပြီး မိမိတို့ကိုယ်တိုင် တတ်မြောက်ထားသည့် ပညာရပ်များကို မျှဝေသင်ကြားပို့ချရမည်ဖြစ်ကြောင်း၊ လေ့ကျင့်သင်ကြားပေးမည့် ဆရာ၊ ဆရာမများ၏ အရည်အသွေးပြည့်ဝနေမှသာ သင်ရိုးမာတိကာပါ အကြောင်းအရာများသာမက လက်တွေ့သင်ကြားရေးနှင့် ပြင်ပလုပ်ငန်းခွင်ကျွမ်းကျင်မှုအတွက်ပါ စာတွေ့နှင့်လက်တွေ့ ချိတ်ဆက်လေ့ကျင့်ပေးနိုင်မည်ဖြစ်ကြောင်း၊ သင်ကြားရေး ဆရာ၊ ဆရာမအဖြစ်ပြောင်းလဲတာဝန်ထမ်းဆောင်ကြရသူများအနေဖြင့် စိုက်ပျိုး-မွေးမြူရေးပညာပေးဝန်ထမ်းအဖြစ်မှမတူညီသည့်သင်ကြားရေးနယ်ပယ်တွင် တာဝန်ယူရမည်ဖြစ်သည့်အတွက် သင်ကြားရေးနည်းစနစ်များ၊ ကြိုတင်ပြင်ဆင်လေ့လာလေ့ကျင့်ရမည့် သင်ခန်းစာအကြောင်းအရာများ၊ အကဲဖြတ်အမှတ်ပေးစနစ်များသည် ကျောင်းသား၊ ကျောင်းသူများ၏ အနာဂတ်ပညာရေးလမ်းကြောင်းကို အဆုံးအဖြတ်ပေးရန် အရေးပါသည့်အရာများဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် တက်ရောက်လာကြသည့် ညွှန်ကြားရေးမှူးချုပ်များနှင့် ပါမောက္ခချုပ်များက သင်တန်းကာလအတွင်း လိုက်နာဆောင်ရွက်ရမည့်အချက်များနှင့် စားသောက်နေထိုင်ရေးဆိုင်ရာကိစ္စရပ်များကို ဆွေးနွေးပြောကြားပြီး သင်တန်းသား၊ သင်တန်းသူများနှင့် ရင်းနှီးခင်မင်စွာ နှုတ်ဆက်ခဲ့ကြကြောင်းနှင့် သင်တန်းသို့ ဆရာ၊ ဆရာမ ၃၈၂ ဦး တက်ရောက်လျက်ရှိကြောင်း သိရသည်။

မြဝတီ

**နိုင်ငံ့ဝန်ထမ်းများအား မည်သည့်နည်းလမ်းဖြင့်မဆို ခြိမ်းခြောက်ခြင်း၊ တာဝန်ထမ်းဆောင်မှုအား နှောင့်ယှက်ခြင်းများဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**

# ငလျင်ဘေးကြောင့်ပျက်စီးခဲ့သည့် ရေပေးဝေရေးပိုက်လိုင်းများ တူးဖော်ပြင်ဆင်နေမှုကြည့်ရှုစစ်ဆေး

နေပြည်တော် မေ ၅

နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦးသည် ယမန်နေ့မွန်းလွဲပိုင်းက ဥတ္တရသီရိမြို့နယ် မြတ်လေးလမ်းနှင့် နေကြာလမ်းသို့သွားရောက်၍ ငလျင်ဘေးကြောင့်ပျက်စီးခဲ့သည့် ရေပေးဝေရေးပိုက်လိုင်းများအား ဝန်ထမ်းများ၊ ယန္တရားများဖြင့် တူးဖော်ပြင်ဆင်ဆောင်ရွက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။



ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ကောင်စီဥက္ကဋ္ဌသည် ဥတ္တရသီရိမြို့နယ် ရာဇသင်္ဂဟလမ်းအနီး ငလျင်ဘေးဒဏ်ကြောင့် ပျက်စီးခဲ့သည့် ပင်မရေပိုက်လိုင်းများ၊ ရေဖြန့်ဝေသည့်ပိုက်လိုင်းများ ပြန်လည်ပြုပြင်နေမှုနှင့် ရာဇသင်္ဂဟအိမ်ရာ(၁) ဝင်းအတွင်း ရေပိုက်လိုင်းများ ပြုပြင်နေမှုကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ငလျင်ဘေးကြောင့်ထိခိုက်ပျက်စီးခဲ့သော ရာဇသင်္ဂဟလမ်းအား စက်ယန္တရားများဖြင့် ပြန်လည်ပြုပြင်နေမှုနှင့် ဥတ္တရသီရိမြို့နယ်ရှိ နေပြည်တော် စည်ပင်သာယာရေးကော်မတီ ရေသန့်စင်စက်ရုံ အမှတ်(၃) ရေသိုလှောင်ထားရှိမှုနှင့် ရေဖြန့်ဝေနေမှုအခြေအနေ၊ ဥတ္တရသီရိမြို့နယ် သုခမိန်လမ်း၌ ကလိုရင်းခတ်သန့်စင်ထားသည့် သောက်သုံးရေများ ရေသယ်ယာဉ်များဖြင့် ရေဖြည့်တင်းပြီး သယ်ယူပို့ဆောင်ဖြန့်ဝေနေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌသည် ချောင်းမကြီးရေလှောင်တမံသို့သွားရောက်ပြီး တမံပြုပြင်နေမှုများနှင့် တမံမြေသားကြွခိုင်မှု စစ်ဆေးနေမှုအခြေအနေများ၊ ဇမ္ဗူသီရိမြို့နယ် ပိတောက်အိမ်ရာ အဆောက်အအုံများ ပြန်လည်ပြုပြင်နေမှုအခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

မွန်းလွဲပိုင်းတွင် နေပြည်တော်ကောင်စီဥက္ကဋ္ဌသည် နေပြည်တော်ကောင်စီရုံး ဇမ္ဗူသီရိခန်းမ၌ကျင်းပသည့် ၂၀၂၄ ခုနှစ် မိုးစပါးချေးငွေအတွက် ရာသီဥတုအညွှန်းကိန်း သီးနှံအာမခံလျော်ကြေးပေးအပ်ပွဲ အခမ်းအနားသို့ တက်ရောက်အမှာစကားပြောကြားသည်။

ယင်းနောက် သနပ္ပင်ဆိပ်ကျေးရွာ၊ နှမ်းတောကျေးရွာနှင့် ကျွန်းဦးကျေးရွာတို့မှ တောင်သူများကို နေပြည်တော်ကောင်စီဥက္ကဋ္ဌက သီးနှံအာမခံလျော်ကြေးငွေများပေးအပ်ရာ တောင်သူများကိုယ်စား တောင်သူတစ်ဦးက ကျေးဇူးတင်စကားပြန်လည်ပြောကြားသည်။

ထို့နောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌသည် နေပြည်တော်ကောင်စီ ဇမ္ဗူသီရိခန်းမဝင်းအတွင်း ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့မှ ငလျင်ဘေးသင့်ပြည်သူများအတွက် MSME ထုတ်ကုန်များ၊ လူသုံးကုန်၊ စားသုံးကုန်၊ မီးဖိုချောင်သုံးပစ္စည်းမျိုးစုံ အရောင်းယာဉ်ဖြင့် ရောင်းချပေးနေမှုအခြေအနေများကိုကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

မြဝတီ

# ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ်(၁၀) သင်တန်းဆင်းပွဲ မြင်ကွင်းပုံရိပ်များ















# ငလျင်ဒဏ်ကြောင့် ပျက်စီးဆုံးရှုံးမှုများဖြစ်ပေါ်ခဲ့သည့်ဒေသများ၌ ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ အင်တိုက်အားတိုက် ဆက်လက်ဆောင်ရွက်လျက်ရှိ



ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးသက်ပုံ ငလျင်ဘေးသင့်ပြည်သူများအား တပ်မတော်နယ်လှည့်ဆေးကုသရေးအဖွဲ့က ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်ပေးနေမှုကို ကြည့်ရှုအားပေးစဉ်။



ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးမျိုးမိုးအောင် မန္တလေးတက္ကသိုလ်၌ ငလျင်ဒဏ်ကြောင့်ထိခိုက်ပျက်စီးခဲ့သော အဆောက်အအုံများအား အသိအမှတ်ပြုလက်မှတ်ရ အင်ဂျင်နီယာ(PE)အဖွဲ့များက (SOP)အတိုင်း လိုက်လံစစ်ဆေးနေမှုများအား ကြည့်ရှုစစ်ဆေးစဉ်။



ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးစိုးတင့်နိုင် မန္တလေးမြို့ အမရပူရမြို့နယ်ရှိ ရွှေကူကြီး ဆုတောင်းပြည့်မြတ်စွာဘုရားသို့သွားရောက်၍ ငလျင်ဒဏ်ကြောင့်ပျက်စီးခဲ့သည့် အပျက်အစီးများအား ဖယ်ရှားရှင်းလင်းနေမှုကိုကြည့်ရှုစစ်ဆေးစဉ်။



ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးမျိုးသန့်နိုင် ကျောက်ဆည်မြို့ ခရိုင်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာနရုံး၌ ဝန်ထမ်းများအတွက် ယာယီရုံးဖွင့်လှစ်ရန် Modular House များ တည်ဆောက်ပြီးစီးမှုအခြေအနေများအား ကြည့်ရှုစစ်ဆေးစဉ်။

**နေပြည်တော်　　မေ　၅**

မြန်မာနိုင်ငံတွင်လှုပ်ခတ်ခဲ့သော မန္တလေးငလျင်ကြီးကြောင့် လမ်းတံတား၊ အဆောက်အအုံများ ထိခိုက်ပျက်စီးခဲ့ရသည့်နေရာများ၌ ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို တိုင်းစစ်ဌာနချုပ်အသီးသီးမှ တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ပြည်ပနိုင်ငံများမှကူညီကယ်ဆယ်ရေးအဖွဲ့များ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ လူမှုကူညီရေးအသင်း/ အဖွဲ့များနှင့် ဒေသခံပြည်သူများပူးပေါင်း၍ အချိန်နှင့်တစ်ပြေးညီ ကူညီဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးသက်ပုံနှင့် တာဝန်ရှိသူများသည် စစ်ကိုင်းတောင်ရိုးရှိ ဆွမ်းဦးပုညရှင်စေတီနှင့် ဥမင်သုံးဆယ်စေတီတို့၌ ငလျင်ဒဏ်ကြောင့် ပြိုကျပျက်စီးလျက်ရှိသော သာသနိကအဆောက်အအုံများအား ရှင်းလင်းဖယ်ရှားနေမှု အခြေအနေများ၊ စစ်ကိုင်းမြို့ သောတပန်ရပ်ကွက်ရှိ ငလျင်ဒဏ်ကြောင့် ပြိုကျပျက်စီးလျက်ရှိသော အောင်မြေဘုံစံကျောင်းတိုက် သာသနိကအဆောက်အအုံများကို စက်ယန္တရားကြီးများဖြင့် ဖယ်ရှားရှင်းလင်းနေမှုများနှင့် သံပုဏ္ဏာရာမကျောင်းတိုက်ကျောင်းပရိဝုဏ်အတွင်း ငလျင်ဘေးသင့် ရဟန်း၊ သံဃာ၊ သီလရှင်၊ ပြည်သူများအတွက် တပ်မတော်နယ်လှည့်ဆေးကုသရေးအဖွဲ့၏ ကျန်းမာရေးစောင့်ရှောက်ပေးနေမှုများကို ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးသက်ပုံနှင့် တာဝန်ရှိသူများသည် စစ်ကိုင်းမြို့ စီတီးရပ်ကွက်ရှိ ရာဇာမဏိစူဠာကောင်းမှုတော်စေတီနှင့် နန်းဦးမြို့သစ်ရှိ မရှိခဏစေတီတို့တွင် ငလျင်ဒဏ်ကြောင့် ပြိုကျပျက်စီးသွားသော သာသနိကအဆောက်အအုံများနှင့် လူနေအဆောက်အအုံများကို စက်ယန္တရားကြီးများဖြင့် ရှင်းလင်းဖယ်ရှားနေမှုအခြေအနေများ၊ ပါရမီရပ်ကွက်ရှိ သက္ကနိမ္မိတသီလရှင်စာသင်တိုက်၊ ပန်းပဲတန်းရပ်ကွက်ရှိလူနေအဆောက်အအုံများ၊ ပိုးတန်းရပ်ကွက်ရှိ အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်းနှင့် မူလတန်းကြိုကျောင်းတို့၌ ငလျင်ဒဏ်ကြောင့် ပြိုကျပျက်စီးသွားသော သာသနိကအဆောက်အအုံများနှင့်စာသင်ဆောင်အဆောက်အအုံများကို စက်ယန္တရားကြီးများဖြင့် ရှင်းလင်းဖယ်ရှားနေမှုအခြေအနေများနှင့် စစ်ကိုင်းမြို့ပေါ်ရှိ ငလျင်ဘေးဒဏ်သင့်ပြည်သူများ သောက်သုံးရေအဆင်ပြေစေရန်အတွက် တပ်မတော်ရေသန့်စက်ရုံမှ ရေဝတီမြစ်ရေကိုသန့်စင်၍ သောက်သုံးရေဖြန့်ဝေပေးနေမှုများအား ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

အလားတူ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးမျိုးမိုးအောင်သည် တာဝန်ရှိသူများနှင့်အတူ မန္တလေးတက္ကသိုလ်ရှိ ငလျင်ဒဏ်သင့်၍ထိခိုက်ပျက်စီးခဲ့သော မန်းသပြေကျောင်းဆောင်၊ ထမင်းစားဆောင်၊ ရွှေမန်းကျောင်းသူဆောင်၊ သစ္စာကျောင်းဆောင် အဆောက်အအုံများအား အသိအမှတ်ပြုလက်မှတ်ရ အင်ဂျင်နီယာ(PE)အဖွဲ့များက (SOP) အတိုင်း စစ်ဆေးနေမှုများ၊ Level-1 အဆင့် စစ်ဆေးပြီး အဆောက်အအုံများအား ပျက်စီးမှုအဆင့်အတန်းအလိုက် POST EARTH-QUAKE ASSESSMENT သတ်မှတ်၍ ခွဲခြားထားသည့် အရောင်များအတိုင်း အဆင့်သတ်မှတ်မှုအခြေအနေများအား လိုက်လံကြည့်ရှု၍ ငလျင်ဒဏ်သင့်ဆရာ/ဆရာမများအတွက် ထောက်ပံ့ပစ္စည်းများပေးအပ်ပြီး တာဝန်ရှိသူများအား ငလျင်ဒဏ်ကြောင့်ပျက်စီးသွားသည့် အဆောက်အအုံများအနက် အသိအမှတ်ပြုလက်မှတ်ရ အင်ဂျင်နီယာ(PE)အဖွဲ့များက (SOP) အတိုင်း စစ်ဆေးပြီး အဆင့်သတ်မှတ်ပြီးစီးသည့် အဆောက်အအုံများအား ဦးစားပေးအဆင့်အလိုက် ဖယ်ရှားရှင်းလင်းရေးနှင့် ပြန်လည်ပြုပြင်တည်ဆောက်ရေးလုပ်ငန်းများ အမြန်ဆုံးဆောင်ရွက်နိုင်ရန် သက်ဆိုင်ရာဝန်ကြီးဌာနသို့တင်ပြသွားရန်နှင့် အသုံးပြု၍ရသည့် ပရိဘောဂပစ္စည်းများအား စနစ်တကျပြန်လည်ပြုပြင်ထိန်းသိမ်းသွားရန် မှာကြားပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထို့အတူ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးစိုးတင့်နိုင်သည် တာဝန်ရှိသူများနှင့်အတူ မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်ရှိ ချမ်းသာရဆုတောင်းပြည့်မြတ်စွာဘုရား၊ မဟာအောင်မြေမြို့နယ်ရှိ ဝိဇ္ဇာလင်္ကာရကျောင်းတိုက်၊ အမရပူရမြို့နယ်ရှိ ရွှေကူကြီးဆုတောင်းပြည့်မြတ်စွာဘုရား၊ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း၊ ပလစ(၂) အခြေခံပညာနှင့် စက်မှုစိုက်ပျိုးမွေးမြူရေးအထက်တန်းကျောင်းတို့၌ ငလျင်ဒဏ်ကြောင့် ပြိုကျပျက်စီးခဲ့သည့် အပျက်အစီးများအား တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ လူမှုကူညီရေးအသင်းအဖွဲ့များပူးပေါင်း၍ ကူညီကယ်ဆယ်ရေးလုပ်ငန်းများ အရှိန်အဟုန်မြှင့်ဆောင်ရွက်နေသည်များ၊ အပျက်အစီးများ ဖယ်ရှားရှင်းလင်းဆောင်ရွက်ပြီးစီးမှုအခြေအနေများ၊ ဘုရားစေတီပုထိုးများတွင် ရေးမူမပျက် ပြန်လည်ပြုပြင်တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများနှင့် စာသင်ကျောင်းများတွင် ၂၀၂၅-၂၀၂၆

**စာမျက်နှာ ၁၃ သို့** ■

# အရှေ့တောင်တိုင်းစစ်ဌာနချုပ်၌ ဗုဒ္ဓဘာသာယဉ်ကျေးလိမ္မာသင်တန်းဆင်းပွဲကျင်းပပြုလုပ်



အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကျော်လင်းမောင် ဆုရကျောင်းသူတစ်ဦးအား ဆုပေးအပ်ချီးမြှင့်စဉ်။

နေပြည်တော်　မေ　၅

အရှေ့တောင်တိုင်း စစ်ဌာနချုပ်၏ ကြီးကြပ်မှုဖြင့် တပ်မတော်သားမိသားစုများ၏ သားသမီးများအား နွေရာသီကျောင်းပိတ်ရက်များတွင် အားလပ်ချိန်ကိုအကျိုးရှိစွာအသုံးချတတ်စေရန်၊ ဘာသာ၊ သာသနာကို တန်ဖိုးထားတတ်စေရန်၊ အကျင့်စာရိတ္တကောင်းမွန်ပြီး ပညာထူးချွန်သူများဖြစ်လာစေရန်၊ မြတ်ဗုဒ္ဓ၏အဆုံးအမများနှင့်ကျင့်စဉ်များကို ပိုမိုနက်ရှိုင်းစွာ နားလည်စေရန်ရည်ရွယ်၍ဖွင့်လှစ်ခဲ့သည့် ဗုဒ္ဓဘာသာ ယဉ်ကျေးလိမ္မာသင်တန်း သင်တန်းဆင်းပွဲကို ယနေ့နံနက်ပိုင်းတွင် တိုင်းစစ်ဌာနချုပ်ရှိ အောင်ဆန်းခန်းမ၌ ပြုလုပ်ရာ တိုင်းမှူး ဗိုလ်ချုပ်ကျော်လင်းမောင်နှင့် တာဝန်ရှိသူများ၊ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ၊ မော်လမြိုင်မြို့ ဗုဒ္ဓဘာသာကလျာဏယုဝအသင်း(YMBA)အဖွဲ့ဝင်များ၊ သင်တန်းနည်းပြများနှင့် ကျောင်းသား/ကျောင်းသူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးက သင်တန်းဆင်းအမှာစကားပြောကြားပြီး တက်ရောက်လာကြသူများနှင့်အတူ ကျောင်းသား/ကျောင်းသူများ၏ ၃၈ ဖြာမင်္ဂလာတရားတော်များ၊ ကဗျာများ၊ တေးသီချင်းများဖြင့် သီဆိုသရုပ်ပြမှုများအား ကြည့်ရှုအားပေးကြသည်။

ထို့နောက် တိုင်းမှူးနှင့်တာဝန်ရှိသူများက ဆုရရှိသည့် ကျောင်းသား/ ကျောင်းသူများအား ဆုချီးမြှင့်ပေးပြီး သင်တန်းနည်းပြများအား အမှတ်တရလက်ဆောင်များ ပေးအပ်ကြသည်။ အဆိုပါ ဗုဒ္ဓဘာသာယဉ်ကျေးလိမ္မာသင်တန်းကို ဧပြီလ ၂၂ ရက်မှ ယနေ့အထိ ဖွင့်လှစ်သင်ကြားပေးခဲ့ခြင်းဖြစ်ကြောင်း သတင်းရရှိသည်။　(၁၀၀)




# တောင်ပိုင်းတိုင်းစစ်ဌာနချုပ်၌ ၂၀၂၅ ခုနှစ်၊ တိုင်းမှူးဒိုင်း သေနတ်ပစ်ပြိုင်ပွဲ ဖွင့်ပွဲကျင်းပပြုလုပ်

နေပြည်တော်　မေ　၅

တောင်ပိုင်းတိုင်းစစ်ဌာနချုပ်၏ ၂၀၂၅ ခုနှစ်၊ တိုင်းမှူးဒိုင်း သေနတ်ပစ်ပြိုင်ပွဲ ဖွင့်ပွဲကို ယနေ့နံနက်ပိုင်းတွင် နယ်မြေခံတပ်ရင်းကျောင်းရှိစက်ပစ်ကွင်း၌ပြုလုပ်ရာ တိုင်းမှူး ဗိုလ်ချုပ်ကြည်သိုက်နှင့် တာဝန်ရှိသူများ၊ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ၊ ဒိုင်အဖွဲ့ဝင်များနှင့် ပြိုင်ပွဲဝင်အားကစားသမားများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးကအဖွင့်အမှာစကားပြောကြားပြီး မိုးပျံပူဖောင်းများအား ပစ်မှတ်ထိုးဖြင့်ပစ်ဖောက်ကာ ပြိုင်ပွဲကိုဖွင့်လှစ်ပေးသည်။ ထို့နောက် တိုင်းမှူးနှင့် တက်ရောက်လာကြသူများက သရုပ်ပြပစ်ခတ်မှုများကို ကြည့်ရှုအားပေးကြသည်။

အဆိုပါ သေနတ်ပစ်ပြိုင်ပွဲကို တိုင်းစစ်ဌာနချုပ်ကွပ်ကဲမှုအောက် တပ်ရင်း/တပ်ဖွဲ့များမှ ပြိုင်ပွဲဝင် အမျိုးသား ၉ သင်းနှင့် အမျိုးသမီး ၉ သင်းတို့ဖြင့် မေလ ၁၄ ရက်အထိ ယှဉ်ပြိုင်ပစ်ခတ်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(၁၀၀)



တောင်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကြည်သိုက် ၂၀၂၅ ခုနှစ်၊ တိုင်းမှူးဒိုင်း သေနတ်ပစ်ပြိုင်ပွဲဖွင့်ပွဲတွင် မိုးပျံပူဖောင်းများအား ပစ်မှတ်ထိုးဖြင့်ပစ်ဖောက်ကာ ပြိုင်ပွဲကိုဖွင့်လှစ်ပေးစဉ်။

# ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၁ ဦးတွေ့ရှိ

နေပြည်တော်　မေ　၅

ကျန်းမာရေးဝန်ကြီးဌာနသည် ကိုဗစ်-၁၉ ရောဂါစောင့်ကြပ်ကြည့်ရှုခြင်းလုပ်ငန်းများကို စဉ်ဆက်မပြတ်ဆောင်ရွက်လျက်ရှိရာ ၂၇-၄-၂၀၂၅ ရက် ည ၈:၀၀ နာရီမှ ၄-၅-၂၀၂၅ ရက် ည ၈ နာရီအထိ ရက်သတ္တပတ်အတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း ၂၆၄ ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါဓာတ်ခွဲအတည်ပြုလူနာသစ် ၁ ဦးတွေ့ရှိရသည်။ ထို့ကြောင့် ရောဂါပိုးတွေ့ရှိမှုရာခိုင်နှုန်းမှာ သုည ဒသမ ၁၄ ရာခိုင်နှုန်းဖြစ်သည်။ အစီရင်ခံကာလအတွင်း ကိုဗစ်ရောဂါဖြင့်သေဆုံးသူမရှိပါ။

ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ကြောင်း ကျန်းမာရေးဝန်ကြီးဌာန၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ မြန်မာနိုင်ငံရောဂါကာကွယ်ထိန်းချုပ်ရေးဗဟိုဌာန (Myanmar CDC)မှ သတင်းထုတ်ပြန်အပ်ပါသည်။

မြန်မာနိုင်ငံရောဂါကာကွယ်ထိန်းချုပ်ရေး
ဗဟိုဌာန (Myanmar CDC) ပြည်သူ့
ကျန်းမာရေးဦးစီးဌာန၊ ကျန်းမာရေးဝန်ကြီးဌာန

■ စာမျက်နှာ ၁၂ မှအဆက်

ပညာသင်နှစ်အတွက် ကျောင်းသား/ကျောင်းသူများ စိတ်အေးချမ်းသာစွာ ပညာသင်ကြားနိုင်ရေးတို့အတွက် ပြင်ဆင်ဆောင်ရွက်နေမှုများအား သွားရောက်ကြည့်ရှုအားပေးပြီး ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရေးတို့အတွက် တာဝန်ရှိသူများအားမှာကြား၍ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

၎င်းနောက် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးစိုးတင်နိုင်၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ကျော်ကိုထိုက်နှင့် တိုင်းဒေသကြီးအစိုးရအဖွဲ့မှ တာဝန်ရှိသူများသည် ချမ်းမြသာစည်မြို့နယ်ရှိ မဟာမုနိဘုရားကြီးသို့သွားရောက်၍ မန္တလေးငလျင်ကြီးလှုပ်ခတ်စဉ်ထိခိုက်ပျက်စီးခဲ့သော မဟာမုနိဘုရားကြီးကျောင်းတော်ကြီး၏ထီးတော်ရှိ စိန်ဖူးတော်နှင့် ထုပိကာတို့အား ပြန်လည်မွမ်းမံပြုပြင် ပြင်ဆင်နိုင်ရန်အတွက် မဟာမုနိဘုရားကြီးထီးတော်ကြီးအား တန် ၂၀ ဝန်ချီစက်ကြီးဖြင့် ခေတ္တအပူဇော်ခံမည့်နေရာသို့ အခင့်ဆင့်ပင့်ဆောင်နေမှုတို့အား ပူဇော်ကြည်ညို၍ လိုအပ်သည်များပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

အလားတူ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးမျိုးသန့်နိုင်သည် ကျောက်ဆည်မြို့၊ ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး၌ ဝန်ထမ်းများအတွက် ယာယီရုံးဖွင့်လှစ်ရန် Modular Houseများတည်ဆောက်ပြီးစီးမှုအခြေအနေနှင့်ပတ်ဝန်းကျင်ထိန်းသိမ်းရေးရုံး၌ Modular House များ ထပ်မံတည်ဆောက်နေမှုအခြေအနေများအား သွားရောက်ကြည့်ရှုစစ်ဆေး၍ သောက်သုံးရေ၊ မီး၊ မိလ္လာစနစ်များ စနစ်တကျပြုလုပ်ဆောင်ရွက်ထားရှိရန် မှာကြားပြီး တာဝန်ရှိသူများ၏တင်ပြချက်များအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထို့နောက် ကျောက်ဆည်မြို့၊ ရဲစုရပ်ကွက်နှင့် ဆူးကုန်းရပ်ကွက်တို့ရှိ နေထိုင်ရန်မသင့်သော အန္တရာယ်ရှိအဆောက်အအုံများအား ယန္တရားများဖြင့်ရှင်းလင်းနေမှု၊ အေးမြကြည်လင်ရပ်ကွက်ရှိ RC(၃)ထပ်အဆောက်အအုံသည် နံဘေးတိုက်အပေါ် ယိုင်နဲ့ထိစပ်နေခြင်းဖြစ်ပေါ်နေသည့်အခြေအနေတို့အား သွားရောက်ကြည့်ရှုစစ်ဆေးပြီး အဆောက်အအုံများရှင်းလင်းဆောင်ရွက်ရာတွင် ပတ်ဝန်းကျင်ရှိ အဆောက်အအုံများထိခိုက်မှုမရှိစေဘဲ ရှင်းလင်းဆောင်ရွက်နိုင်ရေး၊ လျှပ်စစ်မီးကြိုးများအား စနစ်တကျ ကြိုတင်ရှင်းလင်းဆောင်ရွက်နိုင်ရေး၊ လုပ်ငန်းခွင်အန္တရာယ်ထိခိုက်မှုမရှိစေရန်နှင့် အပျက်အစီးများကြောင့် ယာဉ်ကြောပိတ်ဆို့မှုများမဖြစ်ပေါ်စေရန် အမြန်ရှင်းလင်းဆောင်ရွက်နိုင်ရေးတို့ကို မှာကြားပြီး တာဝန်ရှိသူများ၏တင်ပြချက်များအပေါ် လိုအပ်သည်များပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။ ကျောက်ဆည်ခရိုင်အတွင်း ငလျင်ဒဏ်သင့်အဆောက်အအုံများအား SOP စနစ်ဖြင့်ဘုတ်အဖွဲ့များဖွဲ့စည်းစစ်ဆေးခဲ့ရာ ယနေ့အထိ အဆောက်အအုံ (၆၀၆၇)လုံးအား စစ်ဆေးခြင်းဆောင်ရွက်ခဲ့ပြီး ပြန်လည်ပြုပြင်နေထိုင်နိုင်မည့် အဆောက်အအုံ(၅၇၇၃)လုံး၊ ဦးစားပေးဖြိုဖျက်ရှင်းလင်းရမည့် အန္တရာယ်ရှိ အဆောက်အအုံ (၂၉၄)လုံးမှ အဆောက်အအုံ (၂၅၈)လုံးအား ရှင်းလင်းဆောင်ရွက်နိုင်ခဲ့ပြီး ဆောင်ရွက်ရန်ကျန်အဆောက်အဦ(၃၆)လုံးဖြစ်ကြောင်း သိရှိရသည်။

၎င်းနောက် ကျောက်ဆည်ခရိုင်အတွင်းရှိ ငလျင်ဘေးသင့်ပြည်သူများအတွက် ပျက်စီးသွားသောအဆောက်အအုံများ ပြန်လည်ပြုပြင်တည်ဆောက်ရာတွင် လိုအပ်လျက်ရှိသော ဘိလပ်မြေ၊ သံချောင်းနှင့် အထပ်သားပြားများအား စက်ရုံထုတ်အထူးဈေးနှုန်းဖြင့် ပြည်သူများလက်ဝယ်သို့ ဆက်လက်ရောင်းချပေးနေမှုအခြေအနေများအား သွားရောက်ကြည့်ရှုစစ်ဆေးပြီး မြို့မိမြို့ဖများနှင့် ပြည်သူများ၏တင်ပြချက်များအပေါ် တာဝန်ရှိသူများနှင့် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

၎င်းနောက် ကျောက်ဆည်မြို့၊ မြို့တော်ခန်းမ၌ကျင်းပပြုလုပ်သည့် Modular House များ လှူဒါန်းပေးအပ်ပွဲနှင့် ကျောက်သေတ္တာစေတီပြုပြင်ထိန်းသိမ်းရေး အလှူငွေပေးအပ်ပွဲအခမ်းအနားသို့တက်ရောက်၍ အလှူငွေများလက်ခံပေးပြီး အလှူရှင်များ၊ မြို့မိမြို့ဖများအား Modular House များ လှူဒါန်းပေးမှုအပေါ် ကျေးဇူးတင်ရှိကြောင်း၊ ကျောက်သေတ္တာစေတီကြီးအားလည်း ပြည်သူများ အန္တရာယ်ကင်းရှင်းရေးအတွက် နိုင်ငံတော်အဆင့် ပြင်ဆင်မွမ်းမံနိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း၊ Modular House များကိုလည်း အမှန်တကယ်လိုအပ်လျက်ရှိသောနေရာများတွင် တွန်းအားပေးတည်ဆောက်ပေးလျက်ရှိကြောင်း၊ မကြာမီမိုးတွင်းကာလရောက်ရှိတော့မည်ဖြစ်သဖြင့် ပြည်သူများ၊ ဝန်ထမ်းများလုံခြုံစွာနေထိုင်နိုင်ရေးကြိုးစားဆောင်ရွက်လျက်ရှိကြောင်း ပြောကြားပြီး အလှူရှင်များအား ဂုဏ်ပြုမှတ်တမ်းလွှာများပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။　(၁၀၀)

# မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်၏ ၂၀၂၄ ခုနှစ် နှစ်ပတ်လည်အစီရင်ခံစာထုတ်ပြန်

**နေပြည်တော် မေ ၅**

မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်သည် ကော်မရှင်ဥပဒေပါ တာဝန်နှင့် လုပ်ပိုင်ခွင့်များနှင့်အညီ ကော်မရှင်လုပ်ငန်းတာဝန်များဆောင်ရွက်လျက်ရှိရာတွင်ကော်မရှင်၏ ဆောင်ရွက်ချက်များကို ပြည်သူအများသိရှိနိုင်ကြစေရန်အတွက် ၂၀၁၁ ခုနှစ်မှစတင်၍ နှစ်ပတ်လည်အစီရင်ခံစာကို နှစ်စဉ်ထုတ်ပြန်လျက်ရှိပါသည်။ ၂၀၂၄ ခုနှစ် အစီရင်ခံစာကို မြန်မာ၊ အင်္ဂလိပ်နှစ်ဘာသာဖြင့် ၂၀၂၅ ခုနှစ် မတ်လတွင် ပုံနှိပ်ထုတ်ပြန်ခဲ့ပါသည်။ ယင်းအစီရင်ခံစာကို မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်၏ website ဖြစ်သည့် http://mnhrc.org.mm တွင် လွှင့်တင်ဖော်ပြထားသည်။

၂၀၂၄ ခုနှစ် နှစ်ပတ်လည်အစီရင်ခံစာတွင် မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်၏ လူ့အခွင့်အရေးမြှင့်တင်ပညာပေးရေးလုပ်ငန်းများ၊ လူ့အခွင့်အရေးကာကွယ်စောင့်ရှောက်ရေးလုပ်ငန်းများ၊ လူ့အခွင့်အရေးနှင့်စပ်လျဉ်းပြီး နိုင်ငံတကာနှင့် ပူးပေါင်းဆောင်ရွက်မှုလုပ်ငန်းများ၊ ဥပဒေရေးရာဆောင်ရွက်ချက်များနှင့် ကော်မရှင်ရုံးမှ ဌာန (၆) ခု ဆောင်ရွက်ချက်များ ပါဝင်ပါသည်။ ကော်မရှင်၏ ၂၀၂၄ ခုနှစ်အတွင်း လူ့အခွင့်အရေး မြှင့်တင်ပညာပေးရေးဆောင်ရွက်ချက်များတွင် လူ့အခွင့်အရေးသင်ခန်းစာပို့ချမှုအကြိမ် (၇၀)၊ ကမ္ဘာ့လူ့အခွင့်အရေးကြေညာစာတမ်းအား တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာနနှင့် ပူးပေါင်း



၍ တိုင်းရင်းသားဘာသာ (၉) မျိုး ပြန်ဆိုပုံနှိပ်ထုတ်ဝေခြင်း၊ သတင်းထုတ်ပြန်ချက်များ ထုတ်ပြန်ခြင်း၊ ကော်မရှင်၏ ဆောင်ရွက်ချက်များကို e-newsletter ထုတ်ဝေခြင်းများပါဝင်ပါသည်။ လူ့အခွင့်အရေးကာကွယ်စောင့်ရှောက်ရေးလုပ်ငန်းများတွင် တိုင်တန်းစာများ စုံစမ်းစစ်ဆေးခြင်း၊ ရဲစခန်းအချုပ်ခန်းနှင့် တရားရုံးအချုပ်ခန်းများအပါအဝင် အကျဉ်းထောင်၊ အချုပ်ထောင်၊ အကျဉ်းစခန်း (၅၅) ခု၊ လူငယ်သင်တန်းကျောင်း (၈) ခု၊ မသန်စွမ်းကျောင်း (၁) ခု၊ ဘိုးဘွားရိပ်သာ (၁၀) ခု တို့သို့ သွားရောက်စစ်ဆေးခဲ့ခြင်းနှင့် တွေ့ရှိချက်များအပေါ် အကြံပြုချက်စုစုပေါင်း (၃၁၄) ချက်ကို သက်ဆိုင်ရာဌာနများသို့ ပေးပို့ခြင်းတို့ပါဝင်သည်။

မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်၏ ၂၀၂၄ ခုနှစ် နှစ်ပတ်လည်အစီရင်ခံစာနှင့်စပ်လျဉ်းပြီး ဝေဖန်အကြံပြုလိုပါက ကော်မရှင်ရုံးအမှတ် (၂၇)၊ ပြည်လမ်း၊ (၆) မိုင်ခွဲ၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့သို့လည်းကောင်း၊ အီးမေးလ် info@mnhrc.org.mm သို့လည်းကောင်း ပေးပို့နိုင်သည်။ **မြဝတီ**

# "ကျွန်တော်တို့သင်ကြားပေးတဲ့အပေါ်မှာလည်းကလေးတွေအနေနဲ့စိတ်ပါဝင်စားမှုရှိပါတယ်၊နိုင်ငံတကာမှာလည်းအခုလိုအဖြစ်အပျက်တွေရှိပါတယ်၊ ကိုယ့်နိုင်ငံအခြေအနေအပေါ်မှာမူတည်ပြီး လိုအပ်သလိုဆောင်ရွက်ရတာဖြစ်ပါတယ်"

**မန္တလေးတက္ကသိုလ်မှ တွဲဖက်ပါမောက္ခ ဒေါက်တာသန်းထိုက်**



**မန္တလေး မေ ၅**

မန္တလေးငလျင်ကြီးကြောင့် အဖြေလွှာများပျက်စီးသွားသဖြင့် တက္ကသိုလ်ဝင်စာမေးပွဲပြန်လည်ဖြေဆိုကြရမည့် မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ကျောင်းသား၊ ကျောင်းသူများကို တက္ကသိုလ်များမှ ပါမောက္ခများနှင့် ကထိကများကသက်ဆိုင်ရာ လေ့ကျင့်သင်ကြားရေးစခန်းများသို့ သွားရောက်၍ ဘာသာရပ်များအလိုက် အနီးကပ်သင်ကြားပို့ချပေးလျက်ရှိသည်။

အမှတ်(၁၆) အခြေခံပညာအထက်တန်းကျောင်း၌ဖွင့်လှစ်ထားသည့် လေ့ကျင့်သင်ကြားရေးစခန်း၌ သင်ခန်းစာများကို လာရောက်သင်ကြား၍ တက္ကသိုလ်ဝင်စာမေးပွဲပြန်လည်ဖြေဆိုမည့် မောင်ဟိန်းထက်က "ကျွန်တော်ကတော့ ဇီဝဗေဒဘာသာတွဲကို ယူထားပါတယ်။ ငလျင်ကြောင့် အဖြေလွှာတွေ ပျက်စီးသွားတဲ့အပေါ်မှာ အကုန်လုံးကို အအောင်မပေးဘဲ ပြန်လည်ဖြေဆိုခိုင်းတဲ့အတွက် အမှတ်တွေအများကြီးရရှိအောင် ပြန်လည်ကြိုးစားခွင့်ရှိတယ်လို့ မြင်မိပါတယ်။ ပထမတစ်ခါဖြေဆိုတုန်းကတော့ ခြောက်ဘာသာမှန်းထားခဲ့ပါတယ်၊ အခုလည်းအကောင်းဆုံးပြန်လည်ကြိုးစားမှာဖြစ်ပါတယ်။ အခုသင်ကြားရေးစခန်းမှာလည်း ကျွန်တော်တို့ကို အစစအရာရာ ကူညီပံ့ပိုးပေးပါတယ်။ သင်ကြားမှုအထောက်အကူပြုပစ္စည်းတွေကိုလည်း ထောက်ပံ့ပေးပါတယ်။ တက္ကသိုလ်က ဆရာကြီးတွေကိုယ်တိုင်သင်ကြားပေးတဲ့အတွက် အရမ်းကို ထိရောက်ပြီးအကျိုးရှိပါတယ်။ စာတွေလည်း အများကြီးလိုက်နိုင်ပါတယ်။ အခုလိုစီစဉ်ပေးတဲ့အတွက်တာဝန်ရှိသူတွေကိုလည်း ကျေးဇူးတင်ရှိပါတယ်"ဟုပြောသည်။

အမှတ်(၁၆)အခြေခံပညာအထက်တန်းကျောင်း၌ သင်ခန်းစာများကို လာရောက်သင်ကြားနေသည့်ကျောင်းသူမနန်းရတနာခင်ကလည်း " စာမေးပွဲကို ပြန်လည်မဖြေဆိုခိုင်းဘဲ ဒီတိုင်းအအောင်ပေးလိုက်မယ်ဆိုရင် ကျွန်မတို့အတွက် အရမ်းကို နစ်နာပါတယ်။ အခုလိုပြန်လည်ဖြေဆိုခိုင်းတဲ့အပြင် အနီးကပ်သင်ကြားပေးတဲ့အတွက်လည်းအရမ်းကိုဝမ်းသာမိပါတယ်။ ကျွန်မကတော့ခြောက်ဘာသာဂုဏ်ထူးရဖို့ရည်ရွယ်ထားပြီး ဆရာဝန်ဖြစ်ဖို့ ရည်မှန်းထားပါတယ်။ အရင်စာမေးပွဲ



မှာတော့ အင်္ဂလိပ်စာဘာသာရပ်ကို နည်းနည်း အားနည်းသွားတယ်လို့ မြင်မိပါတယ်။ ဒီတစ်ခေါက်တော့ အင်္ဂလိပ်စာကို ကြိုးစားသင်ကြားပြီး ဖြေဆိုသွားမှာဖြစ်ပါတယ်။ တက္ကသိုလ်က ပါမောက္ခတွေ လာရောက်သင်ကြားပေးတဲ့အတွက်လည်း ဝမ်းသာမိပါတယ်။ တက္ကသိုလ်က ဆရာတွေက အတွေ့အကြုံလည်းများပြီး သင်ကြားပို့ချတာလည်းကောင်းတဲ့အတွက် အကျိုးရှိစေပါတယ်" ဟုပြောသည်။

ထိုသို့သင်ကြားပို့ချပေးခြင်းကို မေလ ၂ရက်မှ စတင်ဆောင်ရွက်ပေးလျက်ရှိပြီး သင်ခန်းစာများကို နေ့စဉ် နံနက် ၉ နာရီမှ မွန်းတည့် ၁၂ နာရီအထိ သင်ကြားပို့ချပေးကာ မွန်းလွဲ ၁ နာရီမှညနေ ၄ နာရီအထိ သင်ကြားပေးထားသည့်သင်ခန်းစာများကို ပြန်လည်ဆွေးနွေးခြင်းဆောင်ရွက်ပေးပြီး ဘာသာရပ်တစ်ခုလျှင် ၁နာရီခွဲ သင်ကြားပို့ချပေးနေကြောင်း အမှတ်(၁၆) အခြေခံပညာအထက်တန်းကျောင်း လေ့ကျင့်သင်ကြားရေးစခန်း၌ သင်ခန်းစာများကို လာရောက်သင်ကြားပို့ချပေးနေသည့် မန္တလေးတက္ကသိုလ်မှ တွဲဖက်ပါမောက္ခ ဒေါက်တာသန်းထိုက်က ပြောသည်။

"ကျွန်တော့်အနေနဲ့ ကျောင်းသား၊ ကျောင်းသူတွေကို ဘာသာရပ်အလိုက် ထိရောက်စွာသင်ကြားပို့ချပေးလျက်ရှိပါတယ်။ ကလေးတွေ လိုအပ်တာတွေကိုလည်း အားလုံးဖြည့်ဆည်းပေးပါတယ်။ သင်ခန်းစာတွေကိုလည်း သီအိုရီကျကျရှင်းပြပေးပြီး မေးခွန်းဟောင်းတွေကိုလည်း လေ့ကျင့်စေပါတယ်။ အခုလိုပြန်လည်ဖြေရတာ ကောင်းတယ်လို့ပဲထင်မြင်မိပါတယ်။ ပြီးခဲ့တဲ့ စာမေးပွဲမှာ အတော်လေးဖြေနိုင်ခဲ့တဲ့ ကျောင်းသား၊ ကျောင်းသူတွေဟာ ပုံမှန်အောင်ရုံလောက်နဲ့ ကျေနပ်နိုင်မှာမဟုတ်ပါဘူး။ အမှတ်ကောင်းကောင်းနဲ့အောင်ချင်ကြမှာပါ။ ဒါကြောင့် ပြန်ဖြေခိုင်းတာက အကောင်းဆုံးဖြစ်ပါတယ်။ ကျွန်တော်တို့ သင်ကြားပေးတဲ့အပေါ်မှာလည်း ကလေးတွေအနေနဲ့ စိတ်ပါဝင်စားမှုရှိပါတယ်။ နိုင်ငံတကာမှာလည်း အခုလိုအဖြစ်အပျက်တွေ ရှိပါတယ်။ ကိုယ့်နိုင်ငံအခြေအနေအပေါ်မှာမူတည်ပြီး လိုအပ်သလို ဆောင်ရွက်ရတာဖြစ်ပါတယ်" ဟု မန္တလေးတက္ကသိုလ်မှ တွဲဖက်ပါမောက္ခ ဒေါက်တာသန်းထိုက်က ပြောသည်။

ထို့ပြင်တက္ကသိုလ်မှပါမောက္ခများအနေဖြင့် တက္ကသိုလ်ဝင်စာမေးပွဲပြန်လည်ဖြေဆိုကြရမည့် ကျောင်းသား၊ ကျောင်းသူများကိုသာမက အဆိုပါကျောင်းသား၊ ကျောင်းသူများကို သင်ခန်းစာများ ဆက်လက်သင်ကြားပို့ချပေးသွားမည့် ဆရာ၊ ဆရာမများအတွက်ပါ လိုအပ်သည့် ဘာသာရပ်အလိုက် သိသင့်သိထိုက်သည့် စည်းမျဉ်းစည်းကမ်းများ၊ ဥပဒေသများကိုပါ ပို့ချပေးလျက်ရှိကြောင်းသိရသည်။

"ကျွန်တော်တို့တက္ကသိုလ်အနေနဲ့ ကလေးတွေကို ၁၀ ရက်လောက်ပဲ လာသင်ကြားပေးနိုင်မှာဖြစ်ပါတယ်၊ ဆက်လက်ပြီး သင်ကြားပေးသွားမှာက အခြေခံပညာကျောင်းများမှ ဆရာ၊ ဆရာမတွေဖြစ်ပါတယ်။ ဒါကြောင့် ဆရာ၊ ဆရာမတွေကို စည်းမျဉ်းစည်းကမ်း၊ ဥပဒေသတွေ ကောင်းကောင်းနားလည်အောင်ပို့ချပေးခြင်းဖြစ်ပါတယ်။ သူတို့တွေကနေတစ်ဆင့် ကလေးတွေကိုဆက်လက်ပို့ချပေးရမှာဖြစ်ပါတယ်။ နိုင်ငံတော်က အကောင်းဆုံး ဆောင်ရွက်နေတာဖြစ်တဲ့အတွက် အားလုံးက အကောင်းတွေပဲဖြစ်လာမှာပါ" ဟု တွဲဖက်ပါမောက္ခ ဒေါက်တာသန်းထိုက်က ဆက်လက်ပြောကြားသည်။

မန္တလေးတိုင်းဒေသကြီးအတွင်း သက်ဆိုင်ရာ ကျောင်းများအလိုက် ဖွင့်လှစ်ထားသည့်လေ့ကျင့်သင်ကြားရေးစခန်းများ၌ တက္ကသိုလ်မှ ပါမောက္ခများနှင့် ကထိကများက ကျောင်းသား၊ ကျောင်းသူများကို ဘာသာရပ်အလိုက် သင်ခန်းစာများကို ပို့ချပေးလျက်ရှိရာ အမှတ်(၁၆) အခြေခံပညာအထက်တန်းကျောင်း၌ ကျောင်းသား၊ ကျောင်းသူ ၅၇၀ ကျော်ကို တက္ကသိုလ်များမှ ဆရာ၊ ဆရာမဦးရေ ၅၆ ဦးဖြင့် အနီးကပ်သင်ကြားပို့ချပေးလျက်ရှိကြောင်းသိရသည်။ **အောင်အောင်**

# ငလျင်ဘေးသင့်ဝန်ထမ်းများနှင့် မှီခိုမိသားစုများရေမီးပြည့်စုံစွာဖြင့် အဆင်ပြေလုံခြုံစွာ နေထိုင်နိုင်ရန်အတွက် စီမံဆောင်ရွက်ထား



နေပြည်တော် မေ ၅

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးညဏ်ထွန်းနှင့် တာဝန်ရှိသူများသည် ဇမ္ဗူသီရိမြို့နယ်အတွင်းရှိ အပြာရောင်အဆင့် သတ်မှတ်ထားသော သဇင်(၄) အပျိုဆောင် (၁၁)၊(၁၂)(၁၃)(၁၄) အဆောင်များတွင် ပြန်လည်နေရာချထားနိုင်ရေးအတွက်အဆောက်အအုံများအတွင်း ငလျင်ဘေးဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သည့် အဆောက်အအုံနံရံများနှင့် မျက်နှာကြက်များအား ပြန်လည်ပြုပြင် ပြင်ဆင်ဆောင်ရွက်နေမှု၊ ရေ၊ မီး၊ မိလ္လာ အဆင်ပြေစွာသုံးစွဲနိုင်ရေး ပြင်ဆင်ဆောင်ရွက်နေမှု အခြေအနေတို့ကို အဆောင်တစ်ခုချင်းစီအလိုက် လိုက်လံကြည့်ရှုစစ်ဆေးပြီး ပြုပြင်ပြင်ဆင်ခြင်းလုပ်ငန်းများ အမြန်ပြီးစီးနိုင်ရေးနှင့် ပြန်လည်နေရာချထားနိုင်ရေး ဆောင်ရွက်သွားရန် တာဝန်ရှိသူများအား မှာကြားသည်။

ထို့နောက် ဇေယျာသီရိမြို့နယ်ရှိ ပေါင်းလောင်းရေအားလျှပ်စစ်ခတ်အားပေးစက်ရုံဝင်းနှင့် အမှတ် (၁)တည်ဆောက်ရေးဝင်းတို့သို့ သွားရောက်၍ ဓမ္မာရုံများအတွင်း ငလျင်ဘေးသင့်ဝန်ထမ်းများနှင့် မှီခိုမိသားစုများယာယီပြောင်းရွှေ့နေရာချထားမှု၊ နေထိုင်စားသောက်မှုအခြေအနေတို့ကိုလည်းကောင်း၊ အဆောက်အအုံများအတွင်း အခန်းများပြင်ဆင်ဖွဲ့စည်းထားရှိမှု၊ ရေ၊ မီး၊ မိလ္လာ အဆင်ပြေစွာသုံးစွဲနိုင်ရေး ပြင်ဆင်ဆောင်ရွက်နေမှုအခြေအနေတို့ကိုလည်းကောင်း ကြည့်ရှုစစ်ဆေး၍ စနစ်တကျ နေရာချထားနိုင်ရေးစီမံဆောင်ရွက်သွားရန် တာဝန်ရှိသူများအား မှာကြားခဲ့သည်။

ယနေ့မွန်းလွဲပိုင်းတွင် ဝန်ကြီးဌာနမှ ငလျင်ဘေးသင့်ဝန်ထမ်းများနှင့် မှီခိုမိသားစုများ ရေမီးပြည့်စုံစွာဖြင့် အဆင်ပြေလုံခြုံစွာ နေထိုင်နိုင်ရန်အတွက် အဆောက်အအုံများပြင်ဆင်ဆောင်ရွက်နေမှု အခြေအနေတို့ကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများသည် ဥတ္တရသီရိမြို့နယ်ရှိ နေပြည်တော်ဗဟိုသင်တန်းကျောင်းသို့ ရောက်ရှိပြီး ကျောင်းဝင်းအတွင်းရှိ မြေနေရာလွတ်များတွင် ဝန်ကြီးဌာနရှိ ငလျင်ဘေးသင့်ဝန်ထမ်းများနှင့် မှီခိုမိသားစုများရေမီးပြည့်စုံစွာဖြင့် အဆင်ပြေလုံခြုံစွာနေထိုင်နိုင်ရန်အတွက်ပေ ၂၀ x ၁၂၀ အရွယ်အစားရှိ Modular (prefabricated) house နှစ်ထပ်အဆောက်အအုံ ၁၀ လုံး တည်ဆောက်နိုင်ရန် စက်ယန္တရားကြီးများဖြင့် မြေနေရာပြုပြင်၍ မြေညှိခြင်းလုပ်ငန်းဆောင်ရွက်နေမှု၊ မြေသိပ်သည်းမှုရရှိရန် ဆောင်ရွက်နေမှု၊ ဖောင်ဒေးရှင်းလုပ်ငန်းများဆောင်ရွက်နေမှု၊ လမ်းမီးတိုင်များ သွယ်တန်းခြင်းလုပ်ငန်းဆောင်ရွက်နေမှု၊ ရေရရှိရေး၊ မီးဖိုဆောင်နှင့် သန့်စင်ခန်းများတည်ဆောက်နိုင်ရေး ဆောင်ရွက်နေမှု အခြေအနေတို့ကို အသေးစိတ်လိုက်လံကြည့်ရှုစစ်ဆေးပြီး တည်ဆောက်ရေးလုပ်ငန်းများ အမြန်ပြီးစီးနိုင်ရေးနှင့် မိုးမကျမီ အမိုးအကာအောက် ရောက်ရှိနေရာချထားနိုင်ရေး စီမံဆောင်ရွက်သွားရန် တာဝန်ရှိသူများအား မှာကြားခဲ့ကြောင်း သိရသည်။

မြဝတီ

# တက္ကသိုလ်ဝင်စာမေးပွဲပြန်လည်ဖြေဆိုမည့် ကျောင်းသား၊ ကျောင်းသူများ မကျန်ရှိရအောင် အားလုံးဝိုင်းဝန်းကြိုးစားဆောင်ရွက်ကြစေလို

နေပြည်တော် မေ ၅

ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဒေါက်တာညွန့်ဖေသည် ဒုတိယဝန်ကြီး ဒေါက်တာဇော်မြင့်နှင့်ဦးနေမျိုးလှိုင်၊ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ကောင်စီနယ်မြေရှိ အခြေခံပညာကျောင်းများသို့သွားရောက်၍ ၂၀၂၅ ခုနှစ်တက္ကသိုလ်ဝင်စာမေးပွဲပြန်လည်ဖြေဆိုကြမည့် ကျောင်းသား၊ ကျောင်းသူများ အေးချမ်းစွာ ဘာသာရပ်ဆိုင်ရာအနီးကပ်သင်ယူနေမှုများကို လိုက်လံကြည့်ရှုအားပေး၍ လိုအပ်သည်များကို မှာကြားသည်။



အလားတူ ယနေ့နံနက်ပိုင်းတွင် ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဇော်မြင့်နှင့်ဦးနေမျိုးလှိုင်သည် ဇေယျာသီရိမြို့နယ် အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်းနှင့် ပုဗ္ဗသီရိမြို့နယ် အမှတ်(၃)အခြေခံပညာအထက်တန်းကျောင်းများသို့ သွားရောက်၍ တက္ကသိုလ်ဝင်စာမေးပွဲပြန်လည်ဖြေဆိုရန် ဘာသာရပ်ဆိုင်ရာအနီးကပ်သင်တန်းသို့ တက်ရောက်လာကြသည့် ကျောင်းသား၊ ကျောင်းသူများကို ရင်းရင်းနှီးနှီးတွေ့ဆုံ အားပေးစကားပြောကြားခဲ့သည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးသည် ပုဗ္ဗသီရိမြို့နယ် အမှတ်(၂၀)အခြေခံပညာနှင့်စက်မှု စိုက်ပျိုး၊ မွေးမြူရေးအထက်တန်းကျောင်းသို့သွားရောက်၍ တက္ကသိုလ်ပါမောက္ခ၊ ဆရာ၊ ဆရာမများနှင့် အခြေခံပညာဆရာ၊ ဆရာမများက ၂၀၂၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲပြန်လည်ဖြေဆိုကြမည့် ကျောင်းသား၊ ကျောင်းသူများအား ဘာသာရပ်အလိုက် သင်ကြားပို့ချပေးနေမှုများကို လိုက်လံကြည့်ရှုအားပေးပြီး သင်တန်းတွင် ပါမောက္ခ၊ ဆရာ၊ ဆရာမများနှင့် အခြေခံပညာဆရာ၊ ဆရာမများ၏ အမှတ်ပေးစည်းမျဉ်းနှင့်အညီ စနစ်တကျ သင်ကြားပေးနေသည်ဖြစ်၍ မိမိတို့ကလည်း စနစ်တကျအလေးထားမှတ်သား၍ သင်ယူကြစေလိုကြောင်း၊ သဘာဝဘေးဒဏ်ကြောင့် ဖြစ်ပေါ်လာသည့် တက္ကသိုလ်ဝင်စာမေးပွဲပြန်လည်ဖြေဆိုရသည့် အခြေအနေကို အခက်အခဲဟုမတွေးဘဲ ကြိုးစားသင်ယူကြစေလိုကြောင်း၊ တက္ကသိုလ်ဝင်စာမေးပွဲပြန်လည်ဖြေဆိုမည့် ကျောင်းသား၊ ကျောင်းသူများ မကျန်ရှိရအောင် အားလုံးဝိုင်းဝန်းကြိုးစားဆောင်ရွက်ကြစေလိုကြောင်း ပြောကြားသည်။

ယင်းနောက်ပြည်ထောင်စုဝန်ကြီးသည် ကျောင်းအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေး၍ ကျောင်းဥပဓိရုပ်ကောင်းမွန်ရေး၊ ရေမီးရရှိရေး၊ ကျန်းမာရေးနှင့်ညီညွတ်သော သန့်စင်ခန်းများဖြစ်စေရေး မှာကြားသည်။

ထို့နောက် သင်ကြားပေးကြသည့် တက္ကသိုလ်ပါမောက္ခ၊ ဆရာ၊ ဆရာမများ၊ အခြေခံပညာဆရာ၊ ဆရာမများနှင့်သင်တန်းအောင်မြင်ရေးအတွက် ဝိုင်းဝန်းပံ့ပိုးကူညီကြသူများကို ရင်းရင်းနှီးနှီးတွေ့ဆုံနှုတ်ဆက်ကာ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးကြောင်းသိရသည်။

မြဝတီ

# တရုတ်နိုင်ငံထုတ်လျှပ်စစ်သုံးမော်တော်ယာဉ်များ ရန်ကုန်ဆိပ်ကမ်းသို့ ရောက်ရှိ



နေပြည်တော် မေ ၅

အမျိုးသားအဆင့် လျှပ်စစ်သုံးယာဉ်နှင့် ဆက်စပ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ဦးဆောင်ကော်မတီ၏ ခွင့်ပြုချက်ဖြင့် Myanmar SWM Motor Co.,Ltd. မှတင်သွင်းလာသော တရုတ်နိုင်ငံထုတ် KAIYI E-QUTE 04 အမျိုးအစား လျှပ်စစ်သုံးမော်တော်ယာဉ်များ၊ Myanmar Construction & Development Infrastructure Co.,Ltd. မှ တင်သွင်းလာသော တရုတ်နိုင်ငံထုတ် FAW VOLKSWAGEN ID-6 CROZZ အမျိုးအစား လျှပ်စစ်သုံးမော်တော်ယာဉ်များ၊ FAW VOLKSWAGEN ID-7 VIZZION အမျိုးအစား လျှပ်စစ်သုံးမော်တော်ယာဉ်များနှင့် FAW VOLKSWAGEN ID-4 CROZZ အမျိုးအစား လျှပ်စစ်သုံးမော်တော်ယာဉ်များသည် ရန်ကုန်ဆိပ်ကမ်းသို့ရောက်ရှိလာပါသဖြင့် ယနေ့တွင် လုပ်ထုံးလုပ်နည်းနှင့်အညီ ထုတ်ယူခွင့်ပြုခဲ့ကြောင်း သိရသည်။

မြဝတီ

**ပြည်သူ့စစ်မှုထမ်းနည်းဥပဒေများအား ဖတ်ရှုနိုင်ရန် ဖော်ပြပေးထားသော Website နှင့် Webportal စာရင်း**

၁။ ကာကွယ်ရေးဝန်ကြီးဌာန
https://www.mod.gov.mm

၂။ ဥပဒေရေးရာဝန်ကြီးဌာန
https://www.mlis.gov.mm

၃။ ပြန်ကြားရေးဝန်ကြီးဌာန
https://www.moi.gov.mm

၄။ Myawady Webportal
https://myawady.net.mm

၅။ Myanmar National Portal
https://myanmar.gov.mm



ဧရာဝတီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင်မောင်ဝင်း သင်တန်းဆင်း နိုင်ငံ့သားကောင်းစစ်သည်များ အတွက် ဂုဏ်ပြုချီးမြှင့်ငွေများပေးအပ်စဉ်။



အရှေ့တောင်တိုင်းစစ်ဌာနချုပ် နယ်မြေခံသင်တန်းကျောင်းတွင် ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ်(၁၀) သင်တန်းဆင်းပွဲကျင်းပစဉ်။



ရန်ကုန်တိုင်းစစ်ဌာနချုပ် နယ်မြေခံသင်တန်းကျောင်းတွင် ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ်(၁၀) သင်တန်းဆင်းပွဲကျင်းပစဉ်။



အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် နယ်မြေခံသင်တန်းကျောင်းတွင် ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ်(၁၀) သင်တန်း ဆင်းပွဲကျင်းပစဉ်။

❒ ရှေ့ဖုံးမှအဆက်

နိုင်ငံတော်ကာကွယ်ရေးအတွက် စစ်မှုထမ်းဆောင်နိုင်ရန် ပြည်သူ့စစ်မှုထမ်းဥပဒေကို ၂၀၂၄ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၀ ရက်တွင် စတင်အာဏာတည်ခဲ့ပြီး နိုင်ငံတော်ကာကွယ်ရေးနှင့်လုံခြုံရေးတာဝန်များကို ထမ်းဆောင်ရန် စိတ်အားထက်သန်စွာ လာရောက်စာရင်းပေးသွင်းကြသည့်လူငယ်များကို ပြည်သူ့စစ်မှုထမ်းသင်တန်းများ ဖွင့်လှစ်သင်ကြားပေးလျက်ရှိသည်။

ယခုအခါ ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ်(၁၀)သင်တန်းဆင်းပွဲအခမ်းအနားများကို ယနေ့နံနက်ပိုင်းတွင် တိုင်းစစ်ဌာနချုပ်များအလိုက် နယ်မြေခံသင်တန်းကျောင်းအသီးသီးတွင်ကျင်းပပြုလုပ်ကြသည်။ အဆိုပါ သင်တန်းဆင်းပွဲများကို သင်တန်းဆင်းစစ်ရေးပြအစီအစဉ်အတိုင်း ဆောင်ရွက်ကြပြီး သင်တန်းသားများက နိုင်ငံတော်အလံကိုကိုင်၍ ကတိသစ္စာခံယူကြသည်။

ထို့နောက် သင်တန်းကျောင်းများအလိုက် သင်တန်းဆင်း ထူးချွန်ဆုများဖြစ်သည့် စံပြတပ်သားဆု၊ စစ်ရေးပြထူးချွန်ဆု၊ လက်ဖြောင့်တပ်သားဆု၊ စစ်သည်တော်ကျင့်ဝတ်ဆု၊ မိုင်းကျွမ်းကျင်ဆု၊ တပ်စိတ်တိုက်နည်း ပထမဆု၊ ချေမှုန်းရေးပထမဆု၊ အိပ်ဆောင်အကောင်းဆုံးဆု ရရှိသူများအား တာဝန်ရှိသူများက ဆုများအသီးသီးပေးအပ်ချီးမြှင့်ပြီး သင်တန်းဆင်းအမှာစကားများ ပြောကြားကြသည်။



အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် နယ်မြေခံသင်တန်းကျောင်းတွင် ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ် (၁၀) သင်တန်းဆင်းပွဲကျင်းပစဉ်။

သင်တန်းဆင်းပွဲအခမ်းအနားများအပြီးတွင် သင်တန်းဆင်းပွဲသို့တက်ရောက်ကြသော နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များ၊ တိုင်းမှူးများနှင့်တာဝန်ရှိသူများက သင်တန်းကျောင်းခန်းမများ၌ ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ်(၁၀)မှ သင်တန်းဆင်းနိုင်ငံ့သားကောင်းစစ်သည်များအား တွေ့ဆုံအမှာစကားပြောကြားကာ ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်အားပေးကြသည်။

အဆိုပါ ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ်(၁၀)မှ သင်တန်းသားများကို ကြံ့ခိုင်ရေးဘာသာရပ်၊ စစ်ရေးပြဘာသာရပ်၊ စစ်နည်းဗျူဟာဘာသာရပ်စသည့်ဘာသာရပ်များနှင့် အထွေထွေဘာသာရပ်များအား အဆင့်ဆင့် လေ့ကျင့်သင်ကြားခဲ့ကြကြောင်း သိရှိရသည်။

ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)၊ ပုဒ်မ-၃၈၅ တွင် နိုင်ငံတော်၏ လွတ်လပ်ရေး၊ အချုပ်အခြာအာဏာနှင့် နယ်မြေတည်တံ့ခိုင်မြဲရေးအတွက် ကာကွယ်စောင့်ရှောက်ရေးသည် နိုင်ငံသားတိုင်းတွင် တာဝန်ရှိသည်ဟု ပြဋ္ဌာန်းထားပြီး ပုဒ်မ-၃၈၆ တွင် နိုင်ငံသားတိုင်းသည် ဥပဒေပြဋ္ဌာန်းချက်များနှင့်အညီ စစ်ပညာသင်ကြားရန်နှင့် နိုင်ငံတော်ကာကွယ်ရေးအတွက် စစ်မှုထမ်းဆောင်ရန် တာဝန်ရှိသည်ဟု ပြဋ္ဌာန်းထားသည်။ နိုင်ငံတော်အနေဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေအရ



တောင်ပိုင်းတိုင်းစစ်ဌာနချုပ် နယ်မြေခံသင်တန်းကျောင်းတွင် ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ်(၁၀) သင်တန်းဆင်းပွဲကျင်းပစဉ်။

ကနေ တာဝန်ထမ်းဆောင်ရမှာဖြစ်တဲ့အတွက် ဂုဏ်ယူမိပါတယ်။ တာဝန်ကျရာတပ်တွေကိုရောက်တဲ့အခါမှာ ကျောင်းတော်ကြီးက သင်ကြားလေ့ကျင့်ပေးလိုက်တဲ့ ပညာရပ်တွေနဲ့ အလေ့အကျင့်ကောင်းတွေကို လေ့ကျင့်အသုံးချပြီး ပေးအပ်တဲ့တာဝန်ကို အကောင်းဆုံး ကျေပွန်စွာထမ်းဆောင်သွားပါမယ်လို့ ခံယူထားပါတယ်။ နိုင်ငံတော်ကာကွယ်ရေးတာဝန်ဆိုတာ နိုင်ငံသားတိုင်းထမ်းဆောင်ရမယ့် အမျိုးသားရေးတာဝန်ဖြစ်တာကြောင့် နောက်ထပ်ဖွင့်လှစ်မယ့် ပြည်သူ့စစ်မှုထမ်းသင်တန်းတွေမှာ ညီငယ်များအနေနဲ့ နိုင်ငံသားတာဝန် အမျိုးသားတာဝန်ကျေပွန်အောင် တက်ရောက်ကြဖို့ တိုက်တွန်းပြောကြားလိုပါတယ်” ဟုပြောသည်။

“ကျွန်တော်ပြည်သူ့စစ်မှုထမ်းသင်တန်း



အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် နယ်မြေခံသင်တန်းကျောင်းတွင် ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ်(၁၀) သင်တန်းဆင်းပွဲကျင်းပစဉ်။



အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်မှတာဝန်ရှိသူတစ်ဦးက ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ်(၁၀) သင်တန်းဆင်းပွဲတွင် ထူးချွန်ဆုရရှိသူတစ်ဦးအား ဆုပေးအပ်ချီးမြှင့်စဉ်။

နိုင်ငံသားများ၏အခွင့်အရေးကို ကာကွယ်စောင့်ရှောက်ပေးလျက်ရှိပြီး နိုင်ငံသားများအနေဖြင့်လည်း နိုင်ငံ့တာဝန်များကို ထမ်းဆောင်ကြရမည်ဖြစ်သည်။ ယင်းတာဝန်များကို ကျေပွန်စွာထမ်းဆောင်ရန် ဆန္ဒရှိကြသည့် နိုင်ငံ့သားကောင်းများသည် ပြည်သူ့စစ်မှုထမ်းသင်တန်းများ တက်ရောက်ကာ နိုင်ငံတော်ကာကွယ်ရေးနှင့်လုံခြုံရေးတာဝန်များကို ထမ်းဆောင်နေကြပြီဖြစ်သည်။

ယနေ့တွင် သင်တန်းဆင်းခဲ့ကြသည့် ပြည်သူ့စစ်မှုထမ်း နိုင်ငံ့သားကောင်းစစ်သည်များသည်လည်း အဖွဲ့အစည်းဖြင့် စည်းစနစ်ကျစွာ လုပ်ကိုင်ဆောင်ရွက်တတ်သည့် အလေ့အကျင့်များ(TeamWork)ရရှိခဲ့ပြီး နိုင်ငံချစ်စိတ်(Nationalism)၊ မျိုးချစ်စိတ်(Patriotism)၊ အဖွဲ့အစည်းစိတ်(Team Spirit)၊ ရဲဘော်ရဲဘက်စိတ်(esprit de corps) အပြည့်ဖြင့် တာဝန်ကျရာ တပ်ရင်း၊ တပ်ဖွဲ့အသီးသီးသို့သွားရောက်၍ နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို ဂုဏ်ယူစွာ ထမ်းဆောင်ကြတော့မည်ဖြစ်သည်။

ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ်(၁၀)တွင် တက်ရောက်ခဲ့ရသည့် အတွေ့အကြုံများ၊ သင်တန်းမှရရှိခဲ့သည့် အလေ့အကျင့်ကောင်းများ၊ ယုံကြည်ချက်၊ ခံယူချက်များနှင့် သင်တန်းဆင်းပြီးနောက် မိမိတို့တာဝန်ကျရာ တပ်ရင်း၊ တပ်ဖွဲ့များ၌ ဆက်လက်တာဝန်ထမ်းဆောင်သွားမည့် အခြေအနေများနှင့်ပတ်သက်၍ သင်တန်းဆင်း နိုင်ငံ့သား







ကောင်းစစ်သည်များ၏ စကားသံများကိုလည်း ယခုလိုပဲကြားသိရပါတယ်–

“ဒီမှာသင်တန်းတက်ရတာ နိုင်ငံ့တာဝန်ကို စတင်ထမ်းဆောင်ရတာဖြစ်လို့ ဂုဏ်ယူပါတယ်။ သင်တန်းမှာ အတူတူတက်ခဲ့တဲ့ ညီအစ်ကိုတွေကိုလည်း အချင်းချင်းကူညီစောင့်ရှောက်ပေးတာတွေရယ်၊ စည်းကမ်းပိုင်းနဲ့ပတ်သက်ပြီးတော့လည်း နည်းပြတွေက ပြောဆိုဆုံးမကြပါတယ်။ နည်းပြအားလုံးလည်း တော်ကြပါတယ်။ ကျွန်တော်တို့ကို သားသမီးသဖွယ်စောင့်ရှောက်ပြီး စစ်ပညာပိုင်းဆိုင်ရာကိုလည်း အားလုံးကိုတတ်မြောက်ကျွမ်းကျင်အောင် သင်ပေးကြပါတယ်။ သင်တန်းသားများကလည်း ဘယ်နေရာပဲဖြစ်ဖြစ် အကုန်လုံးအဆင်ပြေပြေလုပ်နိုင်ကြပါတယ်။ သင်ခန်းစာများကတော့ စစ်ရေးကျွမ်းကျင်မှုနဲ့ပတ်သက်ပြီး အကုန်လုံးသင်ကြားရပါတယ်။ အကုန်လုံးလည်း တတ်မြောက်ကျွမ်းကျင်ကြပါတယ်။ ဘယ်နေရာပဲရောက်ရောက် ကျွန်တော်တို့က အကောင်းဆုံးလုပ်မယ်ဆိုတာကိုပဲ တွေးထားပါတယ်” ဟုပြောသည်။

“ပြည်သူ့စစ်မှုထမ်းသင်တန်းအပတ်စဉ်(၁၀)မှာ ကျွန်တော်ရရှိတဲ့ဆုကတော့ စံပြတပ်သားဆုဖြစ်ပါတယ်။ ဆုရရှိအောင်ကြိုးစားခဲ့တာကတော့ သင်တန်းဖွင့်လှစ်သင်ကြားပေးခဲ့တဲ့ ကွံခိုင်ရေး၊ စစ်ရေးပြ၊ လက်နက်ငယ်၊ စစ်နည်းဗျူဟာဘာသာရပ်နဲ့ အခြားအထွေထွေဗဟုသုတတွေကို သင်ကြားပေးတဲ့အတိုင်း လိုက်နာဆောင်ရွက်တဲ့အတွက် အခုလိုဆုရရှိတယ်လို့ထင်မိပါတယ်။ ပြည်သူတစ်ယောက်အနေနဲ့ နိုင်ငံတော်တာဝန်ကို အခုလိုတစ်ထောင့်တစ်နေရာကို နိုင်ငံသားတစ်ယောက်အနေနဲ့ နိုင်ငံတော်ကာကွယ်ရေးတာဝန်ကို ထမ်းဆောင်ရမှာဖြစ်တဲ့အတွက်ကြောင့် ကျွန်တော်လာရောက်တက်ခဲ့တာဖြစ်ပါတယ်။ သင်တန်းကာလမှာကြုံတွေ့ခဲ့ရတဲ့အခက်အခဲတွေကို သင်ကြားပေးတဲ့ဆရာတွေ၊ သူငယ်ချင်းတွေရဲ့ အားပေးမှုတွေနဲ့ ကျော်လွှားခဲ့ပါတယ်။ သင်တန်းတက်ခါစတုန်းကတော့ ပင်ပန်းတယ်လို့ထင်မိပါတယ်။ နောက်ပိုင်းကျတော့ နေသားကျသွားတဲ့အတွက် ပင်ပန်းမှုဒဏ်ကို မခံစားရတော့ပါဘူး။ ဒီသင်တန်းကိုတက်ရောက်ပြီးသွားတဲ့အခါမှာ ကျွန်တော် စည်းစနစ်တကျ နေထိုင်တတ်သွားတယ်လို့ ခံစားမိပါတယ်။ နိုင်ငံတော်ကာကွယ်ရေးတာဝန်ဆိုတာ အမျိုးသားတိုင်းထမ်းဆောင်ရမယ့်တာဝန်ဖြစ်လို့ နောက်ထပ်လာရောက်တက်ကြမယ့်ညီငယ်လေးများကို လာရောက်တက်ကြပါလို့ ဖိတ်ခေါ်ချင်ပါတယ်” ဟုပြောသည်။

ထို့နောက် ညပိုင်းတွင် သင်တန်းကျောင်းအသီးသီး၌ ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ်(၁၀)မှ နိုင်ငံ့သားကောင်းစစ်သည်များကို သင်တန်းဆင်းဂုဏ်ပြုညစာစားပွဲများပြုလုပ်ခဲ့ကြကြောင်း သတင်းရရှိသည်။

(၁၀၀)

MYAWADY IN ENGLISH

www.myawady.net.mm DAILY EDITION E-mail:mwddailynewspapergroup@gmail.com

# Chairman of State Administration Council Prime Minister Senior General Min Aung Hlaing to pay goodwill visit to Russian Federation at invitation of President of Russian Federation Mr. Vladamir Putin

NAY PYI TAW May 5

Chairman of the State Administration Council Prime Minister Senior General Min Aung Hlaing, at the invitation of President of the Russian Federation Mr. Vladamir Putin will pay a goodwill visit to the Russian Federation to attend the 80th Anniversary Victory Day of the Great Patriotic War (1941-1945) to be held in Moscow, the Russian Federation, within a few days.

During the goodwill visit, the Senior General will attend the 80th Anniversary Victory Day of the Great Patriotic War (1941-1945) and relevant events, hold exclusive talks with heads of state who will attend the events and work toward strengthening of strategic cooperation in economic, security and multiple sectors between the two countries and the two peoples.

Similarly, wife of the Senior General Daw Kyu Kyu Hla will accompany the Senior General during the visit at the invitation of Speaker of the Federation Council of the Russian Federation Mrs. Valentina Matvienko and hold talks with her.

On the goodwill visit, members of the SAC, union ministers and senior officers will accompany the Senior General and wife. **100**

## Myinmu Township manages harvest of more than 21,000 acres of cotton plantations

MYINMU May 5

In Myinmu Township, Sagaing Region, the harvest of 21,781 acres of cotton crops, planted during the monsoon growing season, has been completed successfully, according to records from the Sagaing District Agriculture Department.

During the monsoon planting period, a total of 21,831 acres of cotton were cultivated in Myinmu Township. As of today, 21,781 acres have been harvested since the process began in December 2024. The yield has been recorded at 542.52 viss per acre.

"The total cultivated area for cotton in Myinmu Township is 21,831 acres. As of now, 21,781 acres have already been harvested. To support farmers in cotton cultivation, high-quality seeds are being provided to ensure easy and timely planting," said Daw Thida Lwin, the head of the Sagaing District Agriculture Department.

To assist cotton farmers in Myinmu Township, the township agriculture department has been providing high-quality seed varieties, pest and disease prevention measures, and proper farming techniques to enhance productivity. Training sessions have also been conducted to educate farmers on best practices.



The cost of cotton cultivation is approximately Ks-350,000 per acre, with an average yield of around 1,000 baskets per acre.

Moreover, farmers can intercrop sesame with other crops such as onions and pigeon peas, allowing for diversified agricultural production and increased income.

Cotton cultivation has been successfully carried out across 19 townships in Sagaing Region, including Sagaing, Monywa, Yinmabin, Shwebo, and Kanbalu districts. **SMK**

## Farmers complete harvest of monsoon pigeon pea crops in Myaung Township

MYAUNG May 5

Sagaing District Department of Agriculture of Sagaing Region stated that all sown acreage of monsoon pigeon pea has been harvested in Myaung Township.

They planted 9,998 acres of pigeon pea in Myaung Township. Starting from December 2024, they harvested the crops. So far, they have reaped all sown acreage of crops, yielding 14.80 baskets per acre.

Daw Thida Lwin, Head of Sagaing District Agriculture Department explained: "Local farmers planted 9,998 acres of pigeon pea. Now, they have harvested all sown acreage of crops. Our department helped farmers boost production of crops. Farmers cultivated crops in mix-cropped and separate cropping patterns."

Officials of the Township Agriculture Department raised farmer awareness to select quality strains of crops, use correct agricultural techniques, prevent pests and boost per-acre yield of crops in Myaung Township. **SMK**

## Farmers from Mingin Township harvest more than 3,000 acres of green gram

MINGIN May 5

A total of 3,731 acres of green gram has been harvested in Mingin District of Sagaing Region, according to the statistics of Mingin Township Agriculture Department.

Local farmers planted 5,637 acres of green gram in Mingin Township. Starting from January 2025, they harvested the crops, and so far, they have harvested 3,731 acres of crops, yielding 14.87 baskets per acre.

During the winter crop planting season in Mingin Township, a total of 5,637 acres of green gram were cultivated. The harvesting process is currently underway, and as of today, 3,731 acres have already been harvested. The actual cultivation exceeded the initially planned acreage.

Regarding green gram cultivation, educational initiatives have been carried out to encourage expansion and to promote the use of high-quality seeds for better yields.

Daw Hayman Kyaw Win, the Head of Mingin Township Agriculture Department, disclosed: "The department has provided farmers with knowledge on selecting high-quality and regionally suitable seeds, proper cultivation techniques, pest prevention, systematic fertilizer usage, and strategies for improving crop yields."

During this year's winter crop planting season, efforts were made in collaboration with farmers to ensure high yield and quality for legume crops. This included the provision of high-quality seeds, necessary inputs, and post-harvest technology. **SK**

# More than 4,000 acres of onions harvested in Wetlet Township

WETLET May 5

Statistics of Wetlet Township Agriculture Department stated that a total of 4,511 acres of winter onions have been harvested in Wetlet Township of Sagaing Region.

During the winter cropping season in Wetlet Township, a total of 4,511 acres of onions were cultivated. The harvesting of these onion fields began in January this year, and as of today, 100 per cent of the acreage has been harvested, yielding 4,300 viss per acre.

Daw Kyin San, the Head of the Wetlet Township Agriculture Department, stated, "In Wetlet Township, we cultivated up to 4,511 acres of onions during the winter cropping season. At present, the entire acreage has been completely harvested. In some cases, cultivation exceeded the initial estimates. We also facilitated market connections to ensure good prices for onions."

Moreover, the Wetlet Township Agriculture Department has been supporting farmers by helping them connect with markets to secure better prices, providing technology to extend the storage life of onions, promoting the adoption of GAP (Good Agricultural Practices) methods, and ensuring the production of high-quality onions.



Farmers need to cost Ks-1.8 million per acre for cultivation of onions, yielding 5,000 viss per acre. Onion is cultivated in Sagaing Region. Among townships of the region, Monywa, Yinmabin, ChaungU, Shwebo and Myinmu townships are the vest acreage of growing onions. **SK**

# Kyunhla Township finishes reaping all winter sesame plantations



KYUNHLA May 5

Statistics of Kyunhla Township Agriculture Department mentioned that all sown acreage of winter sesame has been harvested in Kyunhla Township of Sagaing Region.

Local farmers planted 14,036 acres of winter sesame in Kyunhla Township. They started harvesting of crops in December last year. So far, they have harvested all plantations of winter sesame, yielding 16.41 baskets per acre.

Daw Myint Myint Yi, Head of Kyunhla Township Agriculture Department, said: "Farmers planted more than 14,000 acres of winter sesame. Now, they have reaped all sown acreage of crops. Sown acreage of crop is on the rise yearly. Farmers prefer to grow sesame in winter rather than monsoon,"

In Kyunhla Township, the Township Agriculture Department has provided knowledge to sesame farmers on expanding sesame cultivation, cultivation techniques, GAP (Good Agricultural Practices), growing high-quality seeds, and cultivating high-yield varieties.

Crops produced using the GAP system are of higher quality, fetch better prices, and can be marketed not only domestically but also internationally compared to crops grown using other methods. Due to these benefits, farmers adopting the GAP system can achieve greater economic prosperity, leading to improvements in their overall socio-economic conditions. **SK**

## More than 7,000 acres of soya bean harvested in Mawlaik District

MAWLAIK May 5

According to the statistics from the Mawlaik District Department of Agriculture, a total of 7,220 acres of soya bean from the winter crop season have been fully harvested in Mawlaik District, Sagaing Region.

During the winter cropping season in Mawlaik District, a total of 7,892 acres of soya bean were cultivated. Harvesting began in January of this year, and so far, 298 acres have been harvested in Mawlaik Township, while 6,922 acres have been harvested in Phaungpyin Township, making a total of 7,220 acres. The average yield is reported to be 17.96 baskets per acre.

"The total soya bean cultivation area in Mawlaik District for this winter cropping season reached 7,892 acres, out of which 7,220 acres have already been harvested. Currently, farmers have been able to expand cultivation beyond the initially planned acreage. We are also conducting awareness campaigns to prevent pest infestations. Additionally, we have made arrangements to ensure the availability of quality seeds and have informed farmers accordingly," said Daw Kywe Kywe Hlaing, the head of the Mawlaik District Agriculture Department.

The township agriculture departments in Mawlaik District have provided technical support to soya bean farmers, ensuring they use high-quality and pure seeds suited to the local environment, follow proper farming practices, prevent pest infestations, apply fertilizers systematically, and achieve high yields.

This winter cropping season, in collaboration with farmers, necessary measures have been taken to ensure the productivity and quality of soya bean crops. This includes providing quality seeds, improving soil fertility, and offering technical training on post-harvest techniques. **SMK**

# Bananas from Kyaukse area enter the local market

KYAUKSE May 5

Pheegyan banana, a Myanmar species, produced from the Kyaukse area, is distributed to Yangon, Mandalay and Bago cities, according to the Consumer Affairs Department (Mandalay).

Kyaukse is one of the nine districts in the central region of Mandalay, that relies on agriculture. Paddy, various peas, oil crops, chilli pepper, mango and banana are cultivated in the area each season. Banana cultivation also grew from manageable to commercial scale.

There were 1,282 acres of bananas in the 2024-2025 financial year (April-March) in Kyaukse Township, and banana harvesting has been done on 1,264 acres so far, according to statistics of the District Settlement and Land Records Department. The banana can be grown in all seasons in the country. About 800 banana plants can be grown per acre with a spacing of eight feet. Banana blossoms after nine to ten months of cultivation, and three months after, the banana harvest begins.

The Pheegyan banana variety is mainly cultivated in the Kyaukse region. The input cost is about Ks-1.5 million, including seedlings, wages and other input costs. An acre can produce about 800 banana branches. Brokers come to farms to buy bananas and supply them to shops in Yangon, Mandalay and Bago cities. The entire banana tree (leaves, shoots and even the peels) is valued for many uses. It is a lucrative business for the residents. **SK**

# Kremlin reveals details of Xi's visit to Russia



MOSCOW May 5

Chinese President Xi Jinping will visit Russia from May 7 to 10 to attend the Victory Day Parade in Moscow and hold talks with Russian President Vladimir Putin, the Kremlin announced on Sunday. The visit marks the 80th Anniversary of the Soviet Union's victory over Nazi Germany.

Russia will hold its annual Victory Day parade on Red Square on May 9. More than 20 foreign leaders are expected to attend the commemoration in the Russian capital, including Belarusian President Alexander Lukashenko, Slovak Prime Minister Robert Fico, Serbian President Aleksandar Vucic, Armenian Prime Minister Nikol Pashinyan, among others.

In April, Russian President Vladimir Putin first announced that he would meet with the Chinese leader during the World War II victory celebrations in Moscow. Putin later proposed a 72-hour unilateral ceasefire in Ukraine to coincide with the festivities. Ukraine's Vladimir Zelensky turned down the proposal, calling it a "theatrical performance" and instead pushed for a broader 30-day unconditional truce. Moscow officials said such a pause would let Kiev regroup and resupply.

Following this, Zelensky warned global leaders heading to Moscow that Ukraine cannot assure their safety.

"During the negotiations, key issues regarding the further development of comprehensive partnership and strategic interaction will be discussed, as well as current problems on the international and regional agenda," the statement from the Kremlin said. "The signing of a number of bilateral intergovernmental and interagency documents is planned."

The visit will be Xi's third to Russia since the escalation of the Ukraine conflict in 2022. China has maintained a position of neutrality in the conflict but has refused to blame Russia for the hostilities and has condemned the Western sanctions on Moscow, accusing the US of having a "Cold War mentality" based on confrontation. **RT**

# Israeli gov't approves plan to expand Gaza operation, including seizing land



TEL AVIV May 5

The Israeli military-political cabinet has approved a plan to expand the ground operation in the Gaza Strip that provides for seizing and holding territory, displacing populations and powerful strikes, Israeli Prime Minister Benjamin Netanyahu's adviser Dmitri Gendelman said on Monday.

"The military-political cabinet unanimously approved the operational plan presented by the Chief of the General Staff for the complete liquidation of Hamas in Gaza and the return of Israeli hostages from captivity," Gendelman wrote on Telegram.

The plan includes capturing and holding territory in Gaza, moving civilians south for their safety, denying Hamas access to humanitarian aid, and carrying out massive strikes on terrorist infrastructure and command posts.

Earlier in the day, Axios journalist Barak Ravid reported, citing sources, that Israel's Security Cabinet had unanimously approved plans by the Israel Defence Forces (IDF) to expand its ground operation in the Gaza Strip, which will take place after US President Donald Trump's trip to the Middle East. **Sputnik**

# 13 kidnapped mine guards found dead in north Peru

LIMA May 5

The bodies of 13 mine company guards previously reported as kidnapped were found in north Peru's La Libertad department, local media said Sunday.

"Sources from the Executive Branch" confirmed the discovery of the bodies in the Pataz province, reported private news network Radio Programas del Peru.

Police reports said that the bodies were found bound, blindfolded and naked in a mineshaft, where they were reportedly shot.

"Illegal miners colluding with criminals kidnapped 13 workers who were providing services to an artisanal miner," which "attests to the terrible deterioration of security conditions in Pataz," mining company La Poderosa said on Friday.

"This unfortunate event occurred after criminals attacked the artisanal mining operation to take control of it," the company said.

Family members of the victims said they lost contact with the guards on April 27 while they were on duty, and the kidnappers "demanded a large sum of money from the mining company in exchange for their release."

The mining company urged authorities to act swiftly on a complaint filed by the victims' families. **Xinhua**

## Putin accepts Modi's invitation to visit India - Kremlin

MOSCOW May 5

Indian Prime Minister Narendra Modi has reiterated during a phone conversation his invitation to Russian President Vladimir Putin to visit India, the invitation was accepted with gratitude, the Kremlin said on Monday.

Earlier in the day, the Indian Foreign Ministry said that Modi conveyed greetings to Putin regarding the 80th Anniversary of Victory Day and invited him for the Annual Summit to be held in India in 2025.

"The Indian leader reiterated his invitation to the Russian president to visit India for the traditional annual bilateral summit. The invitation was accepted with gratitude," the Kremlin said in a statement. **Sputnik**

## India, Pakistan troops exchange fire on Kashmir LoC

NEW DELHI May 5

Amid escalating tension, the troops of India and Pakistan exchanged heavy fire and targeted each other's positions Monday on the Line of Control (LoC), an Indian army official said.

"During the intervening night of May 4 and 5, Pakistan army posts resorted to unprovoked small arms fire across the LoC in areas opposite Kupwara, Baramulla, Poonch, Rajouri, Mendhar, Naushera, Sunderbani and Akhnoor," an Indian army official was quoted in local media. "Indian army responded promptly and proportionately."

Monday marked the 11th straight day of ceasefire violations on the volatile LoC, according to the Indian side.

Tensions between India and Pakistan have escalated following a deadly attack on tourists in Pahalgam in the Indian-controlled Kashmir on April 22.

On Monday, New Delhi temporarily cut off the flow of water from Chenab river to Pakistan, Indian media reports said.

On the same day, Pakistan conducted a successful training launch of its surface-to-surface FATAH Series missile with a range of 120 km, the military said in a statement. **Xinhua**

## Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# Japan Is Finally Getting Serious About EVs

An automaker is only as good as its supplier base allows it to be. Sure, companies can set targets and try to steer the ship, but everything from quality and innovation to cost margins and speed-to-market depends on the parts suppliers. A single issue can derail production (think the Takata airbags recall or the Bosch diesel software scandal), but supplier innovation can also fuel growth (EV batteries, Lidar, etc.).

Now amid the tariff chaos, some of Japan's largest suppliers are doubling down on EVs and self-driving investments, something that could enable automakers like Toyota to take these emerging technologies more seriously.

Welcome to the Friday edition of Critical Materials, your daily round-up of news and events shaping up the world of electric cars and technology. Also on the radar today: Chinese EV makers are helping many countries decarbonize road transport and pushing local players to be more competitive. Plus, sales of hybrids surged in April whereas EV sales declined for most automakers.

**30 percent: Toyota's Largest Suppliers Speed Up EV Investments**

Toyota is slowly shredding its reputation as the laggard in the global EV race. It plans to launch as many as 15 EVs by 2027 across the world and some of them—likely the crossovers, SUVs and trucks—will also end up on U.S. shores.

But this big shift isn't happening in a vacuum. Behind the scenes, Toyota's sprawling supplier ecosystem is going all in. The combined research and development spending from its closest affiliates—Denso, Aisin, Toyota Industries, Aichi Steel, Toyota Gosei, Toyota Boshoku and Jtekt—is on track to increase more than 7 percent to over US$-7 billion this year.



Crucially, that cash is being funneled into EVs, hybrids, and self-driving tech—exactly where Toyota needs help most.

Denso provides critical systems to Toyota including hybrid units, power control systems, motor stators and dozens of components for its gas cars such as spark plugs and fuel pumps. The list of what Aisin supplies to Toyota is also extensive, including everything from transmissions, drivetrain parts, brakes, suspension and more.

**Here's more from Nikkei this morning:**

"It's because this is a period of change that we want to increase investment in improving future added value," Denso CEO Shinnosuke Hayashi said in an earnings briefing, referring to the tariffs.

Hayashi cited electrification and advanced driver assistance systems as growth areas, along with semiconductors and software to strengthen underlying technology.

"We will stop investment related to internal combustion engines," Executive Vice President Yasushi Matsui said.

That last bit could mark a turning point for Toyota. Denso has long been a stalwart of Toyota's gas-powered empire. If it's truly shifting to electrification, it signals not just a technological pivot, but a broader cultural one within Japan's auto suppliers.

And Toyota needs it. The company has been sleepwalking through the EV era, with half-hearted efforts like the bZ4X. Full disclosure, I do have a soft spot for the bZ4x despite its shortcomings because it really suits specific use cases in cities like New York. But that's beside the point. Chinese EV makers have raced ahead and threatened Toyota's dominance, especially in China.

But now, with its supplier base leaning in, Toyota finally has a chance to not just survive in the EV race, but also to thrive in it.

**60 percent: Why Openness To Chinese EVs May Be Important**

There's a clear difference between countries where EV adoption is high and regions where it's low. Countries that have allowed Chinese EVs have far higher EV adoption rates. Those with protectionist policies such as the U.S. are only growing modestly.

There's broad scientific evidence that EVs, if done correctly, can be a smarter choice in terms of economics and ownership experience. Some nations are already benefiting from that. Australia's EV sales were up 145 percent from 2022 to 2024. Thailand's EV sales grew 279 percent in the same period and Mexico saw similar growth. In Brazil, EV sales soared by 500 percent in that same period—the common link is that they allowed Chinese EVs in.

Research firm Bloomberg NEF makes a solid case for this "openness":

Even in markets where Chinese automakers make up a relatively small share of total EV sales, their presence forces competition and pushes incumbent automakers to put real effort into their EV launches. Companies typically don't self-disrupt a profitable market—a challenger often is needed to force the issue. Tesla played that role for many years, but the Chinese are now coming on fast.

Tesla indeed was the disrupter. Not just in the U.S., but also globally. But it has lost that status as CEO Elon Musk isn't interested in cars or climate anymore. Artificial intelligence and robotics excite him more these days. The disrupters now are Chinese automakers who have learned from the Tesla playbook and are now moving at warp speed.

Their presence in the U.S., even if in an extremely limited capacity, could help Americans realize how far the technology has come and why it's so much better than fossil fuels and internal combustion.

**90 percent: U.S. EV Sales Plunge In April**

American car buyers rushed to their local dealerships in April to grab the pre-tariff inventories of gas-powered and hybrid vehicles. But EV sales dropped sharply.

Hyundai's hybrid sales grew 46 percent in April, but sales of the Ioniq 5—which has generally been a strong seller—dropped 8 percent from 3,702 units to 3,411 units. Sales of the Kia EV6 fell 68 percent from 2,051 units to just 646 units last month. EV9 sales dropped 85 percent from 1,572 units to 232 units.

Ford's EV sales also decreased by 40 percent across the Mustang Mach-E, F-150 Lightning and E-Transit range. Although it said that was in part due to model year changes—and its hybrid vehicle sales soared nearly 30 percent. The same could be true for Kia, as buyers await the updated EV6 and EV9 which come natively equipped with the Tesla-developed NACS charging port.

The U.S. has imposed 25 percent tariffs on imported cars. Imports from China have been tariffed at a whopping 145 percent. Trump did announce some tariff relief this week—like reimbursements on foreign parts of vehicles assembled in the U.S., but that wasn't enough for General Motors to project a whopping impact of up to US$-5 billion from this policy.

It's worth noting that the Toyota bZ4x was the bright spot among this lot—posting a solid 111 percent growth from 827 units sold last April to 1,678 units last month.

Only time will tell if these are early signs of tariffs taking a toll on EV sales as automakers focus on their high-profit-margin gas-powered vehicles.

**100 percent: What's More Important, Tariffs Or Affordable EVs?**

Automakers face their toughest test in years as their capital-intensive quest to build more EVs now locks horns with tariffs that are set to cost them billions of dollars and squeeze their profits. The grim EV sales performance in April could be a sign that carmakers may refocus on their gas-powered models to better absorb the impact of tariffs. That could also mean affordability may remain elusive to the EV market.

So as China races away with its EV lead, what's more important for the U.S.? Protectionist policies such as tariffs or the urgency of making more affordable EVs? **IEVs**

○ **ကျောဖုံးမှအဆက်**

ဖြန့်ခွဲထောက်ပံ့ဆောင်ရွက်မှုများကို သတင်းထုတ်ပြန်ပြီးဖြစ်ပါသည်။

ယခုအခါ ဧပြီလ ၂၈ ရက်မှ မေလ ၄ ရက်အထိ ရက်သတ္တတစ်ပတ်အတွင်း အိန္ဒိယနိုင်ငံ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့် မလေးရှားနိုင်ငံတို့မှ ထပ်မံပေးပို့လှူဒါန်းလာသော မိုးကာတဲ၊ Sleeping Bags၊ စားသောက်ကုန်ပစ္စည်း၊ လျှပ်စစ်ပစ္စည်း၊ လူသုံးကုန်ပစ္စည်း၊ ဆေးနှင့်ဆေးပစ္စည်းများအနက် ဆေးနှင့်ဆေးပစ္စည်းများကိုကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းကော်မတီ (ကျန်းမာရေးဝန်ကြီးဌာန)သို့ လွှဲပြောင်းပေးခဲ့ပြီး ကျန်ပစ္စည်းများကိုနေပြည်တော်နှင့် ရှမ်းပြည်နယ်တို့သို့ ဘေးသင့်လူဦးရေအချိုးအစား အပေါ်မူတည်၍ ဖြန့်ခွဲပေးပို့လျက်ရှိသည်။ တရုတ်ပြည်သူ့သမ္မတနိုင်ငံမှလှူဒါန်းမည့် ဒီဇယ်ဆီ တန် ၃၀၀၀၀၊ ဓာတ်ဆီ တန် ၂၀၀၀၀၊ ယာယီနေအိမ်အဖြစ် အသုံးပြုရန် Prefabricated House ၄၅၀၀ လုံးနှင့် ယာယီရုံးအဖြစ်အသုံးပြုရန် Prefabricated Office ၅၀၀ လုံးတို့အနက် ၂-၅-၂၀၂၅ ရက်တွင် ဒီဇယ်ဆီ တန် ၁၈၀၀၀ နှင့် Prefabricated Office ၃၄၀ လုံးသည် ရန်ကုန်မြို့ သီလဝါဆိပ်ကမ်းသို့ ရောက်ရှိခဲ့ရာ ဒီဇယ်ဆီ တန် ၁၈၀၀၀ ကို ရန်ကုန်မြို့ သီလဝါ Terminal တွင် ခေတ္တထိန်းသိမ်းထားရှိပြီး ပြန်လည်ထူထောင်ရေးလုပ်ငန်းများတွင် အသုံးပြုသွားမည်ဖြစ်သည်။

Prefabricated Office ၃၄၀ လုံးကို ၄-၅-၂၀၂၅ ရက်နေ့တွင် နေပြည်တော်သို့ မြန်မာ့မီးရထားဖြင့် သယ်ဆောင်လျက်ရှိရာ ရောက်ရှိပါက ဝန်ကြီးဌာနအသီးသီးသို့ဖြန့်ခွဲ၍ ယာယီရုံးခန်းများအဖြစ်အသုံးပြုကာ ဌာန၊ အဖွဲ့အစည်းအလိုက်လုပ်ငန်းများကို ဆောင်ရွက်သွားမည်ဖြစ်သည်။

ရက်သတ္တတစ်ပတ်အတွင်း လက်ခံရရှိသော လှူဒါန်းပစ္စည်းများ ခွဲဝေထောက်ပံ့မှုနှင့်စပ်လျဉ်း၍ ပြည်ထောင်စုနယ်မြေ နေပြည်တော်အတွင်းရှိ ဘေးသင့်ပြည်သူများနှင့် ဝန်ထမ်းမိသားစုများကို နေပြည်တော်ကောင်စီနှင့် သက်ဆိုင်ရာဝန်ကြီးဌာနတို့၏ အစီအစဉ်ဖြင့်လည်းကောင်း၊ မန္တလေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးနှင့်ရှမ်းပြည်နယ်တို့တွင် အစိုးရအဖွဲ့များ၏အစီအစဉ်ဖြင့်လည်းကောင်း ခွဲဝေထောက်ပံ့ဆောင်ရွက်ပေးခဲ့သည်။

ငလျင်လှုပ်ခတ်ခဲ့သည့် ၂၈-၃-၂၀၂၅ ရက်နေ့မှ ယနေ့အထိ လှူဒါန်းပစ္စည်းများ ဖြန့်ခွဲပေးပို့မှုစုစုပေါင်းမှာ မန္တလေးတိုင်းဒေသကြီးသို့ မော်တော်ယာဉ် ၅၆ စီး၊ စစ်ကိုင်းတိုင်းဒေသကြီးသို့ မော်တော်ယာဉ် ၂၈ စီး၊ ရှမ်းပြည်နယ်(တောင်ပိုင်း)သို့ မော်တော်ယာဉ်ရှစ်စီး ဖြစ်သည်။

နိုင်ငံတကာအလှူရှင်များမှ ၂၈-၄-၂၀၂၅ ရက်မှ ၄-၅-၂၀၂၅ ရက်အထိ ရက်သတ္တတစ်ပတ်အတွင်းပေးပို့လှူဒါန်းသည့်ပစ္စည်းများကို ပြည်ထောင်စုနယ်မြေ နေပြည်တော်နှင့်ရှမ်းပြည်နယ်(တောင်ပိုင်း)ရှိဘေးသင့်ပြည်သူများအတွက် ဖြန့်ခွဲပေးပို့ထားမှုကို ပူးတွဲပါဇယားများဖြင့် ဖော်ပြအပ်ပါသည်။ ထပ်မံလှူဒါန်းလာသည့် ပစ္စည်းများရောက်ရှိမှုနှင့်ငလျင်ဘေးသင့်ပြည်သူများထံ အမြန်ဆုံးရောက်ရှိဖြန့်ခွဲမှုတို့ကိုတစ်ပတ်လျှင်တစ်ကြိမ် ဆက်လက်ထုတ်ပြန်သွားမည်ဖြစ်ကြောင်း သတင်းထုတ်ပြန်အပ်ပါသည်။ **မြဝတီ**



တရုတ်၊ အိန္ဒိယနှင့်မလေးရှားနိုင်ငံတို့မှ ပေးပို့သည့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီပစ္စည်းများရောက်ရှိစဉ်။



တရုတ်နိုင်ငံမှပေးပို့သည့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီပစ္စည်းများရောက်ရှိစဉ်။




အိန္ဒိယနှင့်မလေးရှားနိုင်ငံတို့မှ ပေးပို့သည့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီပစ္စည်းများ ရောက်ရှိစဉ်။




တရုတ်နိုင်ငံမှပေးပို့သည့် Prefabricated House များ ရန်ကုန်ဆိပ်ကမ်းတွင်လွှဲပြောင်းလက်ခံစဉ်။



တရုတ်နိုင်ငံမှပေးပို့သည် Prefabricated House များ ရန်ကုန်ဆိပ်ကမ်းမှ နေပြည်တော်သို့ မီးရထားဖြင့်သယ်ဆောင်စဉ်။




တရုတ်နိုင်ငံမှပေးပို့သည့် ဒီဇယ်ဆီ ၁၈၀၀၀ တန်လွှဲပြောင်းလက်ခံစဉ်။

စာမျက်နှာ ၂၃ သို့ ○

❍ စာမျက်နှာ ၂၂ မှအဆက်

## ဘေးသင့်ပြည်သူများအတွက် နိုင်ငံတကာမှပေးပို့ထောက်ပံ့သည့် လှူဒါန်းပစ္စည်းမျိုးစုံ လက်ခံရရှိမှုနှင့် ဖြန့်ဝေပြီးစီးမှုစာရင်းချုပ်

(၃၀ - ၃ - ၂၀၂၅ ရက်နေ့မှ ၄ - ၅ - ၂၀၂၅ ရက်နေ့အထိ)

| စဉ် | အမျိုးအစား | ရေတွက်ပုံ | ရောက်ရှိ | ဖြန့်ခွဲ | | | | ဝန်ကြီးဌာန/ အဖွဲ့အစည်း | လက်ကျန် | မှတ်ချက် |
|---|---|---|---|---|---|---|---|---|---|---|
| | | | | နေပြည်တော် | မန္တလေး | စစ်ကိုင်း | ရှမ်း | | | |
| ၁ | မိုးကာတဲအရွယ်အစားမျိုးစုံ | လုံး | **၁၅၃၃၁** | ၂၇၉၅ | ၈၀၁ | ၁၇၃၉ | ၁၀၀ | ၄၅၁၈ | **၅၃၇၈** | |
| ၂ | တာပေါ်လင်/မိုးကာစမျိုးစုံ | လိပ် | **၄၂၅** | ၁၀ | ၄၁၅ | - | - | - | - | |
| | | အိတ် | **၄** | - | ၄ | - | - | - | - | |
| | | ထုပ် | **၂၀၀၁** | ၄ | ၂၅ | ၁၄၉၇ | - | ၃၂၄ | **၁၅၁** | |
| | | ဖာ | **၁၈၉** | ၁၈၉ | - | - | - | - | - | |
| | | ချပ် | **၂၃၉၀** | - | ၁၅၆ | ၁၂ | | ၆၁၈ | **၁၆၀၄** | |
| ၃ | Hygiene Kit | ခု | **၃၀၁၇** | ၁၀၀၀ | ၁၄၀၀ | ၆၁၇ | - | - | - | |
| | | ဖာ | **၄၃၈၆** | ၁၅၄၂ | ၂၀၇၈ | ၁၁၈ | ၆၄၈ | - | - | |
| ၄ | Kitchen Set | စုံ | **၃၆၂၄** | ၉၇၄ | ၁၅၂၀ | ၉၈၉ | ၁၄၁ | - | - | |
| | | ဖာ | **၆၁၈** | ၂၀၂ | ၃၉၁ | ၁၃ | ၁၂ | - | - | |
| ၅ | မီးစက် | လုံး | **၁၅၆** | ၃၄ | ၉၇ | ၂၃ | ၂ | - | - | |
| ၆ | ရေသန့်စက် | လုံး | **၁၀၀၃** | - | ၁၀၀၃ | - | - | - | - | |
| ၇ | Sleeping Bags | ထုပ် | **၄၀၀** | ၁၄၈ | ၂၂၄ | ၁၂ | ၁၆ | - | - | |
| | | ခု | **၁၄၄** | ၆၂ | ၇၄ | ၃ | ၅ | - | - | |
| | | ဖာ | **၁၆၄** | ၈၂ | ၅၈ | ၄ | ၇ | - | **၁၃** | |
| ၈ | စားသောက်ကုန်ပစ္စည်းမျိုးစုံ | မျိုး | **၇၆** | ၁၈ | ၃၈ | ၁၈ | ၂ | - | - | |
| | | ဖာ | **၁၃၀၀၀** | ၇၀၁၂ | ၄၇၆၀ | ၁၁၀၃ | ၁၂၃ | - | **၂** | |
| | | အိတ် | **၂၅၀** | ၉၂ | ၁၄၀ | ၈ | ၁၀ | - | - | |
| | | ကတ် | **၁၀၀** | ၁၀၀ | - | - | - | - | - | |
| ၉ | လူသုံးကုန်ပစ္စည်းမျိုးစုံ | မျိုး | **၆၅** | ၁၉ | ၃၁ | ၆ | ၇ | - | **၂** | |
| | | ဖာ | **၃၅၅၄** | ၆၃၉ | ၁၉၃၆ | ၉၁၇ | ၆၂ | - | - | |
| | | ထုပ် | **၁၄၅၁** | ၅၃၇ | ၈၁၂ | ၅၈ | ၄၄ | - | - | |
| | | ခု | **၂၂၀** | ၈၁ | ၁၂၃ | ၉ | ၇ | - | - | |
| ၁၀ | အိမ်သုံးပစ္စည်းများ | မျိုး | **၃၆** | ၃ | ၂၁ | ၁၁ | ၁ | - | - | |
| | | ဖာ | **၉** | ၃ | ၄ | ၂ | - | - | - | |
| | | စုံ | **၂၀၀၀** | ၂၀၀၀ | - | - | - | - | - | |
| ၁၁ | လျှပ်စစ်ပစ္စည်းမျိုးစုံ | မျိုး | **၇** | ၂ | ၂ | - | ၁ | - | **၂** | |
| | | ဖာ | **၃၁၀** | ၁၂၂ | ၁၆၈ | ၁၂ | ၈ | - | - | |
| ၁၂ | ဆေးနှင့် ဆေးပစ္စည်းမျိုးစုံ | မျိုး | **၆၅၆** | ၁ | ၈ | - | ၂ | ၆၄၅ | - | |
| | | အိတ် | **၁၅၀၂၀** | ၄၉၉၅ | ၉၀၆၀ | ၅၄၀ | ၄၀၅ | ၂၀ | - | |
| | | ဖာ | **၁၅၈၈** | ၂၆ | - | - | - | ၁၅၆၂ | - | |
| ၁၃ | ခွဲစိတ်ခန်းသုံးပစ္စည်း | မျိုး | **၁၁၆** | - | - | - | - | ၁၁၆ | - | |

### အိန္ဒိယနိုင်ငံမှ လှူဒါန်းပစ္စည်းများ လက်ခံရရှိမှုနှင့် ဖြန့်ဝေပြီးစီးမှု(၂၈ - ၄ - ၂၀၂၅ ရက်နေ့မှ ၄ - ၅ -၂၀၂၅ ရက်နေ့အထိ)

| စဉ် | အမျိုးအစား | ရေတွက်ပုံ | ရောက်ရှိ | ဖြန့်ခွဲ | | | ဝန်ကြီးဌာန/အဖွဲ့ အစည်း | လက် ကျန် | မှတ်ချက် |
|---|---|---|---|---|---|---|---|---|---|
| | | | | နေပြည်တော် | မန္တလေး | စစ်ကိုင်း | | | |
| ၁ | ဆေးနှင့်ဆေးပစ္စည်းမျိုးစုံ | ဖာ | **၇** | - | - | - | ၇ | - | ကျန်းမာရေးဝန်ကြီးဌာနသို့လွှဲပြောင်းပါသည်။ |

### တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ လှူဒါန်းပစ္စည်းများ လက်ခံရရှိမှုနှင့် ဖြန့်ဝေပြီးစီးမှု

(၂၈ - ၄ - ၂၀၂၅ ရက်နေ့မှ ၄ - ၅ - ၂၀၂၅ ရက်နေ့အထိ)

| စဉ် | အမျိုးအစား | ရေတွက် ပုံ | ရောက်ရှိ | ဖြန့်ခွဲ | | | | ဝန်ကြီးဌာန/ အဖွဲ့ အစည်း | လက် ကျန် | မှတ်ချက် |
|---|---|---|---|---|---|---|---|---|---|---|
| | | | | နေပြည် တော် | မန္တလေး | စစ်ကိုင်း | ရှမ်း | | | |
| ၁ | မိုးကာတဲ အရွယ် အစား မျိုးစုံ | လုံး | **၁၁၅၀** | - | - | - | - | - | **၁၁၅၀** | လိုအပ်ချက် အပေါ်မူတည် ၍ ဆက်လက် ဖြန့်ခွဲထောက်ပံ့ ပါမည်။ |
| ၂ | ဆေးနှင့် ဆေးပစ္စည်း မျိုးစုံ | မျိုး | **၇** | - | - | - | - | ၇ | - | ကျန်းမာရေး ဝန်ကြီးဌာနသို့ လွှဲပြောင်း ပါသည်။ |

### ဘေးသင့်ပြည်သူများအတွက် မလေးရှားနိုင်ငံမှ လှူဒါန်းပစ္စည်းများ လက်ခံရရှိမှုနှင့် ဖြန့်ဝေပြီးစီးမှုအခြေအနေ

(၂၈ - ၄ - ၂၀၂၅ ရက်နေ့မှ ၄ - ၅ - ၂၀၂၅ ရက်နေ့အထိ)

| စဉ် | အမျိုးအစား | ရေတွက် ပုံ | ရောက်ရှိ | ဖြန့်ခွဲ | | | | လက် ကျန် | မှတ်ချက် |
|---|---|---|---|---|---|---|---|---|---|
| | | | | နေပြည် တော် | မန္တလေး | စစ်ကိုင်း | ရှမ်း | | |
| ၁ | Sleeping Beds | ဖာ | **၂၇** | ၁၂ | - | - | ၂ | **၁၃** | လိုအပ်ချက်အပေါ်မူတည် ၍ ဆက်လက်ဖြန့်ခွဲ ထောက်ပံ့ပါမည်။ |
| ၂ | စားသောက် ကုန်ပစ္စည်း မျိုးစုံ | ဖာ | **၅** | ၁ | - | - | ၂ | **၂** | |
| ၃ | လျှပ်စစ် ပစ္စည်းမျိုးစုံ | မျိုး | **၅** | ၂ | - | - | ၁ | **၂** | |
| ၄ | လူသုံးကုန် ပစ္စည်းမျိုးစုံ | မျိုး | **၆** | ၁ | - | - | ၃ | **၂** | |
| ၅ | ဆေးနှင့် ဆေးပစ္စည်း မျိုးစုံ | မျိုး | **၁** | ၁ | - | - | - | - | |

## နိုင်ငံရေးပါတီတည်ထောင်ခွင့်များ လာရောက်လျှောက်ထားလျက်ရှိ

နေပြည်တော်　မေ ၅

ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ရန်အတွက် နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်း ဥပဒေ ပုဒ်မ ၃ အရ နိုင်ငံရေးပါတီတည်ထောင်လိုသော **ပအိုဝ်းအမျိုးသားညီညွတ်ရေးပါတီ**သည် ဥပဒေ၊ နည်းဥပဒေများနှင့်အညီ နိုင်ငံရေးပါတီတည်ထောင်ခွင့်ကို ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ ယနေ့တွင်လာရောက်လျှောက်ထားခဲ့သည်။

ယနေ့အထိ နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေ ပုဒ်မ ၃ အရ လျှောက်ထားသော ပါတီ ၂၅ ပါတီရှိပြီး နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေ ပုဒ်မ ၂၅ အရ နိုင်ငံရေးပါတီအဖြစ် ဆက်လက်တည်ထောင်ခွင့်နှင့် မှတ်ပုံတင်ခွင့် လျှောက်ထားသည့်ပါတီ ၅၀ စုစုပေါင်း ၇၅ ပါတီရှိပြီဖြစ်သည်။ ယခုလျှောက်ထားသည့်အဖွဲ့အား ပါတီတည်ထောင်ခွင့်ပြုနိုင်ရေး ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ဆက်လက်စိစစ်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

မြဝတီ

## (၄)ကြိမ်မြောက် ဘက်စုံသဘာဝဘေး ကြိုတင်သတိပေးခြင်းဆိုင်ရာ ဝန်ကြီးများအဆင့်ညီလာခံသို့တက်ရောက်ရန် ဒုတိယဝန်ကြီး ဦးအောင်ကျော်ထွန်း သီရိလင်္ကာနိုင်ငံသို့ထွက်ခွာ

နေပြည်တော်　မေ ၅

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်ကျော်ထွန်းသည် မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့်အတူ ၂၀၂၅ ခုနှစ် မေလ ၇ ရက်မှ ၉ ရက်အထိ သီရိလင်္ကာနိုင်ငံ ကိုလမ်ဘိုမြို့၌ကျင်းပမည့် (၄)ကြိမ်မြောက် ဘက်စုံသဘာဝဘေး ကြိုတင်သတိပေးခြင်းဆိုင်ရာ ဝန်ကြီးများအဆင့်ညီလာခံ (4th RIMES Ministerial Conference) သို့တက်ရောက်ရန် ယနေ့နံနက်ပိုင်းတွင် လေကြောင်းခရီးဖြင့် ရန်ကုန်မြို့မှ သီရိလင်္ကာနိုင်ငံသို့ ထွက်ခွာသွားကြောင်း သတင်းရရှိသည်။

မြဝတီ




| မြို့ | အနိမ့်ဆုံး | / | အမြင့်ဆုံးအပူချိန် |
|---|---|---|---|
| နေပြည်တော် | ၂၆ ံc | / | ၃၆ ံc |
| ရန်ကုန် | ၂၄ ံc | / | ၃၆ ံc |
| မန္တလေး | ၂၆ ံc | / | ၃၇ ံc |

လျှပ်စစ်မီးကို ချွေတာသုံးစွဲပါ

အဖိုးတန်ရေချိုကို ချွေတာကြပါစို့

# နေပြည်တော်၊ စစ်ကိုင်းနှင့် မန္တလေးမြို့တို့ရှိ ဝန်ထမ်းအိမ်ရာများသို့ ကုန်မျိုးစုံများနှင့် ဟင်းသီးဟင်းရွက်များအား သက်သာသောဈေးနှုန်းများဖြင့် ရောင်းချပေးလျက်ရှိ



နေပြည်တော်　မေ ၅

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန မြန်မာနိုင်ငံ ကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် (UMFCCI)၊ မြန်မာနိုင်ငံမွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ်နှင့် မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ်တို့၏ ပူးပေါင်းစီစဉ်မှုဖြင့် ဆန်၊ ဆီ၊ ဆား၊ ပဲ၊ ငါး၊ ငါးပိ၊ ငါးခြောက်၊ အမဲသား၊ ဆိတ်သား၊ ကြက်သား၊ ဝက်သား၊ ကြက်ဥ၊ ဘဲဥ စသည့်ကုန်မျိုးစုံများနှင့်ဟင်းသီးဟင်းရွက်များအား ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ စစ်ကိုင်းနှင့် မန္တလေးမြို့တို့အတွင်း ငလျင်ဒဏ်သင့်ဝန်ထမ်းအိမ်ရာများသို့ ၂၀၂၅ ခုနှစ် မတ်လ ၃၀ ရက်မှစ၍ အိမ်တိုင်ရာရောက်သွားရောက်ကာ သက်သာသောဈေးနှုန်းများဖြင့် ရောင်းချပေးလျက်ရှိပြီး ယနေ့တွင် ၃၆ ရက်မြောက်နေ့အဖြစ် ဈေးကား ၁၀ စီးဖြင့် လှည့်လည်ရောင်းချပေးလျက်ရှိကြောင်း သိရသည်။

မတ်လ ၃၀ ရက်မှ မေလ ၅ ရက်အထိ ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်၊ နေပြည်တော်ဘူတာကြီး၊ စက်ခေါင်းအလုပ်ရုံဌာနဝန်ထမ်းအိမ်ရာ၊ သူနာပြုသင်တန်းကျောင်း၊ ဥတ္တရသီရိဆေးရုံဝန်ထမ်းအိမ်ရာများ၊ ပိတောက်အိမ်ရာ၊ ကံ့ကော်အိမ်ရာ၊ ဇေယျာသိဒ္ဓိရပ်ကွက်အိမ်ရာ၊ ဗလသိဒ္ဓိရပ်ကွက်အိမ်ရာ၊ ဥဩဘာ သိဒ္ဓိရပ်ကွက်အိမ်ရာ၊ သုခသိဒ္ဓိရပ်ကွက်အိမ်ရာ၊ ဝဏ္ဏသိဒ္ဓိရပ်ကွက်အိမ်ရာ၊ ပညာရေးဝန်ထမ်းအိမ်ရာ၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ တပ်ကုန်းမြို့နယ် မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ စည်ပင်သာယာရေးကော်မတီနှင့် မြန်မာ့စီးပွားရေးဘဏ်၊ ပုဗ္ဗသီရိမြို့နယ် ကျန်းမာရေးဝန်ကြီးဌာန၊ ပုဗ္ဗသီရိခရိုင်တရားရုံး၊ အကျဉ်းဦးစီးဌာန-၂ (ကင်းသာ)၊ ဒက္ခိဏသီရိမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနှင့် စုပေါင်းရုံးများ၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန(ရုံးအမှတ်-၈)၊ အထူးရဲတပ်ဖွဲ့ရုံး၊ သာသနာရေးဦးစီးဌာန၊ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန၊ အမျိုးသားပြတိုက်၊ အမျိုးသားမှတ်တမ်းများမော်ကွန်းတိုက်၊ သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနတို့ရှိ ဝန်ထမ်းများနှင့် ပြည်သူများအား ဆန် ၆ ပြည်ပါ (မနောသုခ- Export Quality) ၁၀၃၄၆ အိတ်၊ ဆန်၅ပြည်ပါ (ဖျာပုံပေါ်ဆန်း) ၂၄၂ အိတ်၊ ဆီ ၃၇၅၃၀ ပိဿာ၊ ဆား ၁၆၈၃ ပိဿာ၊ ကုလားပဲ ၂၀ ကျပ်သားပါအိတ် ၅၇၀၄ ထုပ်၊ ငါးပိ ၃၆၁ ပိဿာ၊ အမဲသား ၂၅ ပိဿာ၊ ကြက်အကောင် ၂၅၀၊ ဝက်သားပိဿာ ၂၀၊ ကြက်ဥအလုံး ၁၇၈၉၀၊ ဘဲဥ ၇၁၁၅ လုံး၊ ငုံးဥ အလုံး ၂၀၀၀၊ ငါးတံခွန်ခြောက်များ၊ ငါးပုတ်သင်ခြောက်များ၊ ငါးနီတူခြောက်များ၊ အာပုံ့ခြောက်များ၊ ငါးကြင်း ပိဿာ ၉၀၊ ငါးတန်ပိဿာ ၉၀ ၊ ငါးမုတ် ပိဿာ ၇၀၊ ခေါက်ဆွဲခြောက်ထုပ်များနှင့် ခရမ်းချဉ်သီး၊ အာလူး၊ ဂေါ်ဖီထုပ်၊ ပန်းဂေါ်ဖီ၊ ချင်း၊ ကြက်သွန်ဖြူ၊ ကြက်သွန်နီ၊ ရွှေဖရုံသီး၊ ကျောက်ဖရုံသီး၊ ခရမ်းသီးနှင့်မုန်ညင်းဖြူ စသည့် ဟင်းသီးဟင်းရွက်များကိုလည်း ရောင်းချပေးခဲ့ကြောင်းနှင့်နေ့စဉ်ဆက်လက်ရောင်းချပေးသွားမည်ဖြစ်သည်။

ထို့အတူ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနနှင့် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့တို့ ပူးပေါင်းစီစဉ်မှုဖြင့် အမဲသားပိဿာ ၃၀၀ ၊ ဆိတ်သားပိဿာ ၁၀၀ ၊ ကြက်သားအကောင် ၂၀၀ ၊ ဝက်သား ပိဿာ ၁၀၀ ၊ ငါးမြစ်ချင်းပိဿာ ၁၀၀ တို့အား ပြည်ထောင်စုနယ်မြေ နေပြည်တော်အတွင်း ငလျင်ဒဏ်သင့် ဝန်ထမ်းနှင့် ပြည်သူများသို့ ယနေ့မှစ၍ အပတ်စဉ် တနင်္လာနေ့တိုင်း အိမ်တိုင်ရာရောက်သွားရောက်ကာ သက်သာသော ဈေးနှုန်းများဖြင့် လှည့်လည်ရောင်းချပေးလျက်ရှိကြောင်း သိရသည်။

ထို့ပြင် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနနှင့် ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့တို့ပူးပေါင်း၍ MSME ထုတ်ကုန်များ၊ လူသုံးကုန်၊ စားသောက်ကုန်နှင့် မီးဖိုချောင်သုံးပစ္စည်း စသည့်ကုန်ပစ္စည်း ၁၀၇ မျိုးတို့ကိုပြည်ထောင်စုနယ်မြေနေပြည်တော်အတွင်း ငလျင်ဒဏ်သင့်ဝန်ထမ်းနှင့် ပြည်သူများသို့ ဈေးကားကြီး(အရောင်းယာဉ်)ဖြင့် ယနေ့မှစ၍ သက်သာသောဈေးနှုန်းများဖြင့် လှည့်လည်ရောင်းချပေးလျက်ရှိကြောင်း သိရသည်။

အလားတူ စစ်ကိုင်းမြို့တွင် ဈေးကားလေးစီးဖြင့် ရောင်းချပေးလျက်ရှိရာ ယနေ့အထိ ဆန် ၂၄ ပြည်ပါ (ရွှေဝါထွန်း) ၃၁၉ အိတ်၊ စားအုန်းဆီ ၄၉၈၃ ပိဿာ၊ ဆား ၈၂ ပိဿာ၊ ကုလားပဲ (၂၀) ကျပ်သားပါ ၄၀၉ ဘူး၊ ငါးပိ ၂၇ ပိဿာ၊ ကြက်သွန်နီ ၅၈၃ ပိဿာ၊ အသားတု ပိဿာ ၃၀၊ ကြက်ဥ၊ ဘဲဥများ၊ ငါးနီတူခြောက်များ၊ ပုစွန်ခြောက်များကို သက်သာသောဈေးနှုန်းများဖြင့် ရောင်းချပေးခဲ့ပြီး မန္တလေးမြို့တွင်ဈေးကားလေးစီးဖြင့် လှည့်လည်ရောင်းချပေးလျက်ရှိရာ ယနေ့အထိ ဆန် ၂၄ ပြည်ပါ (မနောသုခ)အိတ် ၆၆၀၊ စားအုန်းဆီပိဿာ ၆၆၀၀၀ ၊ ဆား ၅၇ ပိဿာ၊ ကုလားပဲ ၂၅ ကျပ်သားပါ ၉၄ ထုပ်၊ ငါးပိ ၂၂ ပိဿာ၊ ငါးနီတူခြောက်၊ အာပုံ့ခြောက်၊ ကြက်ဥ၊ ဘဲဥများ၊ ခေါက်ဆွဲခြောက်ထုပ်များကို ရောင်းချပေးခဲ့ပြီး နေ့စဉ်ဆက်လက်ရောင်းချပေးသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

မြဝတီ

## မိုးထစ်ချုန်း ရွာမည်

နေပြည်တော်　မေ ၅

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကျဲကျဲမှနေရာစိပ်စိပ် မိုးထစ်ချုန်းရွာမည်။


(မိုး/ဇလ)

မိမိပိုင် နိုင်ငံသားစိစစ်ရေးကတ်၊ Mobile SIM Card၊ Mobile Payment Account၊ Bank Account များအား မသက်ဆိုင်သူထံသို့ အခကြေးငွေဖြင့်ရောင်းချခြင်း၊ ငှားရမ်းအသုံးပြုစေခြင်းများဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။

## Space and Defense Technology

နိုင်အောင်

# လကမ္ဘာနှင့် အင်္ဂါဂြိုဟ်တို့စံပြပုံစံငယ်များအား 3D ပုံစံဖြင့် အတိကျဆုံးဖန်တီးနိုင်မည့် စီမံကိန်းကို ရုရှားသိပ္ပံပညာရှင်များစတင်



လကမ္ဘာနှင့် အင်္ဂါဂြိုဟ်တို့စံပြပုံစံငယ်များအား 3D ပုံစံဖြင့် အတိကျဆုံးဖန်တီးနိုင်မည့် စီမံကိန်းတစ်ရပ်ကို ရုရှားသိပ္ပံပညာရှင်များက စတင်လိုက်ပြီဖြစ်သည်။

ရုရှားအာကာသနည်းပညာနှင့် ဝန်ဆောင်မှုစင်တာမှ ပညာရှင်များသည် အဆိုပါစီမံကိန်းကို အသုံးချသင်္ချာပညာ၊ M.V. Keldysh RAS သုတေသနစင်တာနှင့် ပုဂ္ဂလိကကုမ္ပဏီများနှင့် ပူးပေါင်း၍ ဖော်ဆောင်မည်ဖြစ်သည်။

သိပ္ပံပညာရှင်များသည် အဆိုပါစီမံကိန်းအား ပြည်တွင်းဖြစ် အဆင့်မြင့်နည်းပညာများ၊ ပလပ်ဇမာ ဒုံးပျံအင်ဂျင်များ၊ လမ်းကြောင်းပြစနစ်များ၊ ရုပ်သံကြည်လင်မှုရှိသော အလင်းနှင့် အီလက်ထရွန်နစ်စနစ်သုံးကင်မရာများ၊ 3D ပုံစံဖော်ထုတ်ရေး ပရိုဂရမ်များအပြင် အခြားအဆင့်မြင့်နည်းပညာများအပေါ် အခြေခံ၍ အကောင်အထည်ဖော်ဆောင်မည်ဖြစ်သည်။

ရုရှားပညာရှင်များက ဖော်ဆောင်မည့် အဆိုပါစီမံကိန်းသည် ရုရှားသိပ္ပံပညာရှင်များ၏ ကျွမ်းကျင်မှုကို ပိုမိုတိုးတက်စေသည့် အပြင် ပြည်တွင်းဖြစ် အာကာသနည်းပညာများဖွံ့ဖြိုးတိုးတက်လာစေရေးအတွက်လည်း တွန်းအားဖြစ်စေနိုင်ကြောင်း ကျွမ်းကျင်သူများက ပြောကြားသည်။

လကမ္ဘာနှင့် အင်္ဂါဂြိုဟ်တို့စံပြပုံစံငယ်များအား 3D ပုံစံဖြင့် အတိကျဆုံးဖန်တီးနိုင်မည့် စီမံကိန်းကိုဖော်ဆောင်ရာတွင် အသုံးပြုရန်လိုအပ်သည့် ဂြိုဟ်တုများကို ရုရှားအာကာသအဖွဲ့ကြီးဖြစ်သည့် Roscosmos က အကူအညီပေးအပ်မည်ဖြစ်သည်။

Ref: Iz


# စက္ခုအာရုံကို ပြန်လည်ရရှိစေနိုင်သည့် ချစ်ပြားတစ်ခုကို လူသားများ၏ဦးနှောက်အတွင်းသို့ ထည့်သွင်းရန် Neuralink စီစဉ်

ပျောက်ကွယ်နေသည့် စက္ခုအာရုံကို ပြန်လည်ရရှိစေနိုင်သည့် ချစ်ပြားတစ်ခုကို လူသားများ၏ဦးနှောက်အတွင်းသို့လာမည့် နှစ်အတွင်း ထည့်သွင်းပေးနိုင်ရန် အမေရိကန်ကုမ္ပဏီကြီးတစ်ခုဖြစ်သည့် Neuralink က စီစဉ်လျက်ရှိသည်။


အဆိုပါချစ်ပြားသည် မွေးစကပင် မျက်စိအလင်းမရခဲ့သူများကိုပင် စက္ခုအာရုံပြန်လည်ရရှိလာနိုင်စေမည်ဖြစ်သည်။ ထို့ပြင် Neuralink ကုမ္ပဏီ၏ အဆိုပါ ချစ်ပြားသည် လူသားများ၏ တွေးခေါ်မှု၊ မှတ်ဉာဏ်နှင့် အာရုံခံမှုစသည့် လုပ်ဆောင်ချက်များကို လုပ်ဆောင်ပေးနေသည့် ဦးနှောက်၏ ပြင်ပအလွှာနှင့် အပြန်အလှန် အကျိုးပြုနိုင်သည်ဟုဆိုသည်။

Neuralink ကုမ္ပဏီအနေဖြင့် လူ့ဦးနှောက်အတွင်းသို့ ချစ်ပြားထည့်သွင်းပေးမည့်အစီအစဉ်ကို တစ်နှစ်ကြာ လုပ်ဆောင်ရန်မျှော်မှန်းထားသည်။ ထို့ပြင် သိပ္ပံပညာရှင်များသည် ကျောရိုးထိခိုက်ပျက်စီးမှုကြောင့် လမ်းမလျှောက်နိုင်သူများအတွက်လည်း အသုံးပြုနိုင်မည့် ချစ်ပြားများကို ထုတ်လုပ်နိုင်ရန်ကြိုးပမ်းလျက်ရှိသည်။

အဆိုပါကုမ္ပဏီသည် လူ့ဦးနှောက်အတွင်းသို့ အမြင်အာရုံပြန်လည်ရရှိစေမည့် ချစ်ပြားထည့်သွင်းရန်အတွက် ကုသမှုခံယူမည့် စေတနာ့ဝန်ထမ်းများကို ရှာဖွေမည်ဖြစ်ကြောင်း ယခုနှစ် ဧပြီလအတွင်းက ထုတ်ပြန်ကြေညာထားသည်။ Ref: Iz



# ကုန်း-ရေနှစ်သွယ်သွား တင့်ဖျက်ပဲ့ထိန်းဒုံးကျည်တင်ယာဉ်သစ်တစ်စင်းကို တရုတ်ထုတ်ဖော်ပြသ



တရုတ်နိုင်ငံသည်၎င်းတို့၏ကုန်း-ရေနှစ်သွယ်သွား တင့်ဖျက်ပဲ့ထိန်းဒုံးကျည်တင်ယာဉ်အသစ်တစ်စင်းကို ထုတ်ဖော်ပြသလိုက်သည်။

အဆိုပါ ဒုံးကျည်တင်ယာဉ်သစ်ကို ခြေလျင်တိုက်ယာဉ်၏ကိုယ်ထည်အပေါ် အခြေခံထုတ်လုပ်ထားခြင်းဖြစ်ပြီး အဆိုပါ ကိုယ်ထည်ပေါ်တွင် ဒုံးပစ်စင်များကို တည်ဆောက်ထားခြင်းဖြစ်သည်။

အဆိုပါ Type 05 အတန်းအစား ဒုံးကျည်တင်ယာဉ်တွင် HJ-10 သို့မဟုတ် HJ-13 အမျိုးအစား တင့်ဖျက်ပဲ့ထိန်း ဒုံးကျည်များကို တပ်ဆင်ထားဖွယ်ရှိသည်။ တရုတ်နိုင်ငံသည် အဆိုပါယာဉ်ကို ယခုနှစ်ဧပြီလနှောင်းပိုင်းက တရုတ်မီဒီယာတွင် ဖော်ပြခဲ့ခြင်းဖြစ်သည်။

၎င်းဒုံးကျည်တင်ယာဉ်သည် ရေထဲတွင် တစ်နာရီလျှင် ၃၀ ကီလိုမီတာအရှိန်နှုန်းဖြင့် မောင်းနှင်နိုင်ပြီး မောင်းနှင်အား ထုတ်လုပ်ပေးရန်အတွက် water jet နှစ်ခုနှင့် ဒီဇယ်အင်ဂျင် တစ်လုံးတို့ကိုတပ်ဆင်ထားသည်။

Type 05 အတန်းအစား ဒုံးကျည်တင်ယာဉ်ပေါ်တွင်တပ်ဆင်ထားသည့် တင့်ဖျက်ပဲ့ထိန်းဒုံးကျည်နှင့် အမြောက်စနစ်များကို ကမ်းထိုးရာဒေသများတွင် ဖြန့်ကြက်ထားသည့် ရန်သူ၏ အထိအခိုက်မခံသည့်ပစ်မှတ်များ၊ အထူးသဖြင့် သံချပ်ကာတိုက်ယာဉ်နှင့် ကမ်းရိုးတန်းကာကွယ်ရေးအမြောက်စနစ်များအား တိုက်ခိုက်ရာတွင်အသုံးပြုနိုင်ဖွယ်ရှိသည်။ Ref: YH, AMR

# အိန္ဒိယနှင့်ပါကစ္စတန်တို့ကြား တင်းမာမှုများ လျှော့ကျစေရေး ကူညီရန်အသင့်ရှိဟု လက်ရော့ပြော

မော်စကို၊ နိုင်ငံရေး

အိန္ဒိယနှင့်ပါကစ္စတန်တို့ကသဘောတူပါက ရုရှားနိုင်ငံအနေဖြင့် အိန္ဒိယ-ပါကစ္စတန်တို့ကြား တင်းမာမှုများလျှော့ကျစေရေး ကူညီရန်အသင့်ရှိကြောင်း ရုရှားနိုင်ငံခြားရေးဝန်ကြီး ဆာဂျီလက်ရော့က ပြောကြားလိုက်ကြောင်းသိရသည်။

အိန္ဒိယနှင့်ပါကစ္စတန်တို့ကြား ဖြစ်ပွားနေသည့် တင်းမာမှုများလျှော့ကျစေရေးအတွက် ရုရှားနိုင်ငံခြားရေးဝန်ကြီး ဆာဂျီလက်ရော့က ပါကစ္စတန်နိုင်ငံခြားရေးဝန်ကြီးနှင့် ဖုန်းမှတစ်ဆင့် ပြောဆိုဆွေးနွေးခဲ့ပြီးနောက် ရုရှားနိုင်ငံက အကူအညီပေးရန် စိတ်အားထက်သန်လျက်ရှိသည်ဟု လက်ရော့ကပြောကြားခဲ့ခြင်းဖြစ်ကြောင်း ရုရှားနိုင်ငံခြားရေးဝန်ကြီးဌာနက မေလ ၄ ရက်တွင် ထုတ်ပြန်သည်။

ထို့ပြင် လက်ရော့သည် အိန္ဒိယနိုင်ငံခြားရေးဝန်ကြီး အက်ဂျိုင်ရှန်ကာနှင့်လည်း မေလ ၃ ရက်တွင် ဆက်သွယ်ပြောကြားခဲ့ပြီး အိန္ဒိယနှင့်ပါကစ္စတန်တို့ကြားဖြစ်ပွားနေသည့်တင်းမာမှုများကို နိုင်ငံရေးနှင့် သံတမန်ရေးနည်းလမ်းများဖြင့်ဖြေရှင်းကြရန် တိုက်တွန်းခဲ့သည်။



အိန္ဒိယထိန်းချုပ်မှုအောက်ရှိ ဂျမူးနှင့် ကက်ရှ်မီးယားဒေသတွင် ဧပြီလ ၂၂ ရက်က အကြမ်းဖက်တိုက်ခိုက်မှုဖြစ်ပွားပြီး ယင်းတိုက်ခိုက်မှုအတွင်း အရပ်သား ၂၆ ဦး သေဆုံးခဲ့ပြီးနောက် နျူကလီးယားပိုင်ဆိုင်သည့် အိမ်နီးချင်းနိုင်ငံများဖြစ်သော အိန္ဒိယနှင့် ပါကစ္စတန်တို့ကြား တင်းမာမှုမှာ ပိုမိုမြင့်တက်လာခြင်းဖြစ်ကြောင်းသိရသည်။ Ref: RT, TNA

# ရုရှားသမ္မတပူတင်နှင့် ဆော်ဒီအာရေဗျနိုင်ငံ၌တွေ့ဆုံနိုင်ဖွယ်ရှိကြောင်း ထရမ့်ပြော



**ဝါရှင်တန်၊ နိုင်ငံရေး**

အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်အနေဖြင့် ရုရှားသမ္မတ ဗလာဒီမာပူတင်နှင့် မေလလယ်ပိုင်းတွင် ဆော်ဒီအာရေဗျနိုင်ငံ၌ တွေ့ဆုံနိုင်ဖွယ်ရှိကြောင်း ထရမ့်က ပြောကြားသည်။

ယူကရိန်းအရေးကို ဖြေရှင်းနိုင်ရေးအတွက် အမေရိကန်နှင့် ရုရှားတို့အနေဖြင့် ဆော်ဒီအာရေဗျနိုင်ငံသို့ မကြာမီသွားရောက်ရမည်ဖြစ်ကြောင်း၊ သို့သော် သမ္မတပူတင်နှင့်တွေ့ဆုံနိုင်မည် ဟုတ်၊ မဟုတ်ကို အတိအကျမသိရသေးကြောင်း ထရမ့်က သတင်းထောက်များ၏ မေးမြန်းမှုကို ဖြေကြားရာတွင် ထည့်သွင်းပြောဆိုခဲ့ခြင်းဖြစ်သည်။

သို့ရာတွင် ယူကရိန်းအရေးကို ဖြေရှင်းနိုင်ရေးအတွက် အမေရိကန်နှင့် ရုရှားသမ္မတတို့ကြား တွေ့ဆုံဆွေးနွေးရန်လိုအပ်ကြောင်း၊ ပူတင်နှင့်ထရမ့်တို့ကြား တယ်လီဖုန်းမှတစ်ဆင့် ဆွေးနွေးမှုများကို မတ်လ ၁၈ ရက်တွင် လုပ်ဆောင်ခဲ့ကြောင်း အမေရိကန်နိုင်ငံခြားရေးဝန်ကြီးဌာနမှ ပြောရေးဆိုခွင့်ရှိသူ တမ်မီဘရုစ်က အစောပိုင်းတွင်ပြောကြားထားသည်။

ထရမ့်အနေဖြင့် အရှေ့အလယ်ပိုင်းဒေသသို့ သွားရောက်ပြီးနောက် သမ္မတပူတင်နှင့် တွေ့ဆုံဆွေးနွေးဖွယ်ရှိသည်ဟုပြောကြားခဲ့သော်လည်း လက်ရှိအချိန်အထိ တွေ့ဆုံခြင်းမရှိသေးကြောင်းသိရသည်။ ***Ref: RT,TNA***

# အိန္ဒိယနှင့်ပါကစ္စတန်တို့ကြားတင်းမာနေစဉ် ပါကစ္စတန်နိုင်ငံက Fatah အမျိုးအစား တာတိုပစ်ဒုံးကျည်တစ်စင်းကိုစမ်းသပ်



**အစ္စလာမ်မာဘတ်၊ ကာကွယ်ရေး**

အိန္ဒိယနှင့်ပါကစ္စတန်တို့ကြား တင်းမာနေစဉ်အတွင်း ပါကစ္စတန်နိုင်ငံက Fatah အမျိုးအစား တာတိုပစ်ဒုံးကျည်တစ်စင်းကို မေလ ၅ ရက်တွင် အောင်မြင်စွာစမ်းသပ်ခဲ့ကြောင်း သိရသည်။

ယခုလုပ်ဆောင်ခဲ့သည့် ဒုံးကျည်စမ်းသပ်မှုသည်သုံးရက်အတွင်း ပါကစ္စတန်က ဒုတိယအကြိမ်အဖြစ် လုပ်ဆောင်ခဲ့ခြင်းဖြစ်သည်။ အဆိုပါ မြေပြင်မှဝေဟင်ပစ်ဒုံးကျည်သည်အကွာအဝေး ၁၂၀ ကီလိုမီတာအထိပစ်ခတ်နိုင်ပြီး ပါကစ္စတန်တပ်ဖွဲ့ဝင်များ၏ တိုက်ပွဲဝင်အသင့်ဖြစ်မှုအတွက် အသင့်ဖြစ်စေရန်နှင့် အဆိုပါဒုံးကျည်၏ လမ်းကြောင်းရှာစနစ်နှင့် တိကျမှုတို့ကို တိုးတက်ကောင်းမွန်စေရန် ရည်ရွယ်ခြင်းဖြစ်ကြောင်း ပါကစ္စတန်ကထုတ်ပြန်သည်။

ထို့ပြင် ပါကစ္စတန်နိုင်ငံသည် မေလ ၃ ရက်ကလည်း Abdali လက်နက်စနစ်ဟု အမည်ပေးထားသည့် မြေပြင်မှမြေပြင်ပစ်ဒုံးကျည်တစ်စင်းကို ပစ်ခတ်စမ်းသပ်ခဲ့ကြောင်း သိရသည်။

Abdali လက်နက်စနစ်သည်အကွာအဝေး ၄၅၀ ကီလိုမီတာ ၂၈၀ မိုင် အကွာအထိ ပစ်ခတ်နိုင်ပြီး ပါကစ္စတန်တပ်မတော်က အဆိုပါဒုံးကျည်စမ်းသပ်မှုများအား Exercise Indus ဟူသော စစ်ရေးလေ့ကျင့်မှု၏ တစ်စိတ်တစ်ဒေသအဖြစ် ပစ်ခတ်ခဲ့ခြင်းဖြစ်သည်။

အဆိုပါဒုံးကျည်စမ်းသပ်ပစ်ခတ်မှုများနှင့်စပ်လျဉ်း၍ အိန္ဒိယနိုင်ငံက တရားဝင်တုံ့ပြန်ပြောကြားထားခြင်းမရှိသော်လည်း အဆိုပါဒုံးကျည်စမ်းသပ်ပစ်ခတ်မှုများကို ရန်စခြင်းဖြစ်သည်ဟု အိန္ဒိယအစိုးရက စွပ်စွဲထားကြောင်းသိရသည်။ ***Ref: RT***

# ဂါဇာဒေသတွင် စစ်ဆေးရေးတိုးမြှင့်လုပ်ဆောင်ရန် အရန်တပ်ဖွဲ့ဝင်ထောင်ပေါင်းများစွာအား စည်းရုံးဖြန့်ကြက်ရန်အစ္စရေးစီစဉ်



**တဲအဗစ်၊ စစ်ရေး**

ဂါဇာကမ်းမြောင်ဒေသတွင် စစ်ဆေးရေးတိုးမြှင့်လုပ်ဆောင်ရန်အတွက် အရန်တပ်ဖွဲ့ဝင်ထောင်ပေါင်းများစွာအား စည်းရုံးဖြန့်ကြက်ရန် စီစဉ်လျက်ရှိကြောင်း အစ္စရေးအစိုးရအဖွဲ့မှ ပြောရေးဆိုခွင့်ရှိသူ ဒေးဗစ်မန်ဆာကပြောကြားသည်။

အစ္စရေးနိုင်ငံအနေဖြင့် ယခုရက်သတ္တပတ်အတွင်း အရန်တပ်ဖွဲ့ဝင်များကို ဂါဇာဒေသတွင် စစ်ဆင်ရေးတိုးမြှင့်ရန်နှင့် အင်အားတိုးချဲ့ရန်အတွက် ဆင့်ခေါ်သွားမည်ဖြစ်ကြောင်း၊ သို့သော် ၎င်းတို့အား ပါလက်စတိုင်းနယ်မြေများအား သိမ်းပိုက်ရန်အတွက်ဖြန့်ကြက်မည်မဟုတ်ကြောင်း မန်ဆာက ပြောကြားသည်။

ဂါဇာကမ်းမြောင်ဒေသတွင် အစ္စရေးတပ်ဖွဲ့ဝင်များအား တိုးမြှင့်ဖြန့်ကြက်ခြင်းသည် ဟားမက်အဖွဲ့အား ၎င်းတို့ထိန်းသိမ်းထားသည့်ဓားစာခံများအားပြန်လည်လွှတ်ပေးရန်အတွက် ဖိအားပေးခြင်းသာဖြစ်ကြောင်း အစ္စရေးကပြောသည်။

ထို့ပြင် ဟားမက်အဖွဲ့အနေဖြင့် ၎င်းတို့ဖမ်းဆီးထိန်းသိမ်းထားသည့်ဓားစာခံများကို ပြန်လည်လွှတ်ပေးပြီး လက်နက်ချမည်ဆိုပါက အစ္စရေး-ဟားမက်စစ်ပွဲသည် အဆုံးသတ်မည်ဖြစ်ကြောင်း အစ္စရေးအစိုးရက ပြောကြားထားသည်။

***Ref: TNA***

## နိုင်ငံတကာသတင်းတိုကဏ္ဍ

# ဒေါ်လာ သန်း ၃၀၀ ကျော်တန်ဖိုးရှိ ရုရှားလုပ် Igla-S လေကြောင်းကာကွယ်ရေးဒုံးကျည်များကို အိန္ဒိယလက်ခံရရှိ

အိန္ဒိယတပ်မတော်သည် ဒေါ်လာ သန်း ၃၀၀ ကျော်တန်ဖိုးရှိ ရုရှားလုပ် Igla-S လေကြောင်းကာကွယ်ရေးဒုံးကျည်များကို လက်ခံရရှိပြီဖြစ်ကြောင်း ANI သတင်းဌာနက ထုတ်ပြန်သည်။

အိန္ဒိယနိုင်ငံသည် အဆိုပါလေကြောင်းကာကွယ်ရေးဒုံးကျည်များကို ရန်သူ၏ လေယာဉ်များ၊ ဒရုန်းများနှင့် တိုက်ခိုက်ရေးရဟတ်ယာဉ်များ၏ခြိမ်းခြောက်မှုကို ကာကွယ်ရန်အတွက် ရှေ့တန်းစစ်စခန်းများတွင် ဖြန့်ကြက်မည်ဖြစ်သည်။

အိန္ဒိယနိုင်ငံ၏ အဆိုပါဆောင်ရွက်မှုသည် ပါကစ္စတန်နှင့်၎င်းတို့ကြား တင်းမာမှုများဖြစ်ပွားနေစဉ် ထွက်ပေါ်လာခြင်းဖြစ်သည်။

အိန္ဒိယအစိုးရသည် အဆိုပါလက်နက်စနစ်များကို အရေးပေါ်အဖြစ် မှာယူခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

***Ref: RT***

---

# နျူကလီးယားအစီအစဉ်အား လုံးဝစွန့်လွှတ်ရန် အလိုရှိနေသည်ဟု အီရန်အား ထရမ့်ပြော

အမေရိကန်အနေဖြင့် အီရန်က ၎င်းတို့၏ နျူကလီးယားအစီအစဉ်အား လုံးဝစွန့်လွှတ်ရန် အလိုရှိနေသည်ဟု အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်က ပြောကြားသည်။

အီရန်နိုင်ငံသည် ရေနံပေါကြွယ်ဝသည့် နိုင်ငံတစ်နိုင်ငံဖြစ်သောကြောင့် လျှပ်စစ်ဓာတ်အားထုတ်လုပ်ရန်အတွက် နျူကလီးယားစွမ်းအင်လိုအပ်မည်မဟုတ်ကြောင်း၊ အရပ်ဘက်သုံး နျူကလီးယားစွမ်းအင်သည် နောက်ဆုံးတွင် စစ်ရေးအတွက် အသုံးချလာနိုင်သောကြောင့် အီရန်အား အဆိုပါနျူကလီးယားလက်နက်များ ပိုင်ဆိုင်ရန် အလိုမရှိကြောင်း ထရမ့်က NBC သတင်းဌာနနှင့် မေလ ၄ ရက်က လုပ်ဆောင်သည့် တွေ့ဆုံဆွေးနွေးမေးမြန်းခန်းတစ်ခုတွင် ပြောကြားသည်။

ထရမ့်အစိုးရသည် ၂၀၁၅ ခုနှစ်က ချမှတ်ခဲ့သည့် အီရန်နျူကလီးယားအစီအစဉ်မှ နုတ်ထွက်ခဲ့ပြီး အီရန်အနေဖြင့် နျူကလီးယားအစီအစဉ်၏ သဘောတူညီချက်ကို ချိုးဖောက်ခဲ့သည်ဟု စွပ်စွဲပြောကြားခဲ့ကြောင်းသိရသည်။

***Ref: RT***

---

# တရုတ်နိုင်ငံအနောက်တောင်ပိုင်းတွင် လေပြင်းများတိုက်ခတ်မှုကြောင့် လှေလေးစင်းတိမ်းမှောက် လူ ၁၀ ဦးသေဆုံး

တရုတ်နိုင်ငံ အနောက်တောင်ပိုင်းတွင် လေပြင်းများတိုက်ခတ်မှုကြောင့် ပြည်ပခရီးသွားများအား တင်ဆောင်လာသည့်လှေလေးစင်းတိမ်းမှောက်ခဲ့ရာ လူ ၁၀ ဦးသေဆုံးပြီး ၇၀ ဦးကို ဆေးရုံသို့ပို့ဆောင်ခဲ့ရကြောင်း မီဒီယာများက မေလ ၅ ရက်တွင် ဖော်ပြသည်။

အဆိုပါခရီးသည်တင်လှေများသည် ကွေ့ကျိုးပြည်နယ် ချန်းရှီးမြို့ရှိ မြစ်အတွင်း၌ မေလ ၄ ရက် မွန်းလွဲပိုင်းက တိမ်းမှောက်ခဲ့ခြင်းဖြစ်ကြောင်း CCTV သတင်းဌာနက ဖော်ပြသည်။

ကယ်ဆယ်ရေးအဖွဲ့များက ရှာဖွေကယ်ဆယ်မှုများကိုလုပ်ဆောင်စဉ်အတွင်း မေလ ၅ ရက်အထိ လူ ၁၀ ဦးသေဆုံးပြီး အခြား ၇၀ ဦးကို ဆေးရုံသို့ပို့ဆောင်ခဲ့ရသည်။ သို့သော် အခြားလူ လေးဦးမှာ ထိခိုက်မှုမရှိကြောင်းသိရသည်။

အဆိုပါလှေများသည် မိုးသည်းထန်စွာရွာသွန်းပြီးနောက်ပိုင်းတွင် တိမ်းမှောက်သွားခြင်းဖြစ်ကြောင်း နိုင်ငံပိုင် China Daily သတင်းဌာနက တာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်ကိုကိုးကား၍ ဖော်ပြထားသည်။ ***Ref:ST***

# ထိခိုက်ပျက်စီးမှုများအား ထိန်းသိမ်းရေးဆောင်ရွက်ရာတွင် နောင်ဖြစ်ပေါ်လာနိုင်သည့် သဘာဝဘေးအန္တရာယ်များပါ ခံနိုင်ရည်ရှိသည့်ဒီဇိုင်းကို ထည့်သွင်းစဉ်းစားဆောင်ရွက်ရန်မှာကြား

မန္တလေး မေ ၅

သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင်သည် ဒုတိယဝန်ကြီး ဒေါ်နုမြဖံ၊ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ လူမှုရေးရာဝန်ကြီး ဦးအောင်ကျော်မိုး၊ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် မစိုးရိမ်ကျောင်းတိုက် ဆရာတော်အား ဖူးမြော်ကြည်ညို၍ ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သည့် ရှေးဟောင်းအဆောက်အအုံများအား ကွင်းဆင်းကြည့်ရှုစစ်ဆေးသည်။



ဦးစွာ မဟာအောင်မြေမြို့နယ် မစိုးရိမ်တိုက်သစ်သို့ရောက်ရှိပြီး နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင် ဘဒ္ဒန္တဝါသေဌာဘိဝံသအား ဖူးမြော်ကြည်ညိုပြီး ပြည်ထောင်စုဝန်ကြီးက သာသနာရေးဆိုင်ရာများလျှောက်ထားကာ လှူဖွယ်ဝတ္ထုများနှင့် ကျောင်းတိုက်အတွက်လိုအပ်သည့်နေရာတွင်အသုံးပြုရန် နဝကမ္မအလှူငွေများလှူဒါန်းသည်။

ယင်းနောက် ပြည်ကြီးတံခွန်မြို့နယ်ရှိ မြဝတီသီလရှင်စာသင်တိုက်ရှိ ငလျင်ဒဏ်သင့် အဆောက်အအုံများ၊ ချမ်းအေးသာစံမြို့နယ် ၈၂ လမ်း ၃၃ x ၃၄ လမ်းကြားတွင် တည်ရှိသည့် မြို့မနှစ်ခြင်းအသင်းတော် ဘုရားကျောင်း(မေရီဘုရားရှိခိုးကျောင်း)၊ ပင်းယဂူကြီးသုံးလုံး၊ သတ္တဌာနဝင်ရွှေစည်းခုံ စေတီတော်ကြီး ၊ ချမ်းမြသာစည်မြို့နယ် တမ္ပဝတီရပ်ကွက်ရှိ မဟာစန္ဒာမုနိစေတီတော်၊ ရှင်လွန်းမယ်ဘုရား၊ မြေစွန်းဝန်ဘုရား၊ သားတော်ရာဘုရားတို့သို့ သွားရောက်ကြည့်ရှုပြီး ထိခိုက်ပျက်စီးမှုများအား ထိန်းသိမ်းရေးဆောင်ရွက်ရာတွင် နောင်ဖြစ်ပေါ်လာနိုင်သည့် သဘာဝဘေးအန္တရာယ်များပါ ခံနိုင်ရည်ရှိသည့် ဒီဇိုင်းကို ထည့်သွင်းစဉ်းစားတွက်ချက်၍ အရည်အသွေးစံချိန်စံညွှန်းမီ ပြုပြင်သွားရန် မှာကြားကာ ဘုရားများပြုပြင်ရန် ဂေါပကအဖွဲ့များထံ အလှူငွေများပေးအပ်ခဲ့သည်။

ထို့နောက်ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည်မဟာမုနိဘုရားသို့ရောက်ရှိကာ ငလျင်ဒဏ်ကြောင့် ပြိုပျက်သွားသည့် အဆောက်အအုံများ ရှင်းလင်းရာတွင် သဲ၊ ခဲ ရှင်းလင်း၍ မုခ်များကြံ့ခိုင်ရေးလုပ်ငန်းဆောင်ရွက်နေသည်များကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များမှာကြားကာ ဘုရားကြီးပြုပြင်မွမ်းမံရန်အတွက် ဂေါပကအဖွဲ့ထံ အလှူငွေများပေးအပ်ခဲ့ကြောင်း သိရသည်။

မြဝတီ

# မြစ်ကြီးနားမြို့၌ (၇၉)နှစ်မြောက် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နေ့ အခမ်းအနားကျင်းပပြုလုပ်



ကချင်ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန် (၇၉)နှစ်မြောက် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နေ့အခမ်းအနားတွင် ခင်းကျင်းပြသထားသည့်မီးငြိမ်းသတ်ရေးနှင့်ရှာဖွေကယ်ဆယ်ရေးပစ္စည်းများအား လိုက်လံကြည့်ရှုစဉ်။

နေပြည်တော် မေ ၅

(၇၉)နှစ်မြောက် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နေ့အခမ်းအနားကို ယနေ့တွင်ကချင်ပြည်နယ်၊ မြစ်ကြီးနားမြို့၊ ရောရပ်ကွက်ရှိ ပြည်နယ်အားကစားနှင့်ကာယပညာဦးစီးဌာန အားကစားခန်းမ၌ပြုလုပ်ရာ ပြည်နယ်ဝန်ကြီးချုပ်ဦးခက်ထိန်နန်၊ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်ရာဇာထွန်း၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့ဝင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ မန္တလေးငလျင်ကြီးကြောင့် ထိခိုက်သေဆုံးခဲ့သည့်ပြည်သူများအတွက်ဝမ်းနည်းခြင်းအထိမ်းအမှတ်အဖြစ် မတ်တတ်ရပ်၍ တစ်မိနစ်ငြိမ်သက်ကြသည်။ ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်က (၇၉)နှစ်မြောက် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နေ့ အခမ်းအနားမိန့်ခွန်းပြောကြားပြီး တက်ရောက်လာကြသူများနှင့်အတူ (၇၉)နှစ်မြောက် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နေ့အထိမ်းအမှတ်မှတ်တမ်းဗီဒီယို (Video Clip) ပြသခြင်းအား ကြည့်ရှုကြသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်က မီးသတ်တပ်ဖွဲ့ဝင်များအား ဂုဏ်ပြုချီးမြှင့်ငွေများပေးအပ်ပြီး တာဝန်ရှိသူများနှင့်အတူ ခန်းမအတွင်း ခင်းကျင်းပြသထားသည့် မီးငြိမ်းသတ်ရေးနှင့် ရှာဖွေကယ်ဆယ်ရေးပစ္စည်းများအား လိုက်လံကြည့်ရှုခဲ့ကြကြောင်း သတင်းရရှိသည်။ (၁၀၀)

# ဇွန်လဆန်းတွင် ကျောင်းများပြန်လည်ဖွင့်လှစ်နိုင်ရေးအတွက် လမ်းညွှန်ချက်များနှင့်အညီ ပြင်ဆင်သွားကြရမည်

နေပြည်တော် မေ ၅

သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိန်းကျော်သည် ယနေ့တွင် မန္တလေးတိုင်းဒေသကြီးရှိ ကွန်ပျူတာတက္ကသိုလ် (မန္တလေး)နှင့် အစိုးရစက်မှုလက်မှုသိပ္ပံ (မန္တလေး)တို့သို့ သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးသည် မြေငလျင်ကြောင့် ထိခိုက်ပျက်စီးခဲ့သည့် ကွန်ပျူတာတက္ကသိုလ်(မန္တလေး)သို့ရောက်ရှိကာ ပင်မဆောင်ထိခိုက်ပျက်စီးမှုအခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေး၍ ဇွန်လဆန်းတွင် ကျောင်းများပြန်လည်ဖွင့်လှစ်ရာတွင် စာသင်ခန်းများ၊ ကွန်ပျူတာခန်းများနှင့်လက်တွေ့ခန်းများ အဆင်သင့်ဖြစ်စေနိုင်ရေး ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရှိမှုများကို လှည့်လည်ကြည့်ရှုစစ်ဆေးကာ စာသင်ခန်းလိုအပ်ချက်များနှင့် ကျောင်းသား၊ ကျောင်းသူများ အဆင်ပြေချောမွေ့စွာ ပညာသင်ကြားနိုင်ရေး လိုအပ်သည်များ မှာကြားဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် အစိုးရနည်းပညာအထက်တန်းကျောင်း(မန္တလေး)ရှိ စာသင်ဆောင်များ၊ အလုပ်ရုံများတွင် သင်ကြားသင်ယူမှုများနှင့်စာတွေ့လက်တွေ့ ဆောင်ရွက်နိုင်ရေးကြည့်ရှုစစ်ဆေးပြီး ဇွန်လဆန်းတွင် ကျောင်းများ ပြန်လည်ဖွင့်လှစ်နိုင်ရေးအတွက် လမ်းညွှန်ချက်များနှင့်အညီ ပြင်ဆင်သွားကြရမည်ဖြစ်ကြောင်း မှာကြားပြီး ဝန်ထမ်းအိမ်ရာများ၊ ကျောင်းသား၊ ကျောင်းသူအိပ်ဆောင်များကို သွားရောက်ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

မြဝတီ

# EV သုံးစွဲသူပြည်သူများ ဘေးအန္တရာယ်ကင်းရှင်းစွာအသုံးပြုနိုင်ရေး EV ပြုပြင်ထိန်းသိမ်းမှု နည်းပညာသင်တန်းများကို နိုင်ငံတကာနှင့်ပူးပေါင်းဆောင်ရွက်သွားရန်မှာကြား

နေပြည်တော် မေ ၅

လျှပ်စစ်သုံးယာဉ်နှင့်ဆက်စပ်ပစ္စည်းများ သုတေသနဖွံ့ဖြိုးရေးနှင့်နည်းပညာပြန့်ပွားရေးလုပ်ငန်း ကော်မတီဥက္ကဋ္ဌ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာအောင်ဇေယျသည် မေလ ၂ ရက် နံနက်ပိုင်းတွင် အစိုးရစက်မှုလက်မှုသိပ္ပံ(အင်းစိန်)သို့ရောက်ရှိခဲ့ပြီး EV အလုပ်ရုံအတွင်း ကြည့်ရှုစစ်ဆေးပြီး နိုင်ငံတော်တွင် EV သုံးစွဲမှုများသိသာစွာမြင့်တက်လာပြီဖြစ်ရာသုံးစွဲသူပြည်သူများ ဘေးအန္တရာယ်ကင်းရှင်းစွာ အသုံးပြုနိုင်ရေးအတွက် အသိပညာပေးပွဲများ၊ EV ပြုပြင်ထိန်းသိမ်းမှုနည်းပညာသင်တန်းများကို ဆက်စပ်ဌာနများ၊ နိုင်ငံတကာနှင့်ပြင်ပ EV အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်သွားရန် တိုက်တွန်းမှာကြားသည်။


ထို့နောက် ဒုတိယဝန်ကြီးသည် စာကြည့်တိုက်ကို ကြည့်ရှုစစ်ဆေးကာ ခေတ်မီစာကြည့်တိုက်ဖြစ်စေရေးနှင့် ဆရာနှင့်ကျောင်းသားများ စာဖတ်ရှိန်မြှင့်တင်ရေး အလေးထားဆောင်ရွက်သွားရန်မှာကြားပြီး နည်းပညာနှင့် သုတ၊ ရသစာအုပ်များကိုလှူဒါန်းကာ ကျောင်းဥပမိရုပ်တင့်တယ်ရေး ဆောင်ရွက်ထားရှိမှုများကို ကြည့်ရှုစစ်ဆေး၍ လိုအပ်သည်များကို မှာကြားသည်။

မွန်းလွဲပိုင်းတွင် ဂျပန်-မြန်မာအောင်ဆန်းသက်မွေးပညာသင်ကျောင်း (JMASVTI) သို့ရောက်ရှိပြီး ဝန်ထမ်းများနှင့်တွေ့ဆုံကာ ဆက်စပ်ဌာနများ၊ ပြင်ပအဖွဲ့အစည်းများနှင့်ပူးပေါင်းကာ MSME မြှင့်တင်ရေးနှင့်မော်တော်ယာဉ် နည်းပညာဖွံ့ဖြိုးတိုးတက်ရေး ကြိုးပမ်းဆောင်ရွက်ရန် မှာကြားခဲ့သည်။



ယင်းနောက် ဒုတိယဝန်ကြီးသည် အသစ်တည်ဆောက်ပြီးဖြစ်သော ပင်မဆောင်အတွင်း မြေညီထပ်ရှိစာကြည့်တိုက်၊ စုဝေးခန်းမ၊ လျှပ်စစ်အလုပ်ရုံနှင့်ရှေးဦးသူနာပြုစုခန်းတို့တွင်လည်းကောင်း၊ ပထမထပ်ရှိစာသင်ခန်းများ၊ ပုံဆွဲခန်း၊ သိပ္ပံလက်တွေ့ခေတ်ခွဲခန်း၊ ကွန်ပျူတာခန်းနှင့်တိုင်းတာရေးအလုပ်ရုံ၊ ပင်မဆောင်အပြင်ဘက်ရှိ ရေသိုလှောင်ကန်နှင့်ကန်တင်းဆောက်လုပ်ဆဲနေရာတို့တွင်လည်းကောင်း၊ မော်တော်ယာဉ်နည်းပညာအလုပ်ရုံ (Automotive Technology Workshop) တွင်လည်းကောင်း လှည့်လည်ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များမှာကြားခဲ့ကြောင်း သိရသည်။

မြဝတီ


မြဝတီဘဏ်လီမိတက်
MYAWADDY BANK LIMITED
လုံခြုံလျှင်မြန် ဆောင်ရွက်ပြန့်မှန် မြဝတီဘဏ်
Card Services
✔ Individual Debit Card/ Credit Card
✔ Corporate Debit Card
✔ Automated Teller Machine Services
✔ Point of Sales Services
✔ Online Payment / Tax Payment Via E-commerce
Phone No : (01) 2301367, 2301368, 2301452, 2301378


ငွေပင်လယ်မွေးမြူရေးနှင့်ရေလုပ်ငန်းကုမ္ပဏီလီမိတက် Ngwepinlae Livestock Breedings & Fisheries Co., Ltd
ငါး/ပုစွန် ပြုပြင်အေးခဲထုတ်လုပ်ခြင်း (အအေးခန်းစက်ရုံ)
အဆင့်မြင့်ရေထွက်ကုန်ပစ္စည်း ရောင်းဝယ်ရေးကုမ္ပဏီ
လှိုင်းတွန့်စက္ကူဘူးထုတ်လုပ်ရေးစက်ရုံ
ADDRESS : NO. 55/61, STRAND ROAD,BOTAHTAUNG TOWNSHIP, YANGON, MYANMAR
FAX : 951-397480, 397481 E-MAIL : ngwepinlae.headoffice@gmail.com WEBSITE : ngwepinlae.com


ထာဝရလှပသော အပြုံးအတွက်
Fluoride ပါဝင်သောကြောင့် သွားများကို ဖြူဖွေးတောက်ပစေပါသည်။
DENTOMEC
ပင်ရင်းအရောင်းဌာန - ဖုန်း - ၀၉ ၆၉၉၀၂၇၀၈၅၊ ၀၉ ၄၂၈၀၅၅၁၆၉
STARMART nine mile Showroom - (၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၃၀၈၆၀၁၈၀
KHA YAE PIN MART - မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅
STARMART MANDALAY Wholesale - ၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့၊ ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄
STARMART Nay Pyi Taw - ရန်ကုန် - မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား၊ ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇
DENTOMEC
DENTIST RECOMMENDED
FDA အမှတ်-2212 PCE 0013


အင်္ဂလန်နိုင်ငံ International Brewing Awards ၊ ဩစတြေးလျနိုင်ငံ Australian International Beer Awards ၊ ဘယ်လ်ဂျီယံနိုင်ငံ Monde (World) Selection ၊ ဂျာမနီနိုင်ငံ European Beer Star ပြိုင်ပွဲကြီးများမှ အမြင့်ဆုံးဆုတံဆိပ်များ ရရှိခဲ့သော ဒဂုံအဖျော်ယမကာကုမ္ပဏီလီမိတက် ထုတ်ကုန်များ . . .
'ဒဂုံနှင့်အတူ ဂုဏ်ယူလိုက်ပါ'
DAGON
Non-Sparkling Lemon Tea
Sparkling Lemon Tea
ပင်ရင်းအရောင်းဌာန - ဖုန်း - ၀၁ ၃၆၁၀၈၄၁၊ ၀၁ ၆၅၁၁၇၇၊ ၀၁ ၆၅၂၁၆၉
KHA YAE PIN MART - မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅
STARMART nine mile Showroom - (၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၂၆၃၁၄၇၃၈၅
STARMART MANDALAY Wholesale - ၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့၊ ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄
STARMART Nay Pyi Taw - ရန်ကုန် - မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား၊ ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇

# တရားမဝင် လုပ်ငန်းသုံးပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများ၊ လိုင်စင်မဲ့မော်တော်ဆိုင်ကယ်များ၊ လိုင်စင်မဲ့မော်တော်ယာဉ်များနှင့် တရားမဝင်ကုန်ပစ္စည်းတင် မော်တော်ယာဉ်များဖမ်းဆီးရမိ

## တရားမဝင်ကုန်သွယ်မှုများကြောင့် ပြည်တွင်းကုန်ထုတ်လုပ်ငန်းများ ရေရှည်ရပ်တည်နိုင်ရေးအတွက် ကြီးမားသည့်ခြိမ်းခြောက်မှုများကိုဖြစ်ပေါ်စေ

**နေပြည်တော် မေ ၅**

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီ၏ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာတားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိသည်။

**ထိုသို့ဆောင်ရွက်လျက်ရှိရာ မေလ ၂ ရက်**တွင် မကွေးတိုင်းဒေသကြီးတရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ မကွေးမြို့၊ ရေဝတီတံတားပူးပေါင်းစစ်ဆေးရေးဂိတ်၌ လိုင်စင်မဲ့ Honda Fit မော်တော်ယာဉ်(၁)စီး **(ခန့်မှန်းတန်ဖိုးငွေကျပ် ၁၃၀၀၀၀၀၀)** ကို ဖမ်းဆီးရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် **မေလ ၂ ရက်နှင့် ၃ ရက်**တို့တွင် ရေဝတီတိုင်းဒေသကြီးတရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ မအူပင်မြို့နယ်နှင့် မြောင်းမြမြို့နယ်တို့၌ လိုင်စင်မဲ့မော်တော်ဆိုင်ကယ် (၂)စီး **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၉၅၀၀၀၀)** ကို ဖမ်းဆီးရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။



ရှမ်းပြည်နယ်၌ ဖမ်းဆီးရမိမှု။

ထို့အတူ **မေလ ၃ ရက်**တွင် ရှမ်းပြည်နယ်တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ဟိုပုံးတပ်နယ်၊ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၌ တာချီလိတ်မြို့မှ တောင်ကြီးမြို့သို့ မောင်းနှင်လာသည့် မော်တော်ယာဉ်(၇)စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်း (၂၆)မျိုး၊ လုပ်ငန်းသုံးပစ္စည်း (၁၂)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၅၀၃၆၄၇၁၁)နှင့် အဆိုပါပစ္စည်းများတင်ဆောင်လာသည့် Nissan Diesel Truck (၃)စီး၊ Isuzu Giga Truck (၂)စီး၊ Hino Profia Truck (၁)စီး၊ Charm Truck (၁)စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၅၀၀၀၀၀၀၀)ကိုလည်းကောင်း၊ **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၇၀၀၃၆၄၇၁၁)**ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

အလားတူ **မေလ ၄ ရက်**တွင် စစ်ကိုင်းတိုင်းဒေသကြီးတရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ စစ်ကိုင်းမြို့၊ ရတနာပုံတံတားပူးပေါင်းစစ်ဆေးရေးဂိတ်နှင့် ကံတလူပူးပေါင်းစစ်ဆေးရေးဂိတ်တို့၌ လိုင်စင်မဲ့မော်တော်ယာဉ် (၂) စီး **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၄၅၀၀၀၀၀)** ကို ဖမ်းဆီးရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

၂၀၂၅ ခုနှစ်၊ မေလ ၂ ရက်၊ ၃ ရက်နှင့် ၄ ရက်တို့တွင် ဖမ်းဆီးရမိမှု **စုစုပေါင်းမှာ အမှုတွဲ (၂၂)မှု၊ (ခန့်မှန်းတန်ဖိုးငွေကျပ် ၇၃၈၈၁၄၇၁၁)**ကို ဖမ်းဆီးရမိခဲ့သည်။ တရားမဝင်ကုန်သွယ်မှုများကြောင့် အသေးစား၊ အငယ်စားနှင့်အလတ်စား ပြည်တွင်းစီးပွားရေးလုပ်ငန်းများမှထုတ်လုပ်သည့် ကုန်ပစ္စည်းများ ဈေးကွက်အတွင်း မျှတစွာ ယှဉ်ပြိုင်နိုင်မှုမရှိခြင်းနှင့် ဈေးကွက်ပျောက်ဆုံးခြင်းတို့ ဖြစ်ပေါ်စေပြီး ပြည်တွင်းကုန်ထုတ်လုပ်ငန်းများ ရေရှည်ရပ်တည်နိုင်ရေးအတွက် ကြီးမားသည့် ခြိမ်းခြောက်မှုများကို ဖြစ်ပေါ်စေသည်။ သို့ဖြစ်၍ သက်ဆိုင်ရာတာဝန်ရှိသူများမှ ယခုထက်ပိုမို၍ တားဆီးစစ်ဆေးကြပ်မတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီမှ သိရသည်။

**မြဝတီ**

---

## ထူးခြားသည့် နေ့အပူချိန်များ

နေပြည်တော် မေ ၅

| | | | | |
|---|---|---|---|---|
| ချောက် | ၄၀ | ဒသမ | ၅ | ဒီဂရီဆဲလ်စီးယက် |
| မြင်းမူ | ၄၀ | ဒသမ | ၄ | ဒီဂရီဆဲလ်စီးယက် |
| ညောင်လေးပင် | ၄၀ | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယက် |
| ပြည် | ၄၀ | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယက် |
| မကွေး | ၃၉ | ဒသမ | ၁ | ဒီဂရီဆဲလ်စီးယက် |
| နေပြည်တော် (ဇေယျာသီရိမြို့နယ်) | ၃၉ | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယက် |
| မြင်းခြံ | ၃၉ | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယက် |

---

### ၅-၅-၂၀၂၅ ရက်နေ့ ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေး (Market Rate)

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေ ၁ ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်)၏ **ဈေးနှုန်းမှာ (၅,၆၇၀,၀၀၀)ကျပ်ဖြစ်သည်။**

**ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ**

---

# အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများအား လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများအား ဖော်ထုတ်အရေးယူ

**နေပြည်တော် မေ ၅**

အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသည့် CRPH၊ NUG နှင့် ယင်းတို့၏လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုလုပ်ခဲ့မှုအပေါ် ဥပဒေနှင့်အညီ ထိရောက်စွာအရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့ လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း မိဘပြည်သူများသိရှိနိုင်ရေး အသိပေးသတင်းထုတ်ပြန်ပြီးဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ၂၀၂၅ ခုနှစ်၊ မေလ ၄ ရက်နေ့တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့် "War War Naing" Facebook အကောင့်ပိုင်ရှင်ဖြစ်သူ မန္တလေးတိုင်းဒေသကြီး၊ ချမ်းမြသာစည်မြို့နယ်၊ မြရည်နန္ဒာရပ်ကွက်နေ ဝါဝါခိုင်(ခ)မညို၊အား ညနေ ၅ နာရီ ၄၀ မိနစ်တွင် အောင်ပင်လယ်နယ်မြေရဲစခန်း၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်းအမှုဖွင့်လှစ်အရေးယူဆောင်ရွက်ခဲ့ကြောင်း သတင်းရရှိသည်။

(၁၀၀)

---

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟုသုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကို သတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံ အကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH ၊ NUG ၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏လက်နက်/ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

---

# နေပြည်တော်၊ ပြည်နယ်နှင့်တိုင်းဒေသကြီးများမှ တရားမဝင် ကျွန်း ၁၁ ဒသမ ၆၁၇၂ တန်၊ သစ်မာ ၇ ဒသမ ၄၇၃၂ တန်၊ အခြား ၂၆ ဒသမ ၃၇၆၆ တန် ဖမ်းဆီးရမိ



**နေပြည်တော် မေ ၅**

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ သစ်တောဦးစီးဌာနသည် တရားမဝင်သစ်နှင့်သစ်တောထွက်ပစ္စည်းများ ရှာဖွေဖော်ထုတ်ဖမ်းဆီးရေးအား ပြည်သူပူးပေါင်းပါဝင်မှုဖြင့် လူထုအခြေပြုစောင့်ကြပ်ကြည့်ရှုသတင်းပို့စနစ် (Community Monitoring and Reporting System–CMRS) အပါအဝင်နည်းလမ်းမျိုးစုံဖြင့် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ ဧပြီလ ၂၁ ရက်မှ ၂၇ ရက်အထိ နေပြည်တော်၊ ပြည်နယ်နှင့်တိုင်းဒေသကြီး သစ်တောဦးစီးဌာနများမှ ပေးပို့လာသော စာရင်းများအရ တရားမဝင် **ကျွန်း ၁၁ ဒသမ ၆၁၇၂ တန်၊ သစ်မာ ၇ ဒသမ ၄၇၃၂ တန်၊ အခြား ၂၆ ဒသမ ၃၇၆၆ တန် စုစုပေါင်း ၄၅ ဒသမ ၄၆၇၀ တန်၊ ယာဉ်/ ယန္တရား ၆ စီး၊ တရားခံ ၂၀** ဖမ်းဆီးရမိခဲ့ကြောင်း မြန်မာနိုင်ငံသစ်တောဦးစီးဌာနမှ သိရသည်။

**မြဝတီ**

# မန္တလေးတိုင်းဒေသကြီး၊ ချမ်းအေးသာစံမြို့နယ်၌ ငွေကျပ်သိန်း ၄၃၅၄ တန်ဖိုးရှိ ရွှေထည်ပစ္စည်းမျိုးစုံနှင့် ငွေများအား ခိုးယူမှုကျူးလွန်ခဲ့သူ တရားခံအမျိုးသားတစ်ဦး၊ သက်သေခံပစ္စည်းများ သို့ဝှက်သိမ်းဆည်းပေးသူ တရားခံအမျိုးသားနှစ်ဦးနှင့် အမျိုးသမီးနှစ်ဦးတို့အား သက်သေခံပစ္စည်းများနှင့်အတူ ဖော်ထုတ်ဖမ်းဆီးရမိ

နေပြည်တော်　မေ　၅

၂၀၂၅ ခုနှစ်၊ ဧပြီလ ၁၈ ရက်နေ့တွင် မန္တလေးတိုင်းဒေသကြီး၊ ချမ်းအေးသာစံမြို့နယ်၊ ရန်မျိုးလုံရပ်ကွက်၊ ၇၀ လမ်းနှင့် ၇၁ လမ်းကြား၊ ၃၂(B)လမ်းရှိ (၇)လွှာတိုက်ခန်းမြေညီထပ်၊ အခန်းအမှတ်(B-1)နေ ဒေါ်ခင်ဖြူမြင့်(၄၇)နှစ်၊ (ဘ)ဦးကိုကိုသည် ၎င်း၏နေအိမ်တိုက်ခန်းအတွင်းရှိ ထပ်ခိုးပေါ်၌ သိမ်းဆည်းထားသည့် ပီနံအိတ်အတွင်းထည့်ထားသော ငွေကျပ်သိန်း ၂၀၀၀ နှင့် ကျောပိုးအိတ်အတွင်းထည့်ထားသော ရွှေထည်ပစ္စည်းမျိုးစုံ တန်ဖိုးငွေကျပ်သိန်း ၂၃၅၄၊ စုစုပေါင်း ငွေနှင့်ရွှေထည်ပစ္စည်းမျိုးစုံ တန်ဖိုးငွေကျပ်သိန်း ၄၃၅၄ မှာ ပျောက်ဆုံးနေကြောင်း တိုင်တန်းချက်အရ ချမ်းအေးသာစံမြို့နယ်၊ အမှတ်(၃)နယ်မြေရဲစခန်း (ပ)၆၄/၂၀၂၅၊ ရာဇသတ်ကြီးပုဒ်မ-၃၈၀ ဖြင့် အမှုဖွင့်လှစ်၍ ပြစ်မှုကျူးလွန်သူ တရားခံအား ဖမ်းဆီးရမိနိုင်ရေးစုံစမ်းဆောင်ရွက်ခဲ့သည်။

လုံခြုံရေးတပ်ဖွဲ့ဝင်များက ပြစ်မှုကျူးလွန်သူတရားခံအား ဖမ်းဆီးရမိနိုင်ရေး သတင်းရယူစုံစမ်းခြင်းများဆောင်ရွက်ခဲ့ပြီး ပြစ်မှုကျူးလွန်သူတရားခံ လွင်ကိုဦး(၂၇)နှစ် (ဘ) ဦးအောင်ကို၏ပြည်ထောင်စုနယ်မြေနေပြည်တော် တပ်ကုန်းမြို့နယ်၊ လက်ပံကျေးရွာရှိ နေအိမ်အား ဧပြီလ ၂၆ ရက်နေ့တွင်ဝင်ရောက်ဖမ်းဆီးရှာဖွေခဲ့ရာ လွင်ကိုဦး၏ဇနီးဖြစ်သူ သင်းသင်းစိုး(၂၆)နှစ် (ဘ)ဦးမြင့်နိုင်အား တွေ့ရှိရပြီး ထွက်ဆိုချက်အရ ဧပြီလ ၁၉ ရက်နေ့တွင် လွင်ကိုဦး ပြစ်မှုကျူးလွန်ရရှိသည့်ငွေဖြင့် တပ်ကုန်းမြို့၌ KENBO 125 အနက်ရောင်ဆိုင်ကယ်တစ်စီးအား ဝယ်ယူခဲ့ကြောင်း၊ ကျန်ခိုးရာပါငွေများနှင့် ရွှေထည်ပစ္စည်းများအား ဆာလာအိတ်ဖြင့်ထုပ်၍ လက်ပံကျေးရွာရှိနေအိမ်သို့ ယူဆောင်လာခဲ့ပြီး ဧပြီလ ၂၁ ရက်နေ့တွင် သင်းသင်းစိုး၏ ဖခင်ဖြစ်သူ မြင့်နိုင်၊ ညီမဖြစ်သူ ဖြိုးဖြိုး၊ ခဲအိုဖြစ်သူ ကျော်ကျော်ခိုင်(ခ)ကျော်ခိုင်တို့နှင့်အတူ ကျေးရွာ၏အနောက်ဘက် ၁ မိုင်ခန့်အကွာရှိ တောင်ကုန်းပေါ်၌ ကျင်းတူး၍ မြှုပ်နှံသို့ဝှက်သိမ်းဆည်းထားခဲ့ကြောင်း စစ်ဆေးသိရှိရပြီး သင်းသင်းစိုး၏ ထွက်ဆိုချက်အရ ဧပြီလ ၂၆ ရက်နေ့တွင် သက်သေခံငွေကျပ်သိန်း ၁၄၀၀ နှင့် အလေးချိန် ၉ ကျပ် ၁၀ ပဲ ၅ ရွေးအလေးချိန်ရှိ ရွှေထည်ပစ္စည်းမျိုးစုံတို့အား သိမ်းဆည်းရမိခဲ့သည်။

ပြစ်မှုကျူးလွန်သူ လွင်ကိုဦးအား ဧပြီလ ၂၇ ရက်နေ့ညနေ ၄ နာရီခွဲ၌ ဇမ္ဗူသီရိမြို့နယ်၊ အောင်ဇမ္ဗူကျေးရွာရှိ စိန်လျှံတည်းခိုခန်း၊ အခန်းအမှတ်(H-3) တွင် ရှာဖွေဖမ်းဆီးရမိခဲ့ပြီး ၎င်းထံမှသက်သေခံငွေ ၁၂၇ သိန်းကျပ်၊ အလေးချိန် ၃ ကျပ် ၃ ပဲ ၃ ရွေးရှိ ရွှေထည်ပစ္စည်းမျိုးစုံ၊ KENBO အမျိုးအစား အနက်ရောင်ဆိုင်ကယ်တစ်စီး၊ လွင်ကိုဦး၏ နိုင်ငံသားစိစစ်ရေးကတ်ပြားတစ်ခု၊ လွင်ကိုဦးဓာတ်ပုံကပ်ထားသော မျိုးသူအမည်ပါ နိုင်ငံသားစိစစ်ရေးကတ်ပြားတစ်ခု၊ လက်ကိုင်ဖုန်းမျိုးစုံ ၅ လုံးတို့နှင့်အတူ တွေ့ရှိသိမ်းဆည်းရမိခဲ့သည်။

တရားခံ လွင်ကိုဦး၏ထွက်ဆိုချက်အရ ၂၀၂၄ ခုနှစ်၊ နိုဝင်ဘာလခန့်မှစတင်၍ မန္တလေးမြို့ပေါ်တွင်ဆောက်လုပ်ရေးလုပ်ငန်းတစ်ခု၌ အလုပ်ဝင်ရောက်လုပ်ကိုင်ခဲ့ပြီး ဧပြီလ ၁၈ ရက် နံနက် ၈ နာရီတွင် ၎င်းအလုပ်လုပ်ကိုင်သည့်နေရာအနီးရှိ(၇)လွှာတိုက်ခန်းမြေညီထပ်၊ အခန်းအမှတ်(B-1)၏ အခန်းအတွင်းသို့ဝင်ရောက်ကာ ငွေနှင့် ရွှေထည်ပစ္စည်းများအားခိုးယူခဲ့ကြောင်း၊ ထိုမှတစ်ဆင့် တပ်ကုန်းမြို့သို့ ခရီးသည်တင်ယာဉ်ဖြင့်ပြန်လာကာ ဇနီးဖြစ်သူအား ငွေနှင့်ရွှေထည်ပစ္စည်းများအား သို့ဝှက်သိမ်းဆည်းထားခိုင်းခဲ့ခြင်းဖြစ်ကြောင်း သိရှိရသည်။

ဖြစ်စဉ်တွင် နေအိမ်အတွင်း ဝင်ရောက်ကာ ငွေနှင့်ရွှေထည်ပစ္စည်းများအား ခိုးယူမှုကျူးလွန်ခဲ့သူ တရားခံလွင်ကိုဦးနှင့် သက်သေခံပစ္စည်းများအား သို့ဝှက်သိမ်းဆည်းပေးခဲ့သူများ ဖြစ်ကြသည့် တရားခံ သင်းသင်းစိုးပါ ၄ ဦးတို့အား ဥပဒေနှင့်အညီ ထိရောက်စွာအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။　(၁၀၀)

မန္တလေးတိုင်းဒေသကြီး၊ ချမ်းအေးသာစံမြို့နယ်၌ ငွေကျပ်သိန်း ၄၃၅၄ တန်ဖိုးရှိ ရွှေထည်ပစ္စည်းမျိုးစုံနှင့် ငွေများအား ခိုးယူမှုကျူးလွန်ခဲ့သူ တရားခံအမျိုးသားတစ်ဦး၊ သက်သေခံပစ္စည်းများ သို့ဝှက်သိမ်းဆည်းပေးသူ တရားခံအမျိုးသားနှစ်ဦးနှင့် အမျိုးသမီးနှစ်ဦးတို့အား သက်သေခံပစ္စည်းများနှင့်အတူ ဖော်ထုတ်ဖမ်းဆီးရမိမှု မှတ်တမ်းဓာတ်ပုံ။



(ဝဲမှယာ) တရားခံ ကျော်ကျော်ခိုင်(ခ)ကျော်ခိုင်၊ မြင့်နိုင်၊ လွင်ကိုဦး၊ သင်းသင်းစိုး၊ ဖြိုးဖြိုး

---

PDF အမည်ခံအကြမ်းဖက်သမားများ၏ ပြန်ပေးဆွဲဖမ်းဆီးခြင်းခံထားရသည့် သားအမိ ၂ ဦးအား လုံခြုံရေးတပ်ဖွဲ့ဝင်များက ဘေးကင်းလုံခြုံစွာ ပြန်လည်ကယ်တင်နိုင်ခဲ့ပြီး အကြမ်းဖက်သမား ၆ ဦးအား လက်နက်ခဲယမ်းများနှင့်အတူ ဖမ်းဆီးရမိခဲ့ပြီး အကြမ်းဖက်သမား ၃ ဦးအား အသေဖမ်းဆီးရမိမှုမှ မှတ်တမ်းဓာတ်ပုံများ။




တရားခံများ(ဝဲမှယာ) ကောင်းရှင်းသန့်(ခ) ပေါက်စီ၊ ဇင်မင်းထွန်း(ခ) ကိုမင်း၊ သက်အောင်ဖြိုး(ခ) ကောင်းကင်၊ ရောင်နီဦး(ခ) ကတုံး(ခ) ရကောက်




တရားခံများ(ဝဲမှယာ) ကျော်စိုးသူ၊ ဇင်ကိုလင်း(ခ) သားချော

➢ **ကျောဖုံးမှအဆက်**

ထိုသို့ အပြစ်မဲ့ပြည်သူ ၂ ဦးအား အကြမ်းဖက်သမားများက ပြန်ပေးဆွဲ ဖမ်းဆီးခေါ်ဆောင်သွားကြောင်း သတင်းရလျှင်ရချင်း လုံခြုံရေးတပ်ဖွဲ့ဝင်များက ပြန်လည်ကယ်တင်နိုင်ရေးအတွက် အချိန်နှင့်တစ်ပြေးညီ စုံစမ်းဖော်ထုတ်ခဲ့ရာ ယင်းနေ့ ညနေ ၄ နာရီခွဲတွင် ပြန်ပေးဆွဲမှုကျူးလွန်ရာတွင် ပါဝင်ခဲ့သူများဖြစ်ကြသော နန္ဒဝန်ရပ်ကွက်၊ နယ်မြေ(၈)နေ သက်အောင်ဖြိုး(ခ) ကောင်းကင်၊ (၂၃) နှစ်၊ (ဘ) ဦးအောင်လင်းအားလည်းကောင်း၊ ယင်းနေ့ ည ၁၀ နာရီ ၃၅ မိနစ်တွင်ကောင်းရှင်းသန့်(ခ) ပေါက်စီ (၁၇)နှစ်၊ (ဘ)ဦးအောင်နိုင်ဝင်း၊ ဇင်မင်းထွန်း(ခ) ကိုမင်း၊ (၃၁) နှစ်၊ (ဘ) ဦးသန်းထွန်းနှင့် ရောင်နီဦး(ခ) ကတုံး(ခ) ရကောက်၊ (၂၆)နှစ်၊ (ဘ) ဦးအောင်ဆန်းတို့ ၃ ဦးအား နန္ဒဝန်ရပ်ကွက်၊ နယ်မြေ(၈)၊ ကွမ်းခြံအစပ်၌လည်းကောင်း အသီးသီးဖမ်းဆီးရမိခဲ့သည်။

ဖမ်းဆီးရမိသူများအားစစ်ဆေးခဲ့ရာ မနိုနိုဦးလွင်နှင့် ၎င်း၏သား မောင်လက်ာတို့ ၂ ဦးအား ကွမ်းခြံအစပ်နှင့် မြို့ရှောင်လမ်းကြားတွင်ရှိသော သနပ်ခါးခြံအလယ်ရှိ၎င်းတို့၏ အကြမ်းဖက်စခန်းတွင် ဖမ်းဆီးထိန်းသိမ်းထားကြောင်း၊ အဆိုပါစခန်း၌ အကြမ်းဖက်အဖွဲ့ဝင်များမှ စောင့်ကြပ်လျက်ရှိကြောင်းသိရှိရသဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက အဖွဲ့ငယ်များခွဲ၍ တိတ်တဆိတ်ဝင်ရောက်ကယ်ဆယ်ရေး ဆောင်ရွက်ခဲ့သည်။ ထိုသို့ဆောင်ရွက်စဉ် အကြမ်းဖက်သမားများက လုံခြုံရေးတပ်ဖွဲ့ဝင်များအား လက်နက်ငယ်များဖြင့် စတင်ပစ်ခတ်တိုက်ခိုက်သဖြင့် ပြန်လည်ပစ်ခတ်ဖမ်းဆီးခဲ့ရာ အကြမ်းဖက်သမားများဖြစ်ကြသည့် ငထူး၊ ချိုကြီးနှင့် ပိုလီယိုတို့ ၃ ဦးအား လက်လုပ်သေနတ် ၂ လက်၊ ကျည်အချို့နှင့်အတူ အသေပစ်ခတ်ဖမ်းဆီးရမိခဲ့ပြီး လုံခြုံရေးတပ်ဖွဲ့ဝင် ၁ ဦးတွင် ကျည်ထိမှန်ဒဏ်ရာရရှိခဲ့ကာ မနိုနိုဦးလွင်နှင့် ၎င်း၏သား မောင်လက်ာတို့အား ဘေးအန္တရာယ်ကင်းရှင်းစွာ ကယ်တင်နိုင်ခဲ့သည်။

ဆက်လက်၍ လုံခြုံရေးတပ်ဖွဲ့ဝင်များက အဆိုပါနယ်မြေအားပိတ်ဆို့ရှင်းလင်းခြင်းဆောင်ရွက်ခဲ့ရာ မေလ ၅ ရက် နံနက် ၂ နာရီ ၄၅ မိနစ်တွင် အဆိုပါရပ်ကွက်၊ သုဗောဓာရုံကျောင်းလမ်း လမ်းသွယ်အရောက်၌ မုံရွာမြို့၊ မြို့သစ်ရပ်ကွက်နေ ဇင်ကိုလင်း(ခ) သားချော(၃၃)နှစ်၊ (ဘ) ဦးအောင်ကျော်သန်းနှင့် စက်မှုဇုန်ရပ်ကွက်နေ ကျော်စိုးသူ (၃၃)နှစ်၊ (ဘ) ဦးကျော်မျိုးညွန့်တို့ ၂ ဦးအား MG-1 လက်ပစ်ဗုံး ၁ လုံး၊ ကျည်ကာအင်္ကျီ ၁ ထည်၊ ဆိုင်ကယ် ၁ စီးတို့နှင့်အတူ ထပ်မံဖမ်းဆီးရမိခဲ့ပြီး စစ်ကြောဖော်ထုတ်ချက်အရ သက်အောင်ဖြိုး(ခ) ကောင်းကင်၏ နေအိမ်အရှေ့ မြေကြီးအတွင်းမှဆာလာအိတ်ဖြင့်ပတ်၍ မြှုပ်နှံထားသည့် MA-2 သေနတ် ၁ လက်၊ ဘောက်ဝိုင်း ၁ ခု၊ ၎င်းကျည် ၄၆ တောင့်၊ လက်လုပ်သေနတ် ၂ လက် (ကျည်အိမ်တပ်လျက်)၊ ၎င်းကျည် ၄ တောင့်၊ 91 လက်ပစ်ဗုံး ၁ လုံးတို့အား ဖော်ထုတ်သိမ်းဆည်းရရှိခဲ့သည်။

ထိုသို့ လုံခြုံရေးတပ်ဖွဲ့ဝင်များ၏ အချိန်နှင့်တစ်ပြေးညီ ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများအား ဆောင်ရွက်ခဲ့မှုကြောင့် PDF အကြမ်းဖက်သမားများ၏ ပြန်ပေးဆွဲဖမ်းဆီးချုပ်နှောင်ခြင်းခံထားရသည့် မနိုနိုဦးလွင်နှင့် ၎င်း၏သား မောင်လက်ာတို့ ၂ ဦးအား ဘေးအန္တရာယ်ကင်းရှင်းစွာဖြင့် ပြန်လည်ကယ်တင်နိုင်ခဲ့ကြောင်း၊ အပြစ်မဲ့ပြည်သူများအား ဖမ်းဆီးချုပ်နှောင် အကျပ်ကိုင်ကာ ခြိမ်းခြောက်ငွေတောင်းခံခြင်း၊ ညှဉ်းပန်းနှိပ်စက်ခြင်းများ ပြုလုပ်လျက်ရှိသည့် အကြမ်းဖက်သမားများအား ဖမ်းဆီးရမိခဲ့ကြောင်းနှင့် ဖမ်းဆီးရမိသူများအား ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူနိုင်ရေး မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်းသတင်းထုတ်ပြန်အပ်ပါသည်။　(၁၀၀)




## Open Tender ခေါ်ယူခြင်း

၁။ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်မှ အောက်ဖော်ပြပါ တည်ဆောက်ရေးလုပ်ငန်းဆောင်ရွက်ရန်ရှိပါသဖြင့် မြန်မာနိုင်ငံသားလုပ်ငန်းရှင်များထံမှ တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်-

တနင်္သာရီတိုင်းဒေသကြီး၊ ကော့သောင်းဆိပ်ကမ်းရှိ တော်ဝင်ကွန်ကရစ်ဆိပ်ခံတံတားအား အကြီးစားပြုပြင်မွမ်းမံခြင်းလုပ်ငန်း။

၂။ တင်ဒါပုံစံဝယ်ယူနိုင်သည့် နေ့ရက်နှင့်အချိန် - ၉-၅-၂၀၂၅ ရက်နေ့မှ ၁၅-၅-၂၀၂၅ ရက်နေ့အထိ (ရုံးချိန်အတွင်း)

၃။ တင်ဒါဖွင့်မည့် နေ့ရက်နှင့်အချိန် - ၂၂-၅-၂၀၂၅(ကြာသပတေးနေ့)၊ ၁၃:၀၀ နာရီ

၄။ တင်ဒါပုံစံရောင်းချမည့်နေရာ - အမှတ်-၁၀၊ ပန်းဆိုးတန်းလမ်း၊ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်ရုံးချုပ်၊ တတိယထပ်၊ မြို့ပြအင်ဂျင်နီယာဌာန

၅။ အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ရုံးချိန်အတွင်း ဖုန်း၊ ၀၉-၂၅၇၄၀၆၀၇၁၊ ၀၉-၇၇၉၉၃၂၄၁၁ သို့ မေးမြန်းစုံစမ်းနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့် စိစစ်ရေးကော်မတီ**
**မြန်မာ့ဆိပ်ကမ်းအာဏာပိုင်**

## အများသိစေရန်အသိပေးကြေညာခြင်း

နေပြည်တော်၊ တပ်ကုန်းမြို့၊ ဆရာစံရပ်ကွက်နေ (ဘ)ဦးမြင့်ဝေ၏သမီး ဒေါ်သန္တာဆွေ၊ ၉/တကန(နိုင်)၁၆၈၁၉၅ နှင့် နေပြည်တော်၊ တပ်ကုန်းမြို့၊ မြဝတီရပ်ကွက်နေ(ဘ)ဦးမြင့်သိန်း၏သားဖြစ်သူ ဦးမိုးကျော်လွင်၊ ၉/တကန(နိုင်)၁၆၇၈၄၆ တို့မှာ (၂၉-၂-၂၀၂၄)ရက်နေ့တွင် နှစ်ဖက်အသိသက်သေများရှေ့၌ နှစ်ဦးသဘောတူအကြင်လင်မယားအဖြစ်မှ တရားဝင်ကွာရှင်းပြတ်စဲပြီးဖြစ်ပါကြောင်း အသိပေးကြော်ငြာအပ်ပါသည်။ ထိုကွာရှင်းပြတ်စဲပြီးသည့်နေ့ရက်မှစ၍ တစ်ဦးနှင့်တစ်ဦး မည်သို့မျှပတ်သက်ဆက်နွှယ်ခြင်းမရှိတော့သဖြင့် တစ်ဦးမှတစ်ဦး၏ကိုယ်ရေးကိုယ်တာကိစ္စ၊ ပြဿနာများအား သက်ဆိုင်ခြင်းမရှိတော့သဖြင့် ဖြေရှင်းပေးမည်မဟုတ်ကြောင်း အများသိစေရန် အသိပေးကြော်ငြာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားသူ**
**ဒေါ်သန္တာဆွေ**
**၉/တကန(နိုင်)၁၆၈၁၉၅**

**ဒေါ်သန္တာဆွေ၏လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်သူသူငြိမ်း**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၄၄၂၄)**
**ဂေါ်မိတ်လမ်း၊ အမှတ်(၁)ရပ်ကွက်၊**
**လယ်ဝေးမြို့၊ နေပြည်တော်။**
**၀၉-၂၅၉၂၇၀၆၈၆**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း
## (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ ခရိုင်(၁၄)ခရိုင်အတွင်းရှိ System Improvement လုပ်ငန်းများ၊ ထရန်စဖော်မာနှင့် ဓာတ်အားလိုင်းများတိုးချဲ့ခြင်းနှင့် အစားထိုးခြင်းလုပ်ငန်းများ၊ အရေးပေါ်ထိန်း/ပြင်လုပ်ငန်းများနှင့် ကောင်းကင်ဓာတ်အားလိုင်းများအား မြေအောက်ကြိုးဖြင့် အစားထိုးလဲလှယ်ခြင်းလုပ်ငန်းအတွက် လိုအပ်သောထရန်စဖော်မာနှင့် ဆက်စပ်ပစ္စည်းများ၊ မြေအောက်ကြိုးဆက်စပ်ပစ္စည်းများ၊ Main Transformer များ၊ Tools and Equipment များ၊ ACSR များအား မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်။

၂။ တင်ဒါပုံစံများနှင့်အချက်အလက်များကို ဌာနမှသတ်မှတ်နှုန်းထားအတိုင်း(၇-၅-၂၀၂၅)ရက်နေ့မှစတင်ဝယ်ယူ၍ သတ်မှတ်ရက်အတွင်း လျှောက်ထားရမည်။

၃။ တင်ဒါပိတ်ရက်မှာ (၂၁-၅-၂၀၂၅)ရက်နေ့၊ (၁၄:၀၀)နာရီဖြစ်ပြီး အသေးစိတ်အချက်အလက်များသိရှိလိုပါက ဌာနသို့ရုံးချိန်အတွင်း လာရောက်စုံစမ်းနိုင်ပါသည်။

**တင်ဒါကော်မတီ**

## စာပေမြင့်မှ လူမျိုးတင့်မည်

### ပျောက်ဆုံးကြောင်း
မြတ်သန္တာဦး(ဘ)ဦးစန်းတင့် ၁၄/ပတန(နိုင်)၁၂၄၁၂၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MA 633551)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
**ဖုန်း-၀၉-၄၂၂၄၅၆၅၁၇**

### တစ်ဦးတည်းဖြစ်ပါကြောင်း
ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်၊ ရွှေနှံ့သာကျေးရွာအုပ်စု၊ ပုလဲ(၃)ရပ်ကွက်၊ မြစ်ပါယ်(၂)လမ်း၊ အမှတ်(၄၈၅)နေ မောင်ဝင်းကျော်အောင်၁၂/မဂဒ(နိုင်)၁၃၈၄၈၄ ၏ဖခင်ဦးကြက်တော(ခ)ဦးပု ၈/မသန(နိုင်)၀၃၁၁၁၂ မှာတစ်ဦးတည်းဖြစ်ပါကြောင်း။
**ဦးကြက်တော(ခ)ဦးပု**

### ပျောက်ဆုံးကြောင်း
ဒေါ်ရှောက်လန်(ဘ)ဦးဆူရင်ဆိုင် ၁၃/လရန(နိုင်)၀၅၆၇၆၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
**ဖုန်း-၀၉-၂၅၁၁၇၈၆၀၆**

### ပျောက်ဆုံးကြောင်း
ပြည့်ဖြိုးနိုင်(ဘ)ဦးစိုးတင့် ၁၃/လရန(နိုင်)၁၆၇၂၁၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MA 656922)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
**ဖုန်း-၀၉-၉၇၄၉၂၇၂၉၈**

### ပျောက်ဆုံးကြောင်း
မထီးရန်းဒုဆွဲ(ဘ)ဦးဖွန်နယ်ဆန်း ၅/ကလထ(နိုင်)၁၄၀၁၈၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
**ဖုန်း-၀၉-၄၅၀၂၁၅၁၇၆**

### အမည်မှန်
ပညာမော်ကွန်းကိုယ်ပိုင်အထက်တန်းကျောင်း၊ Grade-7 တွင်ပညာသင်ကြားနေသော (ဘ)ဦးဇော်ထက်၏သမီးဖြစ်သူ မသံသာဟိန်း၏အမည်မှန်မှာ မသီရိဖြစ်ပါကြောင်း။
**မသီရိ**

### ပျောက်ဆုံးကြောင်း
မအေးမြ(ဘ)ဦးသောင်းရွှေ ၃/ဘအန(နိုင်)၀၃၁၅၉၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MC 409584)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
**ဖုန်း-၀၉-၂၅၀၅၁၁၇၇၇**

### ပျောက်ဆုံးကြောင်း
မိုးပြည့်ပြည့်အောင်(ဘ)ဦးကျော်မြင့်ထွန်း ၉/ခမစ(နိုင်)၀၇၄၁၉၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MB 339127)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
**ဖုန်း-၀၉-၆၇၆၉၇၁၁၁၅**

### ပျောက်ဆုံးကြောင်း
အောင်ကိုကို(ဘ)ဦးအောင်ကြီး ၁၂/သကတ(နိုင်)၀၂၁၀၃၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
**ဖုန်း-၀၉-၄၂၀၇၄၁၅၆၂**

### ပျောက်ဆုံးကြောင်း
တင်အောင်ဆွေ(ဘ)ဦးကျော်ငြိမ်း ၁၄/ဘကလ(နိုင်)၃၃၂၆၆၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
**ဖုန်း-၀၉-၇၇၁၄၀၆၄၉၂**

### ဖခင်အမည်မှန်
ပဲခူးတိုင်းဒေသကြီး၊ ဇောင်းတူအုပ်စု မကျီးခုန်ကျေးရွာနေ မောင်မင်းခန့်ဗိုလ်၏ဖခင်အမည်မှန်မှာ ဦးဗိုလ်ဗိုလ် ၇/ပခန(နိုင်)၂၈၅၇၃၇ ဖြစ်ပါကြောင်း။
**ဦးဗိုလ်ဗိုလ်**

### ပျောက်ဆုံးကြောင်း
မသဲဆုနိုင်(ဘ)ဦးသောင်းအေး ၁၂/ကခက(နိုင်)၀၇၂၀၈၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MB 333206)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
**ဖုန်း-၀၉-၆၈၆၇၈၄၉၃၇**

### ပျောက်ဆုံးကြောင်း
ချိုဇင်ငြိမ်း(ဘ)ဦးဇော်လင်း ၈/မလန(နိုင်)၁၁၅၁၃၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
**ဖုန်း-၀၉-၉၇၃၃၅၂၇၆၇**

### ပျောက်ဆုံးကြောင်း
လှဝင်း(ဘ)အွန်ထရန်ရှု(ခ)မောင်ရှု၁၂/လသန(နိုင်)၀၂၁၁၀၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
**ဖုန်း-၀၉-၄၃၁၅၀၃၈၉**

### ပျောက်ဆုံးကြောင်း
အိသွယ်ခိုင်(ဘ)ဦးမြသိန်း ၇/ရတန(နိုင်)၁၀၄၃၇၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MC 545819)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
**ဖုန်း-၀၉-၉၈၀၀၉၉၂၈၀**

### ပျောက်ဆုံးကြောင်း
မောင်ကျော်(ဘ)ဦးကျင်ရွှေ ၁၂/ဒဂတ(နိုင်)၀၆၇၈၃၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
**ဖုန်း-၀၉-၇၉၀၉၃၂၅၉၀**

### ပျောက်ဆုံးကြောင်း
ကြည်ကြည်လွင်(ဘ)ဦးအေးလွင် ၇/ပတတ(နိုင်)၀၇၄၂၆၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
**ဖုန်း-၀၉-၇၈၆၃၅၃၄၀၈**

### ပျောက်ဆုံးကြောင်း
အေးအေးအောင်(ဘ)ဦးကျော်စိုးဝင်း ၅/ခဥန(နိုင်)၁၃၅၇၃၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(ME 975686)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
**ဖုန်း-၀၉-၉၈၀၂၃၆၄၀၃**

### ပျောက်ဆုံးကြောင်း
ညီညီအောင်(ဘ)ဦးမောင်ရေ၁၁/သတန(နိုင်)၀၅၈၃၀၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MA 508105)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
**ဖုန်း-၀၉-၆၈၀၄၇၄၄၄၅**

### ပျောက်ဆုံးကြောင်း
ခင်မို့မို့ငြိမ်း(ဘ)ဦးထွန်းငြိမ်း ၁၂/တတန(နိုင်)၁၀၂၄၇၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
**ဖုန်း-၀၉-၉၇၃၄၄၆၅၁၅**

### ပျောက်ဆုံးကြောင်း
နှင်းအိမွန်(ဘ)ဦးကျော်မန်း ၇/ကကန(နိုင်)၀၈၈၂၁၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MD 910845)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
**ဖုန်း-၀၉-၇၇၅၃၄၂၆၂၃**

### ပျောက်ဆုံးကြောင်း
သိင်္ဂီကျော်ဝင်း(ဘ)ဦးကျော်အေး ၉/အမဇ(နိုင်)၀၂၄၈၃၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
**ဖုန်း-၀၉-၇၅၁၅၉၀၁၃၁**

### ပျောက်ဆုံးကြောင်း
ခင်မျိုးလွင်(ဘ)ဦးကျော်ဦး ၁၂/မဘန(နိုင်)၁၃၅၇၉၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
**ဖုန်း-၀၉-၆၅၂၆၆၆၀၂၄**

### ပျောက်ဆုံးကြောင်း
ဇာနည်ဆွေဦး(ဘ)ဦးဆွေမြင့်ဦး ၁၂/ဗဟန(နိုင်)၀၈၃၀၄၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
**ဖုန်း-၀၉-၆၇၉၅၉၇၅၆၄**

### ပျောက်ဆုံးကြောင်း
ကိုဝင်းအောင်(ဘ)ဦးမောင်ဦး ၇/ပမန(နိုင်)၁၁၂၇၇၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(M 171329)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
**ဖုန်း-၀၉-၄၂၃၇၁၆၉၆၂**

### ပျောက်ဆုံးကြောင်း
သက်ဦးမောင်(ဘ)ဦးသက်နိုင်၇/လပတ(နိုင်)၁၇၉၅၇၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MF 935359)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
**ဖုန်း-၀၉-၆၈၀၂၄၈၈၇၉**

### ပျောက်ဆုံးကြောင်း
အယ်လ်နွဲအောင်(ဘ)ဦးမောင်မောင်အောင် ၁/မကန(နိုင်)၁၃၅၆၉၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(M 254386)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
**ဖုန်း-၀၉-၄၀၇၂၃၀၂၄၅**

### ပျောက်ဆုံးကြောင်း
မြသီတာ(ဘ)ဦးအေးမြင့် ၉/ပမန(နိုင်)၁၉၀၁၀၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
**ဖုန်း-၀၉-၄၄၃၁၆၆၈၅၁**

### ပျောက်ဆုံးကြောင်း
ကျော်ကျော်(ဘ)ဦးညွှန့်မောင် ၁၂/သဃက(နိုင်)၁၄၃၄၆၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
**ဖုန်း-၀၉-၄၄၃၁၆၆၈၅၁**

### ပျောက်ဆုံးကြောင်း
ပြေကောင်းကျော်(ဘ)ဦးစိုးထိုက် ၁၂/အစန(နိုင်)၂၃၆၁၃၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
**ဖုန်း-၀၉-၄၄၃၁၆၆၈၅၁**

### ပျောက်ဆုံးကြောင်း
အိမ့်မေစိုး(ဘ)ဦးမြင့်စိုး ၇/အတန(နိုင်)၁၃၆၈၉၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MH 429039)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
**ဖုန်း-၀၉-၄၅၀၀၄၂၀၈၅**

### ပျောက်ဆုံးကြောင်း
စုဝေစိုး(ဘ)ဦးမောင်မောင်ကြီး ၁၂/လကန(နိုင်)၂၀၅၇၄၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MF 411588)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
**ဖုန်း-၀၉-၄၄၃၁၆၆၈၅၁**

### ပျောက်ဆုံးကြောင်း
ပြည့်ဖြိုးအောင်(ဘ)အောင်မြင့် ၉/တကန(နိုင်)၂၁၁၄၇၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
**ဖုန်း-၀၉-၄၄၃၁၆၆၈၅၁**

### ပျောက်ဆုံးကြောင်း
မဘောမြာ(ဘ)ဦးသန်းအောင် ၁၃/ဖခန(နိုင်)၀၈၇၄၃၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MI 931330)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
**ဖုန်း-၀၉-၄၄၃၁၆၆၈၅၁**

### ပျောက်ဆုံးကြောင်း
လုနန်(ဘ)ဦးဂမ်ရှောင် ၁/မကန(နိုင်)၁၅၆၉၈၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
**ဖုန်း-၀၉-၄၅၀၅၉၉၃၄၅**

### ပျောက်ဆုံးကြောင်း
ငြိမ်းငြိမ်းဝင်း(ဘ)ဦးမောင်ညွှန့် ၇/ကတခ(နိုင်)၁၁၀၀၂၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
**ဖုန်း-၀၉-၄၄၃၁၆၆၈၅၁**

### ပျောက်ဆုံးကြောင်း
ပဲခူးမြို့၊ ကျွန်းသာယာရပ်ကွက်နေ မောင်ဇင်သူ(ဘ)ဦးကြည်လွင် ၇/ပခန(နိုင်)၃၈၉၈၄၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MG 578998) မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
**ဖုန်း-၀၉-၇၈၀၁၁၈၁၁၆**

### ပျောက်ဆုံးကြောင်း
ကဝမြို့နယ်၊ ကသစ်ပင်ကျေးရွာနေ မခင်စပါယ်(ဘ)ဦးသန်းထွန်း ၇/ကဝန(နိုင်)၁၃၁၇၆၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
**ဖုန်း-၀၉-၇၉၂၁၅၆၁၂၅**

### ပျောက်ဆုံးကြောင်း
နေပြည်တော်၊ ပုဗ္ဗသီရိမြို့နယ်၊ နဝဒေးရပ်ကွက်နေ မမျိုးမြင့်မြတ်(ဘ)ဦးသာစို ၁၃/တကန(နိုင်)၃၄၈၉၅၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
**ဖုန်း-၀၉-၇၆၈၆၈၄၆၅၁**

**သစ်တောမှန်လျှင်**
**အသုံးဝင်**
**အစဉ်ထာဝရ**
**ထိန်းသိမ်းကြ**

### ပျောက်ဆုံးကြောင်း
မဝင်းဝင်းသန်း(ဘ)ဦးချိုမောင်၃/ဘအန(နိုင်)၂၅၃၇၄၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
**ဖုန်း-၀၉-၇၇၉၉၂၂၇၀၀**

### ပျောက်ဆုံးကြောင်း
အမ်းမြို့နယ်နေ မရွှေတင်ဆွေ(ဘ)ဦးညာဘီလ် ၁၁/အမန(နိုင်)၀၄၆၆၉၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(M 547383)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
**ဖုန်း-၀၉-၉၆၇၈၂၆၄၇၅**

### ပျောက်ဆုံးကြောင်း
နတ်မောက်မြို့နယ်နေ မောင်ဇော်လင်း(ဘ) ဦးသိန်းမြင့် ၈/နမန(နိုင်)၁၆၄၇၈၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(M182411)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၉၆၇၈၂၆၄၇၅**

❖ နိုင်ငံတစ်ခုတိုးတက်ကောင်းမွန်ရေးအတွက် နိုင်ငံတွင်နေထိုင်ကြသူများက ဆောင်ရွက်ရခြင်းဖြစ်သကဲ့သို့ နိုင်ငံကိုပျက်စီးအောင်လည်း အဖျက်သမားစိတ်ဓာတ်ရှိသည့် ၎င်းနိုင်ငံသားများကပင် အဓိကပြုလုပ်ခြင်းဖြစ် . . .

❖ ဒေသတစ်ခုပျက်စီးစေရန်အတွက် လုပ်ဆောင်ကြသူများမှာ အဆိုပါဒေသတွင်နေထိုင်ကြသည့် ဒေသခံအဖျက်သမားအကြမ်းဖက်များပင်ဖြစ် . . .

❖ အခြားဒေသတွင်နေထိုင်သူများက လာရောက်လုပ်ဆောင်နိုင်ခြင်းမရှိ . . .

❖ ဥပမာပေးရမည်ဆိုပါက **“အရိပ်နေနေ၊ အခက်ချိုးချိုး”** ပြုလုပ်နေသူများဖြစ် . . .

❖ ၎င်းကဲ့သို့အကြမ်းဖက်အဖျက်သမားများကို လူထုအားဖြင့် ကာကွယ်ထိန်းသိမ်းရန်လို . . .

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ၂၀၂၄ ခုနှစ်၊ ဇွန်လ ၇ ရက်နေ့တွင် ပြုလုပ်သော နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအစည်းအဝေး (၃/၂၀၂၄) သို့ တက်ရောက်အမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

၁။ နိုင်ငံရေး

(က) စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကိုတည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA )ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်ရေး။

၂။ စီးပွားရေး

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျိုးဝင်သော စိုက်ပျိုးရေးနှင့်မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး။

(ခ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

(ဂ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်း ထွက်ရှိအောင်ဆောင်ရွက်၍ နိုင်ငံအတွင်းဖူလုံမှုမှသည် ပြည်ပသို့တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

၃။ လူမှုရေး

(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာမြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှုအထောက်အကူပြုပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။

(ခ) တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျိုးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍမြှင့်တင်ဆောင်ရွက်ရေး။

(ဂ) နိုင်ငံ၏ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ်ပါဝင်နိုင်ရေး ဗလငါးတန်နှင့်ပြည့်စုံသော လူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကိုမြှင့်တင်ဆောင်ရွက်ရေး။

# နိုင်ငံတကာမှကူညီထောက်ပံ့သည့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီပစ္စည်းများနှင့်ဆေးဝါးများအား ငလျင်ဘေးဒဏ်သင့်ပြည်သူများထံ အချိန်နှင့်တစ်ပြေးညီ ဖြန့်ဝေပေးလျက်ရှိ

## တရုတ်ပြည်သူ့သမ္မတနိုင်ငံမှလှူဒါန်းမည့် ဒီဇယ်ဆီများကို ပြန်လည်ထူထောင်ရေးလုပ်ငန်းများတွင် အသုံးပြုသွားမည်


စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ ငလျင်ဘေးသင့်ပြည်သူများအား လူသားချင်းစာနာထောက်ထားမှုဆိုင်ရာအကူအညီပစ္စည်းများ ဖြန့်ဝေပေးအပ်စဉ်။

နေပြည်တော် မေ ၅

မတ်လ ၂၈ ရက်က လှုပ်ခတ်ခဲ့သော မန္တလေးမြေငလျင်ကြီးကြောင့်နေပြည်တော်ကောင်စီနယ်မြေ၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်နှင့် ပဲခူးတိုင်းဒေသကြီးတို့တွင် ထိခိုက်ပျက်စီးမှုများဖြစ်ပေါ်ခဲ့ရာ ဘေးသင့်ခဲ့သောပြည်သူများအတွက် ပြည်တွင်း/ပြည်ပ စေတနာရှင်၊ အလှူရှင်များ၏ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာအကူအညီပစ္စည်းများ၊ ဆေးဝါးများလှူဒါန်းထောက်ပံ့မှုနှင့် ဧပြီလ ၂၁ ရက်မှ ၂၇ ရက်အထိ ဘေးသင့်ဒေသများသို့ **စာမျက်နှာ ၂၂ ကော်လံ ၁ ➲**

ဆောင်းပါး

**လူ့စွမ်းအားရင်းမြစ်အညွန့်အဖူးများ လန်းဆန်းရှင်သန်ကြပါစေ**

စာ - ၈ သို့

---

**မွေးမြူသူတောင်သူများဝင်ငွေတိုးစေဖို့ မြန်မာတိုင်းရင်းနွားများကို မျိုးမြှင့်တင်ကြစို့**

စာ - ၇ သို့

**မန္တလေးတိုင်းဒေသကြီး၊ ချမ်းအေးသာစံမြို့နယ်၌ ငွေကျပ်သိန်း ၄၃၅၄ တန်ဖိုးရှိ ရွှေထည်ပစ္စည်းမျိုးစုံနှင့် ငွေများအား ခိုးယူမှုကျူးလွန်ခဲ့သူ တရားခံအမျိုးသားတစ်ဦး၊ သက်သေခံပစ္စည်းများသိုဝှက်သိမ်းဆည်းပေးသူ တရားခံအမျိုးသားနှစ်ဦးနှင့် အမျိုးသမီးနှစ်ဦးတို့အား သက်သေခံပစ္စည်းများနှင့်အတူ ဖော်ထုတ်ဖမ်းဆီးရမိ**

စာ - ၃၀ သို့

# PDF အမည်ခံအကြမ်းဖက်သမားများ၏ ပြန်ပေးဆွဲဖမ်းဆီးခြင်းခံထားရသည့် သားအမိ ၂ ဦးအား လုံခြုံရေးတပ်ဖွဲ့ဝင်များက ဘေးကင်းလုံခြုံစွာ ပြန်လည်ကယ်တင်နိုင်ခဲ့၊ အကြမ်းဖက်သမား ၆ ဦးအား လက်နက်ခဲယမ်းများနှင့်အတူဖမ်းဆီးရမိခဲ့ပြီး အကြမ်းဖက်သမား ၃ ဦးအား အသေဖမ်းဆီးရမိ

နေပြည်တော် မေ ၅

PDF အမည်ခံအကြမ်းဖက်သမားများသည် အပြစ်မဲ့ပြည်သူများအား လက်နက်အားကိုးဖြင့် ဖမ်းဆီးချုပ်နှောင်ခြင်း၊ အကျပ်ကိုင်ခြိမ်းခြောက်၍ ငွေကြေးတောင်းခံခြင်း၊ ညှဉ်းပန်းနှိပ်စက်ခြင်း၊ သတ်ဖြတ်ခြင်းများစသော လူသားချင်းမစာနာသည့် လူမဆန်သောအကြမ်းဖက်မှုများနှင့် ရာဇဝတ်မှုများအား ကျူးလွန်လုပ်ဆောင်လျက်ရှိသည်။

ထိုသို့ကျူးလွန်လျက်ရှိရာ မေလ ၄ ရက်နေ့ မွန်းလွဲ ၁ နာရီခန့်တွင် စစ်ကိုင်းတိုင်းဒေသကြီး၊ မုံရွာမြို့၊ နန္ဒဝန်ရပ်ကွက်၊ ပုဏ္ဏမီလမ်းနေ မနိုနိုဦးလွင်(၃၃)နှစ်သည် ၎င်း၏နေအိမ်နှင့်တွဲလျက်ဖွင့်လှစ်ထားသည့် Blue Liquor House ဆိုင်၌ မိသားစုဝင်များနှင့်အတူရှိနေစဉ် သေနတ်အတိုများကိုင်ဆောင်ထားသည့် PDF အမည်ခံအကြမ်းဖက်သမား ၃ ဦးက ဆိုင်ကယ် ၃ စီးဖြင့် ရောက်ရှိလာပြီး မနိုနိုဦးလွင်နှင့် ၎င်း၏သားဖြစ်သူ မောင်လက်ဘ(၃)နှစ်တို့ ၂ ဦးအား သေနတ်ပြခြိမ်းခြောက်ကာ ဆိုင်ကယ်များဖြင့်တင်ဆောင်၍ နန္ဒဝန်ရပ်ကွက်၊ နယ်မြေ(၈)၊ ကွမ်းခြံဘက်သို့ ပြန်ပေးဆွဲဖမ်းဆီးခေါ်ဆောင်သွားခဲ့ကြောင်း သိရှိရသည်။ **စာမျက်နှာ ၃၀ ကော်လံ ၁ ➢**